The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 24 တနင်္လာနေ့တိုင်းထုတ်ဝေသည် June 26 , 2017

# မြန်မာ–တရုတ် နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ရွှေလီမြို့ရှိဘဏ်များက ယာယီပိတ်သိမ်းခဲ့သည့်

## မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား ပြန်လည်ဖွင့်လှစ်နိုင်




မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်ရာတွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အများဆုံးဆောင်ရွက်ပေးလျက်ရှိရာ ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုကို တရုတ်နိုင်ငံ ရွှေလီမြို့ Agricultural Bank of China, China Construction Bank နှင့် Industrial and Commercial Bank of China ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန်လ ၁၅ ရက်မှစ၍ မြန်မာနိုင်ငံသား ပို့ကုန်/သွင်းကုန် ကုန်သည်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံဘက်မှ ယာယီပိတ်သိမ်းခဲ့သည်။

စာမျက်နှာ - ၁၈ ➢

### မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိ ပဲပြားထုတ်လုပ်သည့် ပင်ရင်းစက်ရုံများအား ရှောင်တခင် ဝင်ရောက်စစ်ဆေး

စာမျက်နှာ - ၁၇ ➢

### အီဂျစ်နိုင်ငံသို့ စားသောက်ကုန်များ တင်ပို့ရာတွင် လိုက်နာရမည့်စံသတ်မှတ်ချက်များ

မြန်မာနိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အီဂျစ်နိုင်ငံသို့ အစားအသောက် ပို့ကုန်များတင်ပို့ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များကို သိရှိနိုင်စေရန် မြန်မာနိုင်ငံရှိ အီဂျစ်သံရုံးမှပေးပို့သည့် အချက်အလက်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။

စာမျက်နှာ - ၈ ➢




Dumex Dugro with Precinutri
သင့်ကလေးရဲ့ အစွမ်းအစကို အကောင်းဆုံး ထုတ်ဖော်လိုက်ပါ။
DHA
lcFOS
Dugro
PreciNutri
အသက် (၂)နှစ်အထက်မှ (၉)နှစ်အထိ ကလေးများအတွက်


Dumex®
Aptamil
SUPER GOLD
DHA
Vitamin D
Calcium
Iron
Iodine
Future success starts today!
အောင်မြင်သောအနာဂါတ်ကို ယနေ့မှစတင်လိုက်ပါ။
NUTRICIA

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံဖြစ်သူ Mr. Chen Chen နှင့်တွေ့ဆုံ၍ တရုတ်နိုင်ငံ၌ ကုမ္ပဏီလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများ ယာယီပိတ်သိမ်းခဲ့မှုကိစ္စအားဆွေးနွေးညှိနှိုင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့ရှိ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံဖြစ်သူ Mr. Chen Chen အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ ဇွန် ၂၀ ရက်တွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၌ လတ်တလောဖြစ်ပေါ်နေသည့် ကုမ္ပဏီလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများကို ယာယီပိတ်သိမ်းမှုများ ဖြစ်ပေါ်နေကြောင်း၊ ၎င်းကိစ္စတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုဆောင်ရွက်နေသော မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်အချို့၏ ဘဏ်စာရင်းများပါရှိခဲ့သည့်အတွက် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းအပေါ် အမြန်ဆုံးအဆင်ပြေချောမွေ့စေရေး ကူညီဖြေရှင်း ဆောင်ရွက်ပေးရန်နှင့် စာမျက်နှာ - ၂၀ ➢



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၇) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၇) အစည်းအဝေးကို ဇွန် ၂၀ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ အရှိန်မြှင့်တင်ဆောင်ရွက်ရာ၌ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်ပေါင်တန်း မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား အထူးလုပ်ငန်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာန၊ စာမျက်နှာ - ၂၀ ➢

# မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ( ၃ / ၂၀၁၇ ) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၃/၂၀၁၇) အစည်းအဝေးကို ဇွန် ၂၁ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ် တင်သွင်းခွင့် စတင်ခွင့်ပြုချိန်မှ ၂၀၁၇ ခုနှစ်၊ မေလထိ စုစုပေါင်းမော်တော်ယာဉ် ပါမစ် ၅၈၇၄၀၂ စီးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါကြောင်း၊ Car Sale Center နှင့် အရောင်းပြခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအား သတ်မှတ်စည်းကမ်း များနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိစစ်ဆေးဆောင်ရွက်နိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးရေး အဖွဲ့များအား ဖွဲ့စည်းစစ်ဆေးခဲ့ပြီး စည်းမျဉ်းစည်းကမ်း လိုက်နာမှုမရှိသော Car Sale Center များ၊ အရောင်းပြခန်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်း တိုးတက်ရန်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာအသီးသီး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုအပိုင်း၊ မှတ်ပုံတင်ခြင်းအပိုင်း၊ အခွန်ပေးဆောင်ခြင်းအပိုင်းများကို လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။ MOC(IR)


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့ပြီး အဇာဘိုင်ဂျန်နိုင်ငံသို့ဈေးကွက်သစ်ရရှိ

ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၇ဒသမ၀၄၉ သန်းတန်ဖိုးရှိဆန်နဲ့ ကောက်ညှင်းဆန် ၂၂၄၇၆ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၈၁၇၁ တန်ကျော်၊ ဧည့်မထဆန် ၆၁၅၃ တန်နဲ့ ကောက်ညှင်းဆန် ၄၆၂ တန်ခန့်တင်ပို့ခဲ့ပြီး ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧည့်မထ ဆန် ၂၃၉ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၃၄၇ တန် တင်ပို့ခဲ့ပါတယ်။မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တော ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၀၄ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ကောက်ညှင်းဆန် ၃၀၄၂၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၉၄၇ တန်တင်ပို့မှု လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၀၂၁သန်း တန်ဖိုးရှိ ဆန်ကွဲ၄၄၉၈တန်ကျော် တင်ပို့ခဲ့ပြီးမူဆယ်မှ ၃၀၅၃ တန်နဲ့ လွယ်ဂျယ်မှ ၁၄၄၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က အဆိုပါ စခန်းနှစ်ခုမှ ဆန်ကွဲ ၆၁၃၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၃၈ တန် တင်ပို့မှုလျော့ ကျခဲ့ပါတယ်။

ဇွန် ၁၁ ရက်မှ၁၇ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၃၃ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် တန် ၁၅၃၂၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အာရှ၊ အာဖရိက၊ ဥရောပ နိုင်ငံများကိုတင်ပို့ပြီး အဇာဘိုင်ဂျန်နိုင်ငံသို့ဈေးကွက်သစ်အဖြစ် တင်ပို့ခဲ့ပါတယ်။ အာရှနိုင်ငံများသို့ တင်ပို့မှုမှာ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၈၇၅ တန်၊ အာဖဂန်နစ္စတန်သို့ ဧည့်မထဆန် တန်၄၀၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် ၅၂၅ တန်နဲ့ ပေါင်းဆန်တန် ၂၀၀၊ သီရိလင်္ကာ နိုင်ငံသို့ ငစိန်ဆန် တန် ၅၀ နဲ့ ဧည့်မထဆန် ၃၇၅ တန်၊ ဟောင်ကောင်သို့ငစိန်ဆန်တန် ၅၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၇၃၀၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် တန်ချိန်၂၅၀၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၉၉၅ တန်၊ ပေါင်းဆန် ၅၇၅ တန်နဲ့ ငစိန်ဆန် တန် ၂၅၀ တင်ပို့ခဲ့ပါတယ်။ ဈေးကွက်သစ်ဖြစ်တဲ့ အဇာဘိုင်ဂျန်သို့ ဧည်မထဆန် ၂၂၅တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ဖြူနဲ့ ပေါင်းဆန် ၄၄၉၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၈၂၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်သာမက ဆန်ကွဲပါ ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၁၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၃၉၄၄ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့မှုများမှာ တောင်အာဖရိကနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀၊ မက်ဒါဂါကာနိုင်ငံသို့ တန်ချိန် ၁၀၀၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၃၀၀၀နဲ့ အီးယူနိုင်ငံများသို့၉၀၄၄ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန် ၁၂၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၇၈၀၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၁၄၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်တဲ့အပြင် ဈေးကွက်သစ်လည်း ထပ်မံရရှိခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## စစ်ကိုင်းတိုင်းဒေသကြီးမှာ နွေစပါးစတင်ထွက်ရှိ

စစ်ကိုင်းတိုင်း ဒေသကြီးတွင် ယခုနှစ်နွေစပါးဧက ၃ ဒသမ ၂ သိန်းကျော်စိုက်ပျိုးခဲ့ပြီး ယခုအခါ နွေစပါးများစတင်ထွက်ရှိနေပြီး ဈေးကွက်သို့ ဝင်ရောက်စ ပြုနေပြီဖြစ်ကြောင်း ရေဦးမြို့ရှိ ဆန်စက်ပိုင်ရှင်တစ်ဦးထံမှ သိရပါတယ်။ IR 747၊ မနောသုခ၊ ဆင်းဧကရီ-၃နှင့် ရွှေသွယ်ရင်စပါးများ အဓိကထား စိုက်ပျိုး ကြောင်း သိရပါတယ်။ IR 747 တစ်တင်းလျှင် ကျပ် ၄၂၀၀-၄၃၀၀၊ အသွယ်စ(ရွှေသွယ်ရင်) တစ်တင်းလျှင် ကျပ် ၄၂၀၀-၄၃၀၀ ဈေးရှိနေပြီး ကာလတူနှင့် နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ်၅၀၀ခန့် ဈေးနိမ့်ကြောင်း သိရပါတယ်။ ယခင်နှစ်က နွေဆန်ကို တရုတ်ဝယ်လက်ရှိခဲ့ပြီး ယခုနှစ်မှာတော့ တရုတ်ဝယ်လက်အေးနေကြောင်း ကုန်သည်များက ပြောပါတယ်။ ယခုနှစ် နွေစပါး စိုက်ပျိုးနိုင်မှုမှာ ယခင်နှစ်ထက် စိုက်ဧက နှစ်သောင်းခန့် လျော့နည်းပြီး နွေစပါးအစား နွေနှမ်းကို ရွှေဘိုခရိုင်မှာ ပိုမိုစိုက်ပျိုးခဲ့ကြောင်း သိရပါတယ်။

**အောင်မင်း (တန့်ဆည်)**

# ဆန်ကြမ်းဝယ်လိုအားများတဲ့အတွက် ဈေးအနည်းငယ်မြင့်တက်

ယခုသီတင်းပတ်အတွင်း ရန်ကုန်မြို့ဆန်ဈေးကွက်မှာ ဆန်ချောဝယ်လိုအားနည်းပြီး ဆန်ကြမ်းဝယ်လိုအားများတဲ့အတွက် ဆန်ကြမ်းဈေးအနည်းငယ်မြင့်တက်လာကြောင်း သိရပါတယ်။ ရန်ကုန်မြို့ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများမှာ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၄၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စ တစ်အိတ်ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၂၀၀၀ မှ ကျပ် ၄၄၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ ဆန်အဝင် ပုံမှန်ရှိပြီး ဝယ်လိုအားနည်းကြောင်းသိရပါတယ်။

ဆန်ကြမ်းဝယ်လိုအားများတဲ့အတွက် နွေဆန်ရက် ၉၀ တစ်အိတ်ကို ကျပ် ၅၀၀ ဈေးတက်ပြီး အိတ်စပို့ ၂၅ မှတ် တစ်အိတ်ကို ကျပ် ၃၀၀ ခန့် ဈေးတက်ကြောင်းသိရပါတယ်။ ဧည့်မထဆန်ထိပ်စ တစ်အိတ်ကျပ် ၁၈၅၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၁၇၀၀၀၊ နွေသီး ထပ်ရှယ်တစ်အိတ်ကျပ် ၁၈၀၀၀ မှကျပ် ၁၉၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၅၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့ ၂၅ မှတ်တစ်အိတ်ကျပ် ၁၆၈၀၀ မှ ကျပ် ၁၇၀၀၀ ဖြစ်ကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

မူဆယ် ဆန်ဈေးကွက်မှာ ယခုတစ်ပတ် တစ်ဖက်နိုင်ငံရဲ့ဝယ်လိုအားနည်းသွားတဲ့အတွက် ဆန်အဝင်လျော့ပြီး ဆန်ဈေးလည်း အနည်းငယ်ကျသွားပါတယ်။ ဧည့်မထ ၅ မှတ် မှော်ဘီတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၂ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါ တစ်အိတ် ၁၃၂ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီ တစ်အိတ် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ မနောသုခ ၁၅ မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၃ယွမ်မှ ၁၁၅ ယွမ်ဖြစ်ပြီး ဧည့်မထတစ်အိတ်ကို တစ်ယွမ်မှ သုံးယွမ်အထိ ဈေးကျပါတယ်။ ငစိန်ကတော့ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်ဆန်အဝင်မှာ ဇွန် ၁၅ရက် မှ ၂၁ ရက်အထိ မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန် ၉၇၆၇ တန် အဝင်ရှိပြီး ဆန်အဝင် သိသိသာသာ လျော့ကျသွားပါတယ်။ တစ်ဖက်နိုင်ငံရဲ့ ဆန်ဝယ်လိုအား အခြေအနေပေါ် မူတည်ပြီး အရောင်းအဝယ်ဖြစ်နေတာ ကြောင့်လို့ သိရပါတယ်။ ဇွန် ၂၃ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၆ ကျပ်ဝန်းကျင်ဈေးရှိပြီး ငွေဈေးငြိမ်နေတယ်လို့ မူဆယ်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၆-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၇၇ | ၄၇၆ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၆၂ | ၄၆၁ | ▽ | ၄၀၀ | ၄၀၀ | □ | ၄၀၀ | ၄၀၀ | □ | ၄၃၄ | ၄၃၄ | □ |
| ဆန်ဖြူ ၁၀% | ၄၅၃ | ၄၅၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၇ | ၄၄၅ | ▽ | ၃၇၅ | ၃၇၅ | □ | - | - | - | ၄၂၂ | ၄၂၂ | □ |
| ဆန်ဖြူ ၂၅% | ၄၃၄ | ၄၃၁ | ▽ | ၃၇၅ | ၃၇၅ | □ | ၃၆၅ | ၃၇၀ | △ | ၃၇၅ | ၃၇၅ | □ |
| ပေါင်းဆန် | ၄၀၆ | ၄၉၃ | △ | - | - | - | ၄၁၀ | ၄၂၀ | △ | ၄၂၅ | ၄၂၅ | □ |

***Source: thairiceexporters***

# ပြည်တွင်းမြို့ကြီးများ၏ (၂၃-၆-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၀၀၀၀ | △ | ၇၇၁၀ | △ | ၃၅၅၀၀ | □ |
| ပဲခူး | ၄၃၀၀ | □ | ၁၈၀၀၀ | △ | ၆၅၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၂၀၀ | □ | ၂၅၀၀၀ | □ | ၁၁၅၀၀ | □ | ၃၈၅၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၈၀ | △ | ၁၆၈၀၀ | △ | - | - | ၃၀၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၄၀၀ | △ | ၃၂၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၄၂၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၈၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ၁၉-၆-၂၀၁၇ မှ ၂၃-၆-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 689 | 38,201,011.994 |
| 2 | Form D | 63 | 3,000,584.350 |
| 3 | Form E | 85 | 2,874,439.880 |
| 4 | Korea GSP | 5 | 157,933.500 |
| 5 | Form AK | 64 | 3,545,048.014 |
| 6 | Form AJ | 11 | 241,300.680 |
| 7 | Form AI | 160 | 9,629,877.920 |
| 8 | Form AANZ | 7 | 42,279.410 |
| 9 | Form DFTP | 2 | 236,198.400 |
| **Grand Total** | | **1086** | **57,928,674.148** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၆-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၆/၆ | ၂၃/၆ | ပြောင်းလဲမှု | ၁၆/၆ | ၂၃/၆ | ပြောင်းလဲမှု | ၁၆/၆ | ၂၃/၆ | ပြောင်းလဲမှု | ၁၆/၆ | ၂၃/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၄၄၂ | ၁၃၆၀ | ▼ | ၁၅၀၀ | ၁၃၆၇ | ▼ | ၁၄၇၅ | ၁၄၃၅ | ▼ | ၁၄၉၀ | ၁၃၉၀ | ▼ |
| ပဲစင်းငုံ | ၁၀၃၅ | ၉၆၃ | ▼ | ၉၉၂ | ၉၀၀ | ▼ | ၉၈၅ | ၉၂၅ | ▼ | ၉၈၅ | ၉၃၅ | ▼ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | ၂၂၄၀ | ၂၀၄၄ | ▼ | ၂၀၅၃ | ၁၈၉၅ | ▼ | ၂၀၀၀ | ၂၀၀၀ | ■ |
| ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၆၅၀ | ■ | ၂၁၄၀ | ၂၁၁၄ | ▼ | ၂၁၃၂ | ၂၁၃၁ | ▼ | ၂၀၃၀ | ၁၉၇၅ | ▼ |
| ပဲလွန်းဖြူ | ၁၄၀၀ | ၁၄၃၀ | ▲ | ၁၅၀၀ | ၁၅၈၃ | ▲ | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၁၇၀၇ | ၁၆၈၉ | ▼ | - | - | - | ၁၄၂၀ | ၁၄၂၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၃-၆-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၆/၆ | ၂၃/၆ | ပြောင်းလဲမှု | ၁၆/၆ | ၂၃/၆ | ပြောင်းလဲမှု | ၁၆/၆ | ၂၃/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၇၀ | ၆၄၀ | ▼ | ၇၅၉ | ၇၀၅ | ▼ | ၇၄၃ | ၆၉၇ | ▼ |
| ပဲစင်းငုံ | ၄၈၀ | ၄၄၀ | ▼ | ၅၆၁ | ၅၁၅ | ▼ | ၆၀၇ | ၅၅၈ | ▼ |
| ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၇၇၄ | - | - | ၇၁၂ | ၆၈၂ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၈၄၄ | ၈၀၅ | ▼ | ၈၃၆ | ၇၉၀ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၀.၆.၁၇)ထိ | ယခုတစ်ပတ် (၁၇.၆.၁၇)ထိ | (၁.၁.၁၇) မှ (၁၇.၆.၁၇) ထိ |
| မတ်ပဲ | ၂၃၂၃၀၁ | ၂၀၀၂၇ | ၂၅၂၃၂၈ |
| ပဲတီစိမ်း | ၈၅၉၅၇ | ၂၄၈၇ | ၈၈၄၄၄ |
| ပဲစင်းငုံ | ၁၃၆၀၇၇ | ၁၄၃၇၂ | ၁၅၀၄၄၉ |
| ကုလားပဲ | ၂၈၈၆၀ | ၄၉၇ | ၂၉၃၅၇ |
| ပဲလွန်းဖြူ | ၁၁၃၆၃ | ၄၆ | ၁၁၄၀၉ |
| မြေထောက်ပဲ | ၇၅၆၃ | ၈၆ | ၇၆၄၉ |

## ပြည်ထောပတ်ပဲဈေး ယခင်နှစ်ဈေးထက် နှစ်ဆပိုရ

ပြည်ပဲဈေးကွက်အတွင်း လက်လီဝယ်ယူမှုအများဆုံးဖြစ်တဲ့ ထောပတ်ပဲ သီးနှံဟာ ဈေးကောင်းရနေတဲ့ သီးနှံဖြစ်ပါတယ်။ ဘိုကိတ်၊ ပဲလွန်းဖြူ ပဲနီပြားသီးနှံများမှာ ကျပ်နှစ်သောင်းကျော်နဲ့ သုံးသောင်းအောက်သာ ဈေးရခဲ့ပြီး ထောပတ်ပဲသီးနှံမှာ ကျပ်သုံးသောင်းအထက် ရရှိခဲ့လို့ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်ပင် ဈေးပိုရခဲ့တာကို တွေ့ရပါတယ်။ လက်လီသမားအချို့ဝယ်ယူတဲ့ အတွက် အိတ်အနည်းငယ် နေ့စဉ်အရောင်းအဝယ်ရှိပါတယ်။ ယခင်နှစ် ဇွန်လအတွင်းက ထောပတ်ပဲသီးနှံဟာတစ်တင်း ကျပ်၁၅၀၀၀ သာရရှိခဲ့လို့ ယခုနှစ်ဈေးက ယခင်နှစ်ဈေးရဲ့ နှစ်ဆခန့် ပိုရခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်း မျိုးပဲအဝယ်လိုက်လို့ ဈေးကောင်းရ

ပြည်ပဲမျိုးစုံဈေးကွက်တွင် ပြည်ပဝယ်လက် ပဲများဖြစ်တဲ့မတ်ပဲ၊ ပဲစင်းငုံ သီးနှံများ အရောင်းအဝယ် ပုံမှန်ဖြစ်သော်လည်း ပဲတီစိမ်းသီးနှံမှာ ပဲထွက်ပေါ်ချိန် ကာလများတွင်သာ အရောင်းအဝယ်အဖြစ်များကြောင်း သိရပါတယ်။

ကျန်ကာလများတွင် ပဲလက်ကျန်မရှိလို့ အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ယခုဇွန်လ တတိယပတ်မှာ မျိုးပဲ ဝယ်ယူသူများရှိလာတဲ့အတွက် အိတ်အနည်းငယ် ပြန်လည် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကိုတွေ့ရပါတယ်။ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းနဲ့ကံမမြို့နယ်များမှလာရောက်ဝယ်ယူလျက်ရှိပြီး မျိုးပဲဈေးမှာ တစ်တင်း ကျပ်၃၅၀၀၀ မှ ကျပ် ၄၀၀၀၀ အတွင်း ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ဇွန်တတိယပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်၌ ဈေးနှုန်းအတက်အကျနည်းကာ အရောင်းအဝယ်ပုံမှန်ဖြစ်

ဇွန်တတိယပတ်မုံရွာ ကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်မှာ ပြည်ပ ဝယ်လက်ပဲများဖြစ်တဲ့မတ်ပဲ၊ပဲစင်းငုံ သီးနှံများ ဈေးအေးပြီး ပုံမှန်အရောင်းအဝယ်ဖြစ်ကာ ပဲတီစိမ်းသီးနှံကတော့ ဈေးအနည်းငယ်ကျဆင်းကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မတ်ပဲသီးနှံမှာ ယခင်တစ်ပတ်က တစ်တင်း ကျပ် ၃၀၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၂၈၇၀၀ နှုန်း ပေါက်ကာ ဈေးနှုန်း အနည်းငယ်ကျဆင်းပြီး နေ့စဉ်အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံ သီးနှံမှာမူ ရာသီကုန်ချိန်ဖြစ်တာကြောင့် လှောင်လက်သမားများနှင့် တောင်သူအချို့၏ လက်ထဲတွင် အနည်းငယ်သာရှိ၍ အဝင်လည်းအနည်းငယ်သာရှိကြောင်း သိရပါတယ်။ အဝယ်နေ့စဉ်ပုံမှန်ရှိပြီး ယခင်တစ်ပတ်က တစ်တင်းကျပ်၁၉၈၀၀ နှုန်းပေါက်ကာ ယခုတစ်ပတ် မှာ တစ်တင်း ကျပ် ၁၈၅၀၀ နှုန်းဖြင့် ဈေးနှုန်း အနည်းငယ် ကျဆင်းပြီးနေ့စဉ်အိတ် ၇၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှုန်းမှာ ကျပ် ၄၈၉၀၀ ရှိလို့ ယခုပေါက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ကျော်လျော့နည်းနေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်း သီးနှံကို အဝင်ရှိသလောက် မန္တလေးဝယ်လက်က ဝယ်ယူနေလို့ အရောင်းအဝယ်သွက်လျက်ရှိကာ ယခုတစ်ပတ်ပေါက်ဈေးမှာ တစ်တင်းကျပ် ၃၆၀၀၀ နှုန်းပေါက်ပြီး ယခင်နှစ်က လတူပေါက်ဈေးမှာ တစ်တင်းကျပ် ၃၁၀၀၀ နှုန်းပေါက်လို့ ယခုနှစ်ဈေးမှာ ဈေးမြင့်နေကြောင်းတွေ့ရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲ၊ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊မြေထောက်ပဲ၊ ဂျုံ၊ စီပီပြောင်း စသည့် သီးနှံများလည်း နေ့စဉ် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကုလားပဲမျိုးစုံ တစ်တင်းပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး V2 ကျပ် ၄၀၅၀၀၊ ထိုင်ဝမ် ကျပ် ၃၇၀၀၀၊ 929 ကျပ်၃၇၈၀၀ နှုန်းပေါက်ပြီးသုံး မျိုးပေါင်းအိတ်၁၀၀၀ ခန့် နေ့စဉ်အရောင်းအဝယ် ဖြစ်ပါတယ်။

ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်က အဝယ်များပြီး 929 နှင့် ထိုင်ဝမ်ကို မုံရွာမြို့နယ် ကြာဆန်စက်၊ ပဲခွဲစက်များနှင့် မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၄၇၀၀၀၊ (သေး) ကျပ် ၄၃၀၀၀နဲ့ ပဲကြော်ဖို သမားများဝယ်ယူလျက်ရှိလို့ နေ့စဉ် အိတ် ၁၅၀ ခန့်၊ စွန်တာနီပဲတစ်တင်း ကျပ်၂၄၀၀၀နဲ့ အိတ်၁၀၀၊ ပဲနီလုံးကြားတစ်တင်း ကျပ် ၂၅၀၀၀နဲ့ အိတ် ၁၀၀ခန့်၊ ထောပတ်ပဲ တစ်တင်း ကျပ် ၂၉၀၀၀နဲ့အိတ်၁၀၀ခန့်၊ မြေထောက်ပဲတစ်တင်း ကျပ် ၃၁၀၀၀ နဲ့အိတ် ၁၀၀ခန့်၊ ဂျုံတစ်တင်း ကျပ် ၂၀၀၀၀နဲ့အိတ် ၈၀၀ခန့်၊ စီပီပြောင်း တစ်တင်းကျပ် ၉၀၀၀နဲ့အိတ် ၁၀၀၀ခန့် အသီးသီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန် ဈေးနှုန်းကျဆင်းနေကြောင်းသိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့်ဘုတလင်၊ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန် တစ်ပိဿာလျှင်ကျပ် ၂၁၅၀နဲ့ အိတ် ၆၀၀ခန့်၊ လုံးဆန်နီတစ်ပိဿာလျှင် ကျပ် ၂၀၅၀နဲ့ အိတ် ၂၀၀ခန့်၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၈၅၀ နဲ့အိတ် ၂၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

## လိုင်းသမားများ အဝယ်ခေတ္တရပ်လို့ ပြည်မြေပဲဆန်ဈေး အနည်းငယ်ပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်ထက်စာရင် ဈေးအနည်းငယ် ပြန်ကျလာတာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှ နေ့စဉ်မပုတ်တဲ့တိုင်အောင် တစ်ခါတစ်ရံ အိတ်၅၀၀-၆၀၀ခန့်ဝင်ရောက်လာပြီး လုံးဆန်(အနီ)သာ မြေပဲလှော်သမားများက ဝယ်ယူသဖြင့် ဈေးကွက်တွင် လုံးဆန် (အနီ) တစ်မျိုးတည်းသာ အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ လုံးဆန်(အဖြူ)နှင့် ဆီကြိတ်မြေပဲဆန်ကို ဆီစက်သမားများနဲ့ အဝယ်လိုင်းသမားများက ယခုတစ်ပတ်တွင် ဝယ်ယူမှု အားနည်းနေသဖြင့် ဈေးမှာလည်း ယခင်တစ်ပတ်ထက် ဈေးကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၉၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၁၀၀ နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးကျလာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## ပြည်ပဲပုပ်ဈေးငြိမ်နေသော်လည်း ယခင်နှစ်ထက်ဈေးကောင်းရ

ယခုကာလမှာ ပဲပုပ်သီးနှံက ပြည်ဈေးကွက်မှာ လက်ကျန်သာရှိတော့တဲ့အတွက် လက်လီရောင်းဝယ်မှုများနဲ့သာ နေ့စဉ်အိတ် အနည်းငယ် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဈေးနှုန်းမှာအခြား ပဲများကဲ့သို့ ဈေးအတက်အကျ သိပ်မဖြစ်ဘဲဈေးငြိမ်ငြိမ်နဲ့သာ နှစ်စဉ်လိုလိုအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခုလအတွင်းမှာလည်း တစ်တင်းကျပ် ၂၇၀၀၀ ဖြင့် ဈေးငြိမ်နေခဲ့ပြီး ယခင်နှစ်ကာလတူကလည်း တစ်တင်းကျပ် ၂၂၀၀၀ဖြင့် တစ်လလုံး ဈေးငြိမ်လျက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ် ။ ဒါကြောင့် ယခုနှစ်မှာ ဈေးငြိမ်နေပေမယ့်ယခင်နှစ်ရဲ့ ဈေးထက်တော့ ကျပ်ငါးထောင်ခန့် ဈေးပိုရနေခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်တွင်းဝယ်လက် ပဲဈေးကွက်အတွင်း ပြည်စားတော်ပဲသီးနှံဈေးအမြင့်ဆုံးရ

ဇွန်လတတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ နေ့စဉ်လက်လီအရောင်းအဝယ်ဖြစ်နေတဲ့ စားတော်ပဲသီးနှံဟာပြည်ပဝယ်လက်ပဲနှင့် ပြည်တွင်း ဝယ်လက်ပဲအချို့ထက် ဈေးကောင်းနေလို့ တစ်တင်းကျပ် ၄၂၀၀၀ ဖြင့် ဈေးကွက်အတွင်း ဈေးကောင်းရလျက်ရှိပါတယ်။ ယခင်နှစ် ဇွန်လအတွင်းက တစ်တင်း ကျပ် ၃၉၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ပြီး မတ်ပဲ ၊ ပဲစင်းငုံ၊ ကုလားပဲ သီးနှံများထက်ဈေးလျော့နည်းပေမယ့် ကျန်လက်လီပဲအားလုံးထက်ဈေးပိုရနေကာ နှစ်စဉ်လိုလို စားတော်ပဲသီးနှံက ဈေးကောင်းနေခဲ့ပါတယ်။ သို့သော်လည်း ပြည်ခရိုင်အတွင်း စားတော်ပဲသီးနှံ စိုက်ဧကနည်းတာကြောင့် အမြောက်အများထွက်ရှိမှုမရှိဘဲ လက်လီရောင်းဝယ်မှုများနဲ့သာ ပုံမှန်ရောင်းဝယ်မှုရှိခဲ့တဲ့ သီးနှံဖြစ်တာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၂ . ၆ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO (1) | အလုပ်အလုပ် |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၁) | - TRANG AN - 05 | သကြားတန် ၁၁၅၀၀ ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | -VTC GLOBE | ဆန် ၁၇၅၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | -BANG PAKAEW | Fertilizer ၆၆၀၀ တန် ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | -SEA MERAY | ဆန် ၁၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | -MARILIA | ဆန် ၂၁၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | -TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | -HAN THAR | Fertilizer ၆၇၀၀ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃ ) | -NAVIOS HORIZON | Steel& City Bus ၂၉၆၃၄ တန် ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | -EVER PROGRESS | Steel& G/C ၂၅၇၅၄ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | -EVER PROGRESS | Steel & G/C ၂၅၇၅၄ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | -AZURIT | Steel & Product ၃၁၁၁၂ တန်ကုန်ချဆဲ |
| နန်းသီတာဆိပ်ကမ်း | -TAUNG GYI | အလုပ်အလုပ် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ASIAN LEADER | Units Vehicle(RO/RO) ၇၂၆တန် ကုန်ချရန် | JAPAN | ၂၂.၆.၂၀၁၇ |
| HAN DE | Project Cargo ၁၀၉၈ တန်ကုန်ချရန် | CHINA | ၂၃.၆.၂၀၁၇ |
| BARGE NO 101 TAISU | | KOREA/SITTWE | ၂၃.၆.၂၀၁၇ |
| LEO STAR-1 | ဆန် ၂၀၅၀၀ တန်ကုန်တင်ရန် | SINGAPORE | ၂၃.၆.၂၀၁၇ |
| DZ QINGDAO | (50)Units Truck & Steel ၃၁၆၉၈ တန်ကုန်ချရန် | CHINA | ၂၃.၆.၂၀၁၇ |
| YU HENG XIAN PENG | Units Vehicle (RO/RO) ၁၅၀ တန် ကုန်ချရန် | CHINA | ၂၃.၆.၂၀၁၇ |
| TUG:SINAR SEMINAR-1 | Fertilizer ၃၀၀၀ တန်ကုန်ချရန် | THAI To KAW THONG | ၂၃.၆.၂၀၁၇ |
| SIGAP | Cement တန် ၈၀၀၀ ကုန်ချရန် | MALAYSIA (2) | ၂၃.၆.၂၀၁၇ |
| BLUE SKY | 7 Unit Contr တန် ၁၃၄ကုန်တင်ရန် | MALAYSIA to MYEIK | ၂၃.၆.၂၀၁၇ |
| DREAM JASMINE | Units Vehicle(RO/RO) ၆၄၃ တန် ကုန်ချရန် | JAPAN | ၂၆.၆.၂၀၁၇ |
| MAJESTY | ဆန် ၂၅၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၂၆.၆.၂၀၁၇ |
| CALIMERO | Steel တန် ၁၆၀၀၀ ကုန်ချရန် | CHINA | ၂၈.၆.၂၀၁၇ |
| VIKING CHANCE | Units Vehicle(RO/RO) ၁၄၄၈ တန် ကုန်ချရန် | JAPAN | ၂၈.၆.၂၀၁၇ |
| INTREPID | Coal ၂၈၀၀၀ တန် ကုန်ချရန် | S/AFRICA | ၂၉.၆.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DAWEI | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း၊ | ၂၃.၆.၂၀၁၇ |
| EVER APEX | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂၃.၆.၂၀၁၇ |
| CHINDAWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၆.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၆.၂၀၁၇ |
| SAN GIORGO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၃.၆.၂၀၁၇ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၃.၆.၂၀၁၇ |
| ARCA | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၃.၆.၂၀၁၇ |
| X-PRESS YAMUNA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၆.၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၆.၂၀၁၇ |
| TYGRA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၅.၆.၂၀၁၇ |
| TOVE MAERSK | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၆.၆.၂၀၁၇ |
| MV.CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၆.၂၀၁၇ |
| MV.ANAN BHUN | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၆.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GREAT PRINCESS | ဒီဇယ်ဆီ | - | ၂၁.၆.၂၀၁၇ |
| MT.OCEAN GULL | ဒီဇယ်ဆီ | - | ၂၂.၆.၂၀၁၇ |
| MT.PRIMROSE | P'Oil | - | ၂၃.၆.၂၀၁၇ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၂၃.၆.၂၀၁၇ |
| MT.INTAN PREMIER | ဒီဇယ်ဆီ | SINGAPORE | ၂၃.၆.၂၀၁၇ |
| MT.AIM | P'Oil | MALAYSIA | ၂၄.၆.၂၀၁၇ |
| MT.GOLDEN CONVENANT | ဒီဇယ်ဆီ | SINGAPORE | ၂၄.၆.၂၀၁၇ |
| MT.CORVUS | P'Oil | INDONESIA | ၂၄.၆.၂၀၁၇ |
| T.FLY GURNARD | MOGAS 92 RON | SINGAPORE | ၂၄.၆.၂၀၁၇ |
| MT.WHITE SHARK | ဒီဇယ်ဆီ | SINGAPORE | ၂၅.၆.၂၀၁၇ |
| MT.BTS CAPELLA | MOGAS 92 RON | SINGAPORE | ၂၅.၆.၂၀၁၇ |
| MT.GAEA | ဒီဇယ်ဆီ | SINGAPORE | ၂၆.၆.၂၀၁၇ |
| MT. GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၂၇.၆.၂၀၁၇ |
| MT.VIET STAR | P'Oil | INDONESIA | ၃၀.၆.၂၀၁၇ |

# ဇွန်တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာပဲကြီးဈေးအမြင့်ဆုံးရ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံ ဈေးငြိမ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဇွန်တတိယပတ်တွင် ပြည်တွင်းပြည်ပဝယ်လက်ပဲများ ဈေးအတက်အကျ သိပ်မရှိဘဲ ဈေးငြိမ်နေတာတွေ့ရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ ရန်ကုန်ဝယ်လက်က ဝယ်ယူနေသော်လည်း မတ်ပဲသီးနှံသာ နေ့စဉ်အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံသီးနှံက ရက်ခြားသာအရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မတ်ပဲသီးနှံမှာ နေ့စဉ် ပဲအဝင်ရှိခဲ့ပြီး အိတ် ၂၀၀ ကျော် ၃၀၀ ဝင်ရောက်ခဲ့သလို လှောင်ပဲများ ရှိနေသော်လည်း ပဲဈေးအေးနေတဲ့အတွက် ရောင်းချမှုနည်းခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက် ဝယ်ယူမှုအပေါ် တစ်ရက် အိတ် ၃၀၀ ကျော်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၈၅၀၀ ဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်ပဲများရှိခဲ့သော်လည်း အိတ် ၁၅၀၊ ၂၀၀ ခန့် ရက်ခြားအရောင်းအဝယ် ဖြစ်ခဲ့ကာ ရန်ကုန်ဝယ်လက်ကသာ ဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ပဲဈေးမှာတစ်တင်းကျပ် ၁၉၈၀၀ ဖြင့် ယခင်တစ်ပတ်က ဈေးထက်အနည်းငယ်သာ ပိုလာခဲ့ပါတယ်။ ယခင်တစ်ပတ်ကတစ်တင်းကျပ် ၁၉၅၀၀ ဖြင့်ရောင်းဝယ်ခဲ့ကြလို့ မေလဆန်းကဈေးထက်လျော့နည်းနေခဲ့တာကိုလည်းတွေ့ရပါတယ်။ ယခင်နှစ်က ဇွန်တတိယပတ်တွင် တစ်တင်း ကျပ် ၄၉၀၀၀ ကျော် ရရှိနေခဲ့တဲ့အတွက်ယခုနှစ်ဈေးကတော့ယခင်နှစ်ထက်ကျပ်သုံးသောင်းခန့်ထိ ဈေးလျော့နည်းကျဆင်းခဲ့ကြောင်းသိရပါတယ်။

ပဲကြီးသီးနှံမှာ တစ်ရက်အိတ် ၂၀၀-၃၀၀ကျော်၊မင်းတုန်း၊ ကံမ၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ ပဲအဝင် နေ့စဉ်ရှိနေခဲ့ပြီး လက်ကျန်ပဲများ ရှိခဲ့တာကြောင့် ပဲကြော်ဖိုလုပ်ငန်းသမားများ နေ့စဉ်ဝယ်လိုအားရှိမှုအပေါ် အိတ် ၃၀၀ ကျော်ခန့် ရွှေကျွန်းရော ကမ်းနားပါ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးငြိမ်နေတာကြောင့် ရွှေကျွန်း တစ်တင်းကျပ် ၄၈၀၀၀၊ ကမ်းနား တစ်တင်း ကျပ် ၄၆၀၀၀ ဖြင့်သာ ရောင်းဝယ်နေခဲ့ကြတာကို တွေ့ရပါတယ်။

ပဲပုပ်သီးနှံမှာ ယခုအချိန်တွင် လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့လို့ လက်ကျန်ပဲအနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးငြိမ်လျက်ရှိပြီး တစ်တင်း ကျပ် ၂၆၅၀၀ ဖြင့် ရောင်းဝယ်နေကြသလို ထောပတ်ပဲသီးနှံမှာ လက်ကျန်ပဲများဖြင့် အိတ်၃၀ကျော် လက်လီဝယ်ယူသူများနဲ့ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကာ တစ်တင်းကျပ် ၃၁၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုရလာခဲ့ပါတယ်။

စားတော်ပဲသီးနှံမှာ လက်လီပဲဈေးကွက်အတွင်း အမြင့်ဆုံးရနေလို့ တစ်တင်းကျပ် ၄၂၀၀၀ ရလျက်ရှိကာ ပဲလွန်းဖြူ၊ ပဲပုပ်၊ ပဲနီပြား စသည့်ဒေသတွင်း လက်လီ ဝယ်ယူမှုများတဲ့ ပဲများထက် ဈေးပိုရနေတာ တွေ့ရပါတယ်။ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံ၊ သီးနှံများထက်လည်း ဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဇွန်တတိယပတ်တွင် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံများ အရောင်းအဝယ်သွက်တယ်လို့မဆိုနိုင်သော်လည်း ပုံမှန်ရောင်းဝယ်မှုများရှိကာ ကျန်ပဲများကတော့ ပဲအဝင်မရှိဘဲ လက်ကျန် ပဲအနည်းငယ်ဖြင့်သာ လက်လီရောင်းဝယ်နေခဲ့ကြကြောင်း သိရပါတယ်။ ဈေးနှုန်းများမှာ ပဲကြီးသီးနှံ ဈေးအမြင့်ဆုံးရလျက်ရှိပြီး စားတော်ပဲသီးနှံက ဒုတိယဈေးအမြင့်ဆုံးရခဲ့ကာ ကုလားပဲသီးနှံကလည်း တတိယအများဆုံးရနေခဲ့ပြီး ကျန်ပဲများ ဈေးအေးနေခဲ့တယ်လို့ သိရှိရပါတယ်။

**ခင်ဆွေဝင်း**

# စစ်ကိုင်းတိုင်းဒေသကြီးမှာ မိုးပဲတီစိမ်းနှင့်ပဲစင်းငုံ ယခင်နှစ်ထက် စိုက်ဧကပို

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ်ပဲတီစိမ်း (မိုးစမိုးကြို) စိုက်ဧက ၄ ဒသမ ၂ သိန်းကျော် လျာထားပြီး ဇွန်လတတိယပတ်မှာ စိုက်ဧက နှစ်သိန်းကျော်ရှိပြီး ယခင်နှစ်ကာလတူထက် စိုက်ပျိုးဧက ၈၀၀၀ ကျော် ပိုမိုခဲ့ကြောင်း သိရပါတယ်။ ထို့ပြင် ပဲစင်းငုံစိုက်ဧက ၅ ဒသမ ၅ သိန်းကျော် စိုက်ပျိုးရန် လျာထားပြီး ယခု အချိန်ထိ ဧက ၂ ဒသမ ၂ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး၄၀ ဒသမ ၈၅ရာခိုင်နှုန်း စိုက်ပျိုးပြီးကြောင်းသိရပါတယ်။ ယခင်နှစ် ကာလတူထက် ပဲစင်းငုံဧက ၈၀၀၀ ကျော် စိုက်ပျိုးနိုင်ပြီး သီးနှံပေါက် ဈေးမှာ ပဲတီစိမ်းတစ်တင်းကျပ် ၂၈၀၀၀ -၃၀၀၀၀ ၊ ပဲစင်းငုံ တစ်တင်းကျပ် ၂၀၀၀၀ ကျော်ရှိနေပြီး ယခုနှစ်မှာ ပဲစင်းငုံဈေးအေးနေကြောင်း ကုန်သည်များထံမှသိရပါတယ်။

**အောင်မင်း(တန့်ဆည်)**

# မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးနှုန်းဆက်တိုက်ကျဆင်း

မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ဈေးနှုန်း ဆက်တိုက်ကျဆင်းနေကြောင်း သိရပါတယ်။ ဈေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ်ကတော့ ပုံမှန်ရှိနေကြောင်းသိရပါတယ်။ မြေပဲဆန်များကို မုံရွာကုန်စည်ဒိုင်သို့ ဟုမ္မလင်း၊ ဖောင်းပြင်၊ မင်းကင်းမြို့နယ်များမှ ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၁၅၀နဲ့အိတ်၆၀၀၊ လုံးဆန်နီ ကျပ်၂၀၅၀နဲ့ အိတ်၂၀၀၊ ဆီဆန် ကျပ်၁၈၅၀နဲ့ အိတ် ၂၀၀ခန့် အသီးသီးအရောင်းအဝယ်ကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက်ရှိကာ လုံးဆန်နီကို မန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့်ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မြေပဲဆန်ပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူ တစ်ပိဿာ ကျပ် ၂၂၀၀၊ လုံးဆန်နီတစ်ပိဿာ ကျပ်၂၁၂၅၊ ဆီဆန်တစ်ပိဿာ ကျပ်၁၉၀၀နှုန်းပေါက်ကာ ယခုတစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ဆက်လက်ကျဆင်းနေကြောင်းသိရတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**

# ပုသိမ်မြို့တွင်း ဆန်စပါးဈေးကွက်တွင် ပေါ်ဆန်းဈေးအတက်အကျမရှိဘဲ ညွှဲမထ မိုး၊ နွေ ဆန်ဈေးအနည်းငယ်မြင့်တက်

ပုသိမ်မြို့တွင်းရှိ ဆန်စပါးဈေးကွက်တွင် ယခင်တစ်ပတ်က ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင်တင်း ၁၀၀လျှင်ကျပ် ၁၀သိန်း၊ဆန်တစ်အိတ်လျှင်ကျပ်၃၆၅၀၀၊ ပေါ်ဆန်းရင် ၁၀၅ ပေါင် တင်း ၁၀၀ ကို ကျပ်ရှစ်သိန်းရှစ်သောင်း၊ ဆန်တစ်အိတ်လျှင် ကျပ် ၃၅၀၀၀နှင့်ရောင်းဝယ်လျက်ရှိပြီး ရွှေသွယ်စပါး ပေါင် ၁၀၀ တင်း ၁၀၀ လျှင် ကျပ် ခုနစ်သိန်း၊ ဆန်တစ်အိတ်လျှင်ကျပ်၂၇၀၀၀၊မီးကောက်စပါးပေါင် ၁၀၀၊ တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းနှစ်သောင်း၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊မနောသုခစပါးပေါင် ၁၀၀၊ တင်း ၁၀၀ လျှင် ကျပ်ငါးသိန်း၊ ဆန် တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ နှင့် သီးထပ်နွေစပါးပေါင် ၁၀၀ တင်း ၁၀၀ လျှင် ကျပ်လေးသိန်းငါးသောင်း၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၈၅၀၀ ဈေးဖြင့် ဇွန်လဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

ယခုလက်ရှိဈေးကွက်တွင် ပေါ်ဆန်း၊ ရွှေသွယ်လေး၊ မီးကောက်စပါးဆန်ဈေးနှုန်းမှာ အပြောင်းအလဲ မရှိဘဲ ဈေးကွက်တွင် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ အများစားသုံး၍ ဈေးကွက်တွင် ဈေးတန်းအနည်းငယ်နိမ့်ပြီး အရောင်းအဝယ်အများဆုံးဖြစ်သော မိုးမနောသုခနှင့် နွေသီးထပ်ရင်စပါးဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်းပြောင်းလဲမှုမရှိသော်လည်းဝယ်လိုအားမြင့်တက်လာမှုကြောင့် မိုးမနောသုခဆန်တစ်အိတ်လျှင် ယခင် ကျပ်၁၉၀၀၀မှယခုကျပ်၂၀၀၀၀၊နွေသီးထပ်ရင် ဆန်တစ်အိတ်လျှင် ယခင် ကျပ် ၁၈၅၀၀ မှ ယခု ကျပ် ၁၉၅၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀ နှုန်းခန့် ဈေးနှုန်းမြင့်တက်သွားကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

**မင်းမင်းဦး(ပသ)**

## ကြက်သွန်

### နယ်စပ်စခန်းစုံမှ ကြက်သွန်နီတင်ပို့

ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၈သန်း တန်ဖိုးရှိ ကြက်သွန်နီ ၄၄၆ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၇၅၀နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၀၄တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၀၂၀၀ တန်ဖိုးရှိကြက်သွန်နီ ၂၄ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း မြဝတီမှ ၂၄ တန်တင်ပို့ခဲ့ပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၁၀၄၃၇ တန်ဖိုးရှိကြက်သွန်နီ ၂၈ တန်နဲ့ အမေရိကန် ဒေါ်လာ ၇၄၀၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၅၀ တင်ပို့ခဲ့ပါ တယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ကြက်သွန်နီတင်ပို့မှုမရှိဘဲ ကြက်သွန်ဖြူ ၁၈၅ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ဇွန် ၁၄ရက်က ကြက်သွန်နီ (ဆိပ်ဖြူ) တစ်ပိဿာ ၉၂၅ ကျပ် - ၁၂၅၀ ကျပ်ဈေးရှိပြီး ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာ ကျပ် ၁၈၅၀ ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### မိုးဆက်တိုက်ရွာသွန်းနေတာကြောင့် ပြည်ကြက်သွန်ဖြူဈေးကွက်အရောင်းအေး

ဇွန်စတုတ္ထပတ်တွင် ပြည်မြို့၌ မိုးအဆက်မပြတ် ရွာသွန်းနေတာကြောင့် အရောင်းအဝယ်အေးနေတာ တွေ့ရပါတယ်။ တရုတ်ကြက်သွန်ဖြူ ကြူကုတ်စနှင့် ရှမ်းစဈေးနှုန်းတွေ ပြောင်းလဲမှုမရှိပေမယ့် ကြူကုတ်စကတော့ လုံးချော၊ ဆိုဒ်ချော အရည်အသွေးကောင်းကာ ဈေးနှုန်းလည်းသင့်တာကြောင့် အရောင်းအဝယ်အနည်းငယ်ဖြစ်ကြောင်း သိရပါတယ်။ အရောင်းအဝယ်အေးနေတာကြောင့် ယခုတစ်ပတ် ကြက်သွန်ဖြူဈေး အနည်းငယ်ထပ်ကျလာတာလည်းတွေ့ရပါတယ်။ ပြည်(ပွဲရုံ) ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ရှမ်းစ တစ် ပိဿာလျှင် ကျပ် ၃၅၀၀၊ ကျပ်၃၈၀၀ တို့ဖြစ်ပြီး ကြူကုတ်စ ကျပ် ၂၂၀၀ ဖြစ်ပါတယ်။ ဒေသတွင်း လက်လီ ဈေးကွက်များတွင် (ရှမ်း)တစ်ပိဿာလျှင် ကျပ် ၄၄၀၀ မှ ကျပ် ၄၈၀၀ အထိရှိပြီး ကြူကုတ်စကတော့ ကျပ် ၂၆၀၀နဲ့ရောင်းချလျက်ရှိနေပါတယ်။ အရောင်းအဝယ်အေးတာကြောင့် ဒေသတွင်းဈေးများမှာ ယခင်တစ်ပတ်ကထက် ထပ်မံဈေးကျလာတာ တွေ့ရပါတယ်။ ပွဲရုံတွင်းအိတ်ဆွဲဈေးကတော့ တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဈေးဖြင့် ရောင်းချလျက်ရှိကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

### ပြည်ကြက်သွန်နီဈေးနှုန်းမြင့်တက်သလို အရောင်းအဝယ်လည်းအေးနေ

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး ဇွန်လဆန်းပိုင်းမှစ၍ ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာတာတွေ့ရပါတယ်။ ဝင်ရောက်မှုအနေနဲ့ နေ့စဉ်ပိဿာ ၃၀ ဝင်အိတ် ၂၀၀ခန့် ပုံမှန်ဝင်ရောက်နေပြီး ရေနံချောင်း၊ ပခုက္ကူ၊ ဆိပ်ဖြူစသဖြင့် နယ်စုံ မှ ကြက်သွန်နီများဝင်ရောက်နေတာတွေ့ရပါတယ်။ အရောင်းအဝယ်အနေနဲ့ ဈေးနှုန်းလည်းမြင့်သလို မိုးများသည့်ကာလလည်းဖြစ်သဖြင့် အရောင်းအဝယ်မှာ မိုးနှင့်အတူ အေးနေတာတွေ့ရပါတယ်။ ဒေသတွင်းဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင် ပြည်နယ်တို့သို့ တင်ပို့မှု အပါအဝင် တစ်နေ့ကိုပိဿာ ၃၀ ဝင်အိတ် ၁၄၀ မှ ၁၅၀ ခန့်သာရှိ၍ အရောင်းအဝယ်မှာ သိသိသာသာအေးနေကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်များနှင့် ထိုင်းဝယ်လက်များက ကြက်သွန်နီ အဓိကစိုက်ပျိုးထွက်ရှိရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့သို့ တိုက်ရိုက်ကွင်းဆင်းပြီး ဈေးကောင်းပေးကာ ဝယ်ယူနေတဲ့အတွက် ဈေးနှုန်းများမြင့်တက်ရခြင်းဖြစ်ကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါတယ်။ ဈေးနှုန်းအားဖြင့် ပြည်ပွဲရုံလက်ကားဈေးတစ်ပိဿာ (ကြီး/လတ်) ကျပ် ၁၂၀၀ - ၁၂၅၀-၁၃၀၀၊ (အသေးစ) ကျပ် ၁၀၀၀-၁၀၅၀-၁၁၀၀ ရှိပြီး၊ လက်လီဈေးအသေးများတွင် (ကြီး/လတ်) ကျပ် ၁၃၀၀-၁၄၀၀-၁၅၀၀၊ (အသေးစ)ကျပ် ၁၁၀၀ - ၁၂၀၀ တို့နှင့်အသီးသီး ရောင်းဝယ်လျက်ရှိနေတာတွေ့ရပါတယ်။ ယခုဖြစ်ပေါ် လျက်ရှိတဲ့ဈေးနှုန်းမှာ အောက်ဖော်ပြပါ ယခင်နှစ်ကာလတူဈေးနှုန်းနှင့်နှိုင်းယှဉ်ကြည့်ပါက ကြက်သွန်နီ သီးနှံအနေနဲ့ ဈေးကောင်းရလျက်ရှိနေကြောင်းသိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

| လအမည် | ကြက်သွန်နီ(အလတ်စ) ကာလတူဈေးနှုန်း | | | |
|---|---|---|---|---|
| | ၂၀၁၆ | | ၂၀၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ဧပြီ | ၃၅၀ | ၅၀၀ | ၈၀၀ | ၁၀၀၀ |
| မေ | ၄၇၀ | ၆၀၀ | ၉၅၀ | ၁၂၀၀ |
| ဇွန်(တတိယပတ်) | ၆၀၀ | ၇၀၀ | ၁၂၀၀ | ၁၄၀၀ |

## ချင်း

### တရုတ်နယ်စပ်ရော၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှပါ ချင်းတင်ပို့

ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ ချင်းစို ၁၁ တန်နီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က လွယ်ဂျယ်မှ ချင်းတင်ပို့မှု မရှိခဲ့ပါဘူး။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၁၀၀၃ တန်ဖိုးရှိ ချင်းစို ၉၄ တန်နီးပါးကို ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇၇ တန်နဲ့ နှိုင်းယှဉ်ပါက တန် ၈၀ ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

### ရှမ်းချင်းအဝယ်သွက်နေ

အောင်ပန်းဈေးကွက်သို့ အောင်ပန်းမြို့နယ်တစ်ဝိုက်ရှိ ကျေးရွာများမှ ချင်း(ဥမ)တွေ အများအပြားဝင်ရောက်နေပါတယ်။ ဒီနှစ်က မိုးပုံမှန်ရွာသွန်းတာကြောင့် ချင်း(ဥမ)တွေကို ပုံမှန်ဖော်ဖြစ်လို့အဝင်ကလည်း ကောင်းလာတယ်လို့ သိရပါတယ်။ ရှမ်းချင်းကို တရုတ်နိုင်ငံဝယ်လက်က ပိဿာချိန်တစ်သောင်းခန့် အဝယ်ရှိနေပါတယ်။ ချင်းတက်တွေကတော့ ကုန်သလောက်ဖြစ်နေပြီး အချို့ပွဲရုံတွေမှာဆို လက်ကျန်တောင်မရှိတော့ဘူးလို့ သိရပါတယ်။ ချင်း(ဥမ)တွေ ဈေးကွက်ကိုဝင်လာတော့ အခက်တွေကလည်းဈေးကျသွားပါတယ်။

ချင်း(ဥမ)တွေလည်း အဝယ်လိုက်နေပါတယ်။ ဝယ်လက်တွေကတော့ရန်ကုန်၊ တောင်ကုတ်၊ မကွေးဝယ်လက်တွေဖြစ်ပြီး တောင်ကုတ်ဝယ်လက်က ပြည်ပတင်ပို့ဖို့အတွက်အများဆုံး ဝယ်ယူနေတယ်လို့ဈေးကွက်မှ သိရပါတယ်။ မကွေးဝယ်လက်တွေကတော့ ထိုးချင်းအတွက်ဝယ်ယူတာကြောင့် တစ်ခါဝယ်ပါက ပိဿာချိန် ၁၅၀ ခန့်သာအဝယ်ရှိတယ်လို့ဆိုပါတယ်။ ချင်း(ဥမ)တွေကတော့ ချင်းတက်လောက် အထားမခံတာကြောင့် လှောင်လက်တွေကလည်း ကြာကြာဝယ် မလှောင်ထားချင်ကြပါဘူး။ ဥမကနှစ်လ၊ သုံးလခန့်သာအထားခံတယ်လို့သိရပါတယ်။ ချင်းခြောက်ကတော့ ဒီတစ်လလုံးအရောင်း အဝယ်မဖြစ်ပါဘူး။ ပွဲရုံတွေက ဝယ်ပြီးသာလှောင်ထားရတယ်လို့သိရပါတယ်။ ဒီတစ်ပတ်အောင်ပန်း ဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးတွေက ချင်း(ဥမ)ဆိုရင် ကျပ် ၂၈၀ မှ ၂၉၀၊ အခက်ကကျပ် ၃၀၀ မှ ၃၅၀နဲ့ချင်းခြောက်က ကျပ် ၁၁၀၀ မှ ၁၂၀၀ ဈေးရှိတယ်လို့ ဒေသခံပွဲရုံတွေထံမှ သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကွက် အဝင်အေး၊ အရောင်းအဝယ်အေး

ပြည်ဈေးကွက်အတွင်း ယခုတစ်ပတ်တွင် အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများအဝင်မရှိသလောက်ဖြစ်နေပါတယ်။ ယခုအချိန်မှာ မိုးများ၍ အချို့မြို့နယ်များတွင် ရေလွှမ်းမိုးခံနေရပါတယ်။ အရောင်းအဝယ်အေးနေပြီး ဒေသတွင်းလက်လီ အရောင်းအဝယ်သာရှိနေတာကြောင့် အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ပါတယ်။ ယခုတစ်ပတ် ချင်းတစ် ပိဿာ (ဂွန်) ကျပ် ၆၀၀ မှ ကျပ် ၇၀၀ ရှိပြီး၊ (ရှယ်) ကျပ်၉၀၀ မှ ကျပ် ၁၁၀၀တို့ဖြင့်ရောင်းဝယ်လျက်ရှိပါတယ်။ ပြည်ချင်းဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်တွင်လည်း မိုးများအဆက်မပြတ် ရွာသွန်းနေတာကြောင့် အနည်းငယ်သာ တင်ပို့နိုင်ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**



### ပင်လယ်ရေကြောင်းမှ ချင်းပိုမိုတင်ပို့

ဇွန်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၂၂၁ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်စင်ကာပူနိုင်ငံသို့ ၅၄ တန်၊ သီရိလင်္ကာနိုင်ငံသို့ ၈ ဒသမ ၅ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၅၉ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်း ၅၅ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၆၀ ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၇၅၆၇ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း**(DOT)

## နနွင်း

### ရှမ်းနနွင်းလက်လီဈေး ပတ်သမားသာအဝယ်ရှိ

အောင်ပန်းဈေးကွက်မှာ ရှမ်းနနွင်း အဝင်မရှိတော့ပါဘူး။ အရင်က ဝယ်ထားတဲ့နနွင်းတွေကိုသာ အရောင်းအဝယ်လုပ်နေရတယ်လို့လည်းသိရပါတယ်။ ပြည်ပဝယ်လက်တွေကတော့ နားနေပါတယ်။ ပြည်ပတင်ပို့နေတဲ့ ဖြိုးကျော် ကုမ္ပဏီကတော့ နနွင်း၊ ချင်းပေါ်ချိန်မှာဝယ်ယူပြီး အစိုကိုချပ်ပြားလုပ်ပြီး ပြည်ပတင်ပို့ဖို့ လုပ်နေတာကြောင့် ဝယ်ယူမှုများပါတယ်။ အခုလောလောဆယ်တော့ ပြန်စိုက်ပျိုးချိန်ရောက်နေတာကြောင့် ဝယ်ယူမှုကို ခဏနားထားတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နနွင်းကလက်လီ၊ ဈေးပတ်သမားဝယ်ယူတာလောက်ပဲ အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။

အချို့လှောင်လက်သမားတွေကတော့ နနွင်းအသစ်မပေါ်ခင်မှာ နနွင်းတွေကို ဝယ်ယူစုဆောင်းနေတာလည်းရှိတာကြောင့် အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေပါတယ်။ ဒီတစ်ပတ်ဈေးကွက်မှာ တောင်ပို့လ(စ)က ကျပ်၁၃၀၀ ရှိပြီး ဆင်တောင်နနွင်းကတော့ တစ်ပိဿာကို ကျပ် ၂၇၀၀မှ ၃၀၀၀ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### မူဆယ်မှ နနွင်းတက်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၄၆၃၂ တန်ဖိုးရှိနနွင်းတက်(ရှမ်းစ) ၂၇၈ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့၁၂၆ တန် ကျော်နဲ့ နှိုင်းယှဉ်ပါကတန် ၁၅၀ ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခင်ရက်သတ္တပတ်က မြဝတီမှ နနွင်းတက် ၃၆ တန်ကျော် တင်ပို့ခဲ့ပြီး ယခုတစ်ပတ် မြဝတီမှ နနွင်းတင်ပို့မှု မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ(ငွေလဲနှုန်းအရ)ကျပ် ၉၅၃၉၂၀ ဈေးခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

### အိန္ဒိယနိုင်ငံသို့ပင်လယ်ရေကြောင်းမှ မန်ကျည်းစေ့ တန် ၁၀၀ တင်ပို့

ဇွန်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၁၀၀ ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၅၀ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း**(DOT)

# အီဂျစ်နိုင်ငံသို့ စားသောက်ကုန်များ တင်ပို့ရာတွင် လိုက်နာရမည့် စံသတ်မှတ်ချက်များ

နိုင်းရှိန်း

မြန်မာနိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အီဂျစ်နိုင်ငံသို့ အစားအသောက်ပို့ကုန်များ တင်ပို့ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များကို သိရှိနိုင်စေရန် မြန်မာနိုင်ငံရှိ အီဂျစ်သံရုံးမှ ပေးပို့သည့် အချက်အလက်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။

**နေကြာဆီကြမ်းအတွက် စံသတ်မှတ်ချက်များ**

∗ Volatile matter, moisture and impurities at 105 C° not exceed 0.2 %

| | | |
|---|---|---|
| ∗ Specific weight at | 20C° | 0.920-0.925 |
| ∗ Refractive Index At | 40C° | 1.467-1.469 |
| ∗ Iodine Value | | 112-140 |
| ∗ Saponificable Matter | | 188-194 |
| ∗ Free Fatty Acide As Olic | | 2 % max |
| ∗ Unsaponificable Matter | | 1.5 % max |

∗ Colour 7 red and 35 yellow max, measures lovibond cell of 5,1/4 inch.

∗ The oil must be homogenous.

**ဆီများ၏ ယေဘုယျ စံသတ်မှတ်ချက်များ**

∗ သန့်စင်ပြီး နေကြာဆီသည် စားသုံးရန်အတွက် အသင့်ဖြစ် ရမည်၊

∗ နေကြာဆီသည် အမျိုးအစားတစ်ခု တည်းရှိရမည်ဖြစ်ပြီး ခွင့်ပြုထားသည့် သာမန် အပူချိန်တွင် တည်ရှိရမည်၊

∗ နေကြာဆီသည် ဆီချေးစော်နံမှုမရှိခြင်း၊ အနံ့အရသာ ကောင်းမွန်မှုရှိခြင်း၊ သဘာဝ အဆီဖြစ်ခြင်းနှင့် နေကြာဆီအတွက် အသုံးပြုရန် သီးခြားသတ်မှတ်ထားသည့် ဓာတုပစ္စည်းများကို သုံးစွဲခြင်း၊

∗ နေကြာဆီသည် အခြားအဆီများနှင့် ရောစပ်ထားခြင်း မရှိသည့် ဆီသန့်ဖြစ်ရမည် သို့မဟုတ် အမှုန်များပျော်ဝင်ခြင်းမရှိဘဲ ဆိုင်းနေသောအရည်များ မဖြစ်ရ။

**သန့်စင်ထားသောပဲပိစပ်ဆီ၏ စံသတ်မှတ်ချက်များ**

| | |
|---|---|
| ∗ F.F.A "As Oleic" | 1% Max |
| ∗ Moisture & Volatile Matter | 0.2% Max |
| ∗ Impurities (Insoluble in Petrol Ether) | 0.1 % Max |
| ∗ Colour (Lovibond Cell Inch) | 50 Yellow<br>5 Red |
| ∗ Lecithin (Expressed as Phosphours) | 0.02% Max |
| ∗ Unsaponificable Matter | 1.5% Max |
| ∗ Iodine Number | 120-145 |
| ∗ Saponification Value | 189-195 |
| ∗ Flash Point | 121C. |
| ∗ The Bonifications | F.F.A |

∗ 1.01% to 1.05 % Bonification to be .6 % of Contract Price

∗ 1.06 % to 1.15 % Bonification to be .9 % of Contract Price

∗ 1.16 % to 1.15 % Bonification to be 1.2 % of Contract Price

∗ More than 1.25 % up to 1.5 % to be 1.5 % of Contract Price

**PHOASPHORUS**

| | | |
|---|---|---|
| FOR | 0.021% | = 0.2% of Contract Price |
| FOR | 0.022% | = 0.4%of Contract Price |
| FOR | 0.023% | = 0.6%of Contract Price |
| FOR | 0.024% | = 0.9%of Contract Price |
| FOR | 0.025% | = 1.2%of Contract Price |

For each .001 % excess of 0.025% = 0.3% of Contract Price

M.I.U

For each 0.1 % excess = 0.2 % of Contract Price

COLOUR

For each grade excess in colour = 0.005% of Contract Price

**စားသုံးနိုင်သောဆီ၊ အဆီနှင့် Oleo-chemical ပစ္စည်းများ အသုံးပြုမှုဆိုင်ရာ သယ်ယူပို့ဆောင်ခြင်းနှင့် သင်္ဘောမှတစ်ဆင့် ကူးပြောင်းသယ်ဆောင်ခြင်းအတွက် စံသတ်မှတ်ချက်များ**

**Certification- Example of Types of Certification:**

- သင်္ဘောများသည် အမျိုးအစားသတ်မှတ်ခြင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ကိုက်ညီမှု၊ သင်္ဘောတည်ဆောက်မှုဆိုင်ရာ အမြင့်ဆုံးစံ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုနှင့် အသုံးအဆောင်ပစ္စည်းများသည် လိုအပ်သည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်၊
- သင်္ဘောများသည် Marpol နောက်ဆက်တွဲနှင့် နောက်ဆက်တွဲ ၂ ပါ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရမည်၊
- သင်္ဘောများသည် Tovalop တွင် ဝင်ရောက်နိုင်စွမ်းရှိခြင်း သို့မဟုတ် ဆီညစ်ညမ်းမှုအတွက် Third Party မှ တာဝန်ယူဆောင်ရွက်နိုင်ကြောင်း အလားတူ အသိအမှတ်ပြုလက်မှတ် ပိုင်ဆိုင်ထားသူဖြစ်ရမည်၊
- သင်္ဘောသည် ခိုင်မာသော စံသတ်မှတ်ချက်များအဖြစ် အပြည့်အဝအာမခံထားကြောင်း ထုတ်ပေးသည့် C.F.R အသိအမှတ်ပြုလက်မှတ်နှင့် C.L.C အသိအမှတ်ပြုလက်မှတ်ဖြင့် သယ်ဆောင်ရမည်။

**Cargo Tanks:**

- ကုန်စည်တင်ဆောင်မည့် တိုင်ကီများအား အပူခံများဖြင့် ရစ်ပတ်ထားလျှင် ယင်းအပူခံများသည် သံချေးမတက်သော သံမဏိ အပူခံများဖြင့်သာ ရစ်ပတ်ထားရမည်၊ (စတီးသံပြား အပျော့များအား ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ခွင့်ပြုထားသည့် သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် သယ်ဆောင်ရမည်ဖြစ်ကြောင်း)
- ကြေးနီနှင့် ၎င်း၏ သတ္တုစပ်များကဲ့သို့သော ကြေးဝါ၊ ကြေးညို သို့မဟုတ် ကြေးနီ၊ သံဖြူ သွပ်ရောထားသော သတ္တုများအား တပ်ဆင်ထားသော စက်ကိရိယာ၏ မည်သည့် အစိတ်အပိုင်းတွင်ဖြစ်စေ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ မည်သည့်ယာဉ်တွင်ဖြစ်စေ အသုံးပြုခြင်း မပြုလုပ်ရ၊
- ဆီသယ်ယာဉ်၏ ဝင်လမ်းများ/ကုန်ချပေါက်များသည် ကောင်းမွန်ပြည့်စုံမှုရှိခြင်း၊ သင့်တော်သော ထုပ်ပိုးမှုများဖြင့် ထုပ်ပိုးရမည်ဖြစ်ကြောင်း၊ ကုန်စည်များနှင့် ကိုက်ညီမှုမရှိသည့် ဂတ်စကက်မဖြစ်ရ၊
- ကုန်စည်သိုလှောင်ကန်များ၏ အတွင်းပိုင်းတည်ဆောက်မှုအားလုံးသည် မိမိကိုယ်တိုင် မှန်ကန်စွာတည်ဆောက်ထားခြင်းဖြစ်ရမည်။

**Pumping Systems:**

ပန့်အားလုံးနှင့် စနစ်များအားလုံးသည် ကြေးနီနှင့် ၎င်း၏ သတ္တုစပ်များကဲ့သို့သော ကြေးဝါ၊ ကြေးညို သို့မဟုတ် သတ္တုစပ်များ ပါဝင်ခြင်း မရှိရ။

**Source: မြန်မာနိုင်ငံအီဂျစ်သံရုံး**

# ထိုင်းဆန်တင်ပို့မှု အလားအလာ တိုးတက်လာမည်ဟု ခန့်မှန်း

နှစ်နိုင်ငံ

ထိုင်းနိုင်ငံ၏ အရန်ဆန် လက်ကျန်အားလုံး နီးပါး ရောင်းချပြီးစီးခြင်း၊ ဆန်အဓိက ထုတ်လုပ်သော နိုင်ငံများမှာ ရာသီဥတု ဆိုးရွားမှုဒဏ်နှင့် ရင်ဆိုင်နေရခြင်းတို့ကြောင့် ထိုင်းအစိုးရနှင့် စက်မှု လုပ်ငန်းရှင်များအနေဖြင့် ယခုနှစ်တွင် ထိုင်းဆန်တင်ပို့မှု မြင့်တက်လာမည်ဟု ခန့်မှန်းထားကြပါသည်။ ၂၀၁၇ ခုနှစ် ထိုင်းဆန်တင်ပို့မှု တန်ချိန် ၁၁ သန်းအထိ ရောက်ရှိလာနိုင်ကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ဆန်တင်သွင်းသော နိုင်ငံများက ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်းနှင့် အခြား ဆန်စိုက်ပျိုးထုတ်လုပ်သော နိုင်ငံများကလည်း ထုတ်လုပ်မှု ကျဆင်းနေခြင်းတို့ကြောင့် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် မစ္စ ဒူရန်ပွန်ရော့ဖာရာမှ ဆန်တင်သွင်းသော နိုင်ငံအများစုက ထိုင်းဆန်ကိုဝယ်ယူရန် ကမ်းလှမ်းလျက်ရှိကြောင်း၊




ထိုင်းနိုင်ငံ၏အရန်ဆန် လက်ကျန်နည်းပါးသွားခြင်းနှင့် ဆန်တင်ပို့နိုင်ငံများ၏ ထုတ်လုပ်မှုကျဆင်းခြင်းတို့ကြောင့် ဆန်ဝယ်နိုင်ငံများအနေဖြင့် ရောင်းလိုအား ကျဆင်းမည်ကို စိုးရိမ်လျက်ရှိကြကြောင်း၊ ထိုင်းနိုင်ငံ၏ အရန်ဆန် လက်ကျန် လျော့ကျမှုကြောင့် ယခုနှစ်အတွင်း ကမ္ဘာ့ဆန်ဈေးကွက်တွင် ထိုင်းဆန်ဈေးနှုန်း မြင့်တက်လာမည်ဟု ပြောကြားပါသည်။

အရန်ဆန်လက်ကျန်မှာ သမိုင်းတစ်လျှောက် အများဆုံးဖြစ်ခဲ့ပြီး တန်ချိန် ၁၈ ဒသမ ၉ သန်းအထိ ရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဆန်အပေါ် ထောက်ပံ့ငွေပေးရေး အစီအစဉ်အရ နိုင်ငံတော်မှ ဈေးကွက် ပေါက်ဈေးထက် ပိုပေးပြီး လယ်သမားများထံ တိုက်ရိုက် ဝယ်ယူခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယခု လက်ကျန် ဆန်တန်ချိန် ၂ ဒသမ ၁ သန်းအထိ လျှော့ချ ခဲ့ရာတွင် စားသုံးရန်သင့်သည့် အဆင့်ရှိသည့် ဆန်မှာ တန်ချိန် ၁ ဒသမ ၆ သန်း ပါဝင်ပြီး၊ တန်ချိန် ငါးသိန်းမှာ စားသုံးရန်မသင့်ဘဲ အီသနော ထုတ်လုပ်ရန်အတွက်သာ သုံးစွဲနိုင်မည် ဖြစ်ပါသည်။ အစိုးရ ဆန်လက်ကျန် နည်းပါးမှုကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်း ကျဆင်းမှုကိုလည်း ကာကွယ်စေနိုင်ခဲ့ကြောင်း၊ လာမည့်လအနည်းငယ်အတွင်း ဆန်ဈေး ဆက်လက် တိုးမြင့်လာဦးမည်ဟု မျှော်မှန်းကြောင်း၊ ပုံမှန်ဝယ်ယူနေကျ ဆန်တင်သွင်းနိုင်ငံများမှာလည်း ထိုင်းနိုင်ငံ၏ ရောင်းချနိုင်မည့် အခြေအနေ အကန့်အသတ်ရှိမှုအပေါ် ဝယ်ယူရန် ကြိုတင်ကမ်းလှမ်းမှုများ ရှိလာကြောင်း ပြောကြားပါသည်။

ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ ချာရွန်က ဆန်ဝယ်ယူရန် ကမ်းလှမ်းသည့် နိုင်ငံများ၌ အီရန်၊ အီရတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်တို့ ပါဝင်ကြောင်း၊ အဆိုပါနိုင်ငံများမှာ နှစ်ပေါင်းများစွာ ထိုင်းနိုင်ငံမှ ဆန်ဝယ်ယူမှု ရပ်တန့်နေပြီး ယခုအခါ အရည်အသွေးအပေါ် ဦးစားပေးလာ၍ ပြန်လည်ဝယ်ယူလိုကြခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

သို့သော်လည်း ထိုင်းနိုင်ငံ၏ ဆန်ရောင်းချနိုင်မှုမှာ အကန့်အသတ်ဖြင့် ရှိလာမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် အစိုးရက တောင်သူလယ်သမားများအား အခြားစီးပွားဖြစ် သီးနှံများဖြစ်သော သကြားကဲ့သို့ သီးနှံကို ပြောင်းလဲစိုက်ပျိုးရန် အားပေးခဲ့၍ ဖြစ်ကြောင်း၊ နွေစပါးအစား ကြံစိုက်ပျိုးခြင်းက အကျိုးအမြတ်ပိုမို ရရှိစေနိုင်ခဲ့ကြောင်း ပြောကြားပါသည်။

နွေစပါး စိုက်ပျိုးမှုသည် ၄၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားပြီး ယခုနှစ်တွင် အထွက် တန်ချိန် ငါးသန်း ရှိခဲ့ကြောင်း၊ ယခင် ငါးနှစ်ခန့်က တန်ချိန် ၉ သန်းမှ ၁၀ သန်းအထိ ရှိခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရှိရပါသည်။

ထုတ်လုပ်မှု ကျဆင်းသွား၍ ထိုင်းဆန်ဖြူ ၅ မှတ် ဈေးနှုန်းမှာ ယခင်လက အမေရိကန်ဒေါ်လာ ၄၁၆ ဒေါ်လာရှိခဲ့ရာမှ ၄၆၂ ဒေါ်လာ (၁၅၆၈၄ ဘတ်) ထိ တိုးမြင့်လာကြောင်း ထိုင်းဆန်တင်ပို့သူများအသင်းမှ သိရှိရပါသည်။

**သတင်းရင်းမြစ် - (၂၀-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Upturn in fortunes forecast for Thai rice" သတင်း**

# ဓာတ်ဆီ/ဒီဇယ်

## ယခုတစ်ပတ် ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

ဇွန် ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၂၉၉၇၃၀၈ တန်ဖိုးရှိ ဓာတ်ဆီ ၂၃၀၄၅ ဒသမ ၈၆၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၁၅၅၅၈၈၅ တန်ဖိုးရှိ ဒီဇယ် ၆၆၆၁၄ ဒသမ ၂၇၂ တန်၊ စုစုပေါင်း ၈၉၇၆၀ ဒသမ ၁၃၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၅၁၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၂၈၁၅၀ ကျော် အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၄၁၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၅၂၄၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်လျော့ခဲ့ပြီး ဒီဇယ်အဝင်ပိုခဲ့ပါတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၅၁၅၇၅ တန်ဖိုးရှိ ဓာတ်ဆီ ၁၀၂၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၃၅၂၅၀ တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၁၄၀၀ တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၃၁၇၅ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၄၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၆၆၅ ကျပ်၊ အောက်တိန်း (92) ကျပ် ၆၇၀၊ အောက်တိန်း(95) ကျပ် ၇၂၀၊ အဆင့်မြင့်ဒီဇယ် ၆၈၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၁၉ ရက် မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၂၂ ရက်တွင် ဝယ်ဈေး ဈေးငြိမ်သော်လည်း ရောင်းဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။

ဇွန် ၁၉ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၅၃၀၀၀၊ ရောင်းဈေး ကျပ် ၁၅၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန်လ ၂၂ ရက်တွင် ဝယ်ဈေး ကျပ် ၃၀၀၀ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့နှိုင်းယှဉ်ရင် ဓာတ်ဆီရောဒီဇယ်ပါ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ် ကျပ် ၂၈၀၀၊ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)၊အောက်တိန်း(95)မှာဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ၈၃၅ ကျပ်၊ ဒီဇယ်တစ်လီတာ ကျပ် ၇၂၀ ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၃၅ ကျပ်၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၇၄၀ ၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၁၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၉၀၀၀၊ ရောင်းဈေး ကျပ် ၁၃၃၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇွန် ၂၂ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးပြန်တက်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇွန် ၁၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၃၀၀၀၊ ရောင်းဈေးကျပ် ၁၃၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၂၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၁၀၀၀၊ ရောင်းဈေး ကျပ် ၁၃၃၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး အောက်တိန်း(92) ဈေးအနည်းငယ်ကျပြီး ဓာတ်ဆီ၊အဆင့်မြင့်ဒီဇယ် နဲ့ အောက်တိန်း (95)တို့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာအဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀ ၊ အောက်တိန်း(92) ကျပ် ၇၃၀၊ အောက်တိန်း (95) ကျပ် ၇၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်ပြီးမှ ပြန်လည်ကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲစင်တာများ၌ ရောင်းဝယ်လျက်ရှိသည့် ငွေလဲနှုန်းများသည် အမြင့်ဆုံးဈေးအဖြစ် ၁၃၆၁ ကျပ်သို့ ရောက်ရှိခဲ့ပြီးမှ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ ရက်သတ္တပတ်အတန်ကြာ အနည်းငယ်ငြိမ်သက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်လှုပ်လာခဲ့ခြင်းဖြစ်သည်။

မူဆယ်နယ်စပ်တွင် ရောင်းဝယ်ဖောက်ကားလျက်ရှိသည့် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကို တရုတ်နိုင်ငံက ပိတ်ထားခဲ့သည့်ကိစ္စကြောင့် ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ အဆိုပါစာရင်းများကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သဖြင့် ငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ဈေးတက်လာတဲ့အတွက် ဈေးကွက်ထဲမှာ နည်းနည်းတော့ လှုပ်လာတယ်။ ဒါပေမဲ့ ရက်ပိုင်းလောက်ပါပဲ။ တရုတ်ဘက်က ဘဏ်စာရင်းတွေ ပြန်ဖွင့်ပေးလိုက်တဲ့အတွက် ဈေးက ချက်ချင်းပြန်ကျသွားတယ်။ အခုအချိန်မှာတော့ ငွေလဲနှုန်းက ပြန်ငြိမ်သွားပါပြီ"ဟု ငွေလဲဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇွန် ၁၉ ရက်က ရောင်းဈေး ၁၃၅၇ ကျပ်ဖြင့်ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင် ၁၃၅၉ ကျပ်သို့ မြင့်တက်ခဲ့သည်။ ဝယ်ဈေးမှာလည်း ၁၃၅၅ ကျပ်မှ ၁၃၅၆ ကျပ်သို့မြင့်တက်ခဲ့သည်။ ထို့ပြင် ဇွန် ၂၀ရက်တွင် ရောင်းဈေး ၁၃၆၁ ကျပ်၊ ဝယ်ဈေး ၁၃၅၉ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။ သို့သော် ဇွန် ၂၄ ရက်တွင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၃ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး ကျပ် ၉၁၀၀၀၀ တွင်သာ ဆက်ရှိနေ

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေဈေးသည် ကျပ် ၉၁၀၀၀၀ တွင်သာ ဆက်ရှိနေကြောင်း၊ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင်း ဈေးအနည်းငယ် ကျဆင်းသွားခဲ့သော်လည်း ဈေးကွက်ပိတ်ရက်များတွင် ကျပ် ၉၁၁၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးက တက်လာတယ်။ ရွှေဈေးတက်လာတဲ့အချိန်မှာ ဒေါ်လာနဲ့ ကျပ်ငွေလဲလှယ်နှုန်းကလည်း မြင့်တက်လာတော့ ပြည်တွင်းရွှေဈေးက လိုက်ပြီးမြင့်တက်လာတာပါ။ ရွှေဈေး မြင့်တက်လာတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ် နည်းနည်းအေးပါတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးများသည် ဇွန် ၁၉ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၁၀၀၀၀ရှိခဲ့ရာမှ ဇွန် ၂၀ ရက်တွင် ကျပ် ၉၀၈၀၀၀ သို့ကျဆင်းခဲ့သည်။ သို့သော် ဇွန် ၂၂ ရက်တွင် ကျပ် ၉၁၀၀၀၀ သို့ပြန်လည်မြင့်တက်လာခဲ့ပြီး ဇွန်လ ၂၄ ရက်တွင် ကျပ် ၉၁၁၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇွန် ၁၉ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၅၃ ရှိခဲ့ရာမှ ဇွန်လ ၂၀ ရက်တွင် ၁၂၄၅ ဒေါ်လာသို့ ကျဆင်းသွားခဲ့သည်။ ဇွန် ၂၄ ရက်တွင် ၁၂၅၇ ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## FMI နှင့် MCB တို့၏ရှယ်ယာဈေးနှုန်းများ ကျဆင်းနေသော်လည်း MTSH ၏ ရှယ်ယာဈေးနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် စတော့ရှယ်ယာများအနက် FMI နှင့် MCB တို့၏ ရှယ်ယာဈေးနှုန်းများ ကျဆင်းနေသော်လည်း MTSH ၏အစုရှယ်ယာဈေးနှုန်းများမှာ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရ သည်။

FMI ၏ အစုရှယ်ယာဈေးနှုန်းသည် ယခုတစ်ပတ်တွင် ကျပ် ၁၄၀၀၀ သို့ မြင့်တက်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင် ကျပ် ၁၃၅၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။

အလားတူ MCB ၏ အစုရှယ်ယာဈေးနှုန်းသည်လည်း ယခုတစ်ပတ်တွင် ကျပ် ၉၂၀၀ ဖြင့်ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ရက်တွင် ကျပ် ၉၀၀၀ သို့ကျဆင်းခဲ့သည်။

FPB ၏ အစုရှယ်ယာဈေးနှုန်းသည် ဈေးဖွင့်ချိန်ကနှုန်းအတိုင်း ကျပ် ၂၇၀၀၀ ဖြင့်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

MTSH ၏ ရှယ်ယာများသည် ယခုတစ်ပတ်တွင် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သည်။ MTSH အနေဖြင့် အစုရှယ်ယာများအပေါ် အမြတ်ဝေစုများ ခွဲဝေပေးမည်ဟူသည့်သတင်းထွက်ပေါ်လာမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်သွက်လာကြောင်း သိရသည်။ အရောင်းအဝယ်သွက်မှုနှင့်အတူ ဈေးလည်းလိုက်ပါမြင့်တက်ခဲ့ရာ ကျပ် ၄၀၀၀ သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

June 23, 2017
Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.32 |
| BDT Bangladesh Taka | 80.70 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.84 |
| EUR Euro | 0.89 |
| H KDHong Kong Dollars | 7.79 |
| I NR India Rupees | 64.53 |
| I DR Indonesia Rupiahs | 13320.85 |
| JPY Japan Yen | 111.25 |
| MYR Malaysia | 4.29 |
| PKR Pakistan Rupees | 104.86 |
| PHP Philippines Pesos | 50.27 |
| RUB Russia Rubles | 59.74 |
| SGD Singapore Dollars | 1.39 |
| KRWSouth Korea Won | 1138.86 |
| LKR Sri Lanka Rupe | 153.21 |
| THB Thailand Baht | 33.56 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 22727.00 |

*Source:xe.com*

## World Gold Price

June-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1255 | 1253 | 1253 |
| 20 | 1249 | 1248 | 1248 |
| 21 | 1247 | 1247 | 1248 |
| 22 | 1257 | 1254 | 1254 |
| 23 | 1257 | 1255 | 1255 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19-6- 2017 | 909.30 | 909.20 |
| 20-6-2017 | 909.00 | 909.40 |
| 21-6- 2017 | 909.00 | 908.50 |
| 22-6 -2017 | 910.50 | 910.30 |
| 23-6- 2017 | 910.00 | 910.20 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 6 .81 | 33.94 | 80.59 | 64.40 |
| 20 | 6. 83 | 33.96 | 80.57 | 64.47 |
| 21 | 6 .83 | 34.04 | 80.84 | 64.47 |
| 22 | 6 .83 | 33.97 | 80.62 | 64.50 |
| 23 | 6.84 | 33.96 | 80.70 | 64.53 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19-June | 16.62 | 2565.25 | 1904.45 | 5740.00 | 926.00 |
| 20-June | 16.57 | 2582.72 | 1923.49 | 5789.50 | 926.00 |
| 21-June | 16.49 | 2588.32 | 1908.03 | 5717.38 | 920.00 |
| 22-June | 16.61 | 2659.10 | 1888.09 | 5764.64 | 929.00 |
| 23-June | 16.61 | 2714.88 | 1892.13 | 5802.50 | 925.00 |

Source:kitco.com

## Energy NYMEX

23-6-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 42.82 | 0.08 | 0.19 |
| Brent Crude Futr (USD/bbl) | 45.30 | 0.08 | 0.18 |
| Gasoline Rbob Fut (Cent/gal) | 143.50 | 0.05 | 0.03 |
| Natural Gas Futr (USD/MMBtu) | 2.91 | 0.01 | 0.41 |
| Heating Oil Futr (Cent/gal) | 136.93 | -0.23 | -0.17 |

## ဘိလပ်မြေ

# ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘိလပ်မြေတန်ချိန် ၈၀၀၀ ကျော်ဝင်

ဇွန်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၈၆၂၅ တန်ဖိုးရှိ ဘိလပ်မြေ ၈၂၃၂ ဒသမ ၅၀တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၂၃၂ ဒသမ ၅၀ တန်နဲ့ မလေးရှားမှ တန်ချိန် ၈၀၀၀ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၈၀၅၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၆ ဇွန်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ဘိလပ်မြေတင်သွင်းမှုမှာတန်ချိန် ၃၁၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ယခုနှစ်မှာဘိလပ်မြေ တန်ချိန် ၂၂၉၀၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

ဇွန်လ ၁၁ ရက်မှ ၁၇ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၈၂၃၀ ကျော်အဝင်ရှိခဲ့ပြီးယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၇၀၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၂၃၈၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၉၀၀၊ စိန်(ထိုင်း) ကျပ်၅၉၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၂၀၀၊အပါချီ(ထိုင်း)ကျပ် ၅၁၅၀၊ ကြံ့ကျပ် ၅၇၀၀၊မြင်းခေါင်း ကျပ်၅၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ကြံ့(မြိုင်ကလေး)နဲ့ စိန်(ထိုင်း)က ဈေးငြိမ်နေပေမယ့် ဆင်(ထိုင်း)က ကျပ် ၅၀ ဈေးကျပြီး မြန်မာဆင်က ကျပ် ၅၀ ဈေးမြင့်လာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၅၅၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး) ကျပ်၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးလည်းငြိမ်နေတယ်လို့ သိရ ပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာစိန်(ထိုင်း)ကျပ်၇၂၀၀၊အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၃၆၀၀ ကျော်ဝင်

ဇွန်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၉၁၀၈၁ တန်ဖိုးရှိ မြေသြဇာ ၃၆၈၂ ဒသမ ၆၆၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘယ်လ်ဂျီယံနိုင်ငံမှ သုညဒသမ ၈၅ တန်၊ ချီလီနိုင်ငံမှ သုညဒသမ ၀၀၆ တန်၊ တရုတ်နိုင်ငံမှ ၆၉၄ ဒသမ ၁၀ တန်၊ ဂျာမနီနိုင်ငံမှ သုညဒသမ ၀၀၅ တန်၊ အိန္ဒိယနိုင်ငံမှ သုညဒသမ ၇၅၁ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၆ တန်၊ အစ္စရေးနိုင်ငံမှ ၆၅ ဒသမ ၉၆၅ တန်၊ ကိုရီးယားနိုင်ငံမှ ၅၁၃ ဒသမ ၅၀ တန်၊ မလေးရှားနိုင်ငံမှ ၉၂၈ တန်၊ နယ်သာလန်နိုင်ငံမှ သုညဒသမ ၇၅ တန်၊ နော်ဝေနိုင်ငံမှ ၂ ဒသမ ၇ တန်၊ ပိုလန်နိုင်ငံမှ သုညဒသမ ၅၅ တန်၊ စင်ကာပူနိုင်ငံမှ ၁၆ ဒသမ ၈၉၆ တန်၊ ဆွီဒင်နိုင်ငံမှ သုညဒသမ၀၈ တန်၊ ထိုင်းနိုင်ငံမှ ၁၂၄၂ ဒသမ ၅၀ တန်၊ တူရကီနိုင်ငံမှ သုညဒသမ ၀၁ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်ဆီယမ်ဆာလဖိတ်၊ ကော့ပါးဆာလဖိတ်၊ နိုက်တြိုဂျင်၊ ဇင့်ဆာလဖိတ်၊ ကွန်ပေါင်း၊ အာမိုဓာတ်ဆားနဲ့အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၃၄၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၁၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

# ရန်ကုန်၊ တောင်ကြီးနဲ့ မော်လမြိုင် မြေသြဇာဈေးကွက်အရောင်းသွက်

ဇွန်လ ၁၁ ရက်မှ ၁၇ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၃၆၈၀ကျော်အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တင်သွင်း ခဲ့တဲ့ တန်ချိန် ၃၄၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၄၈၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၉၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးနဲ့ရန်ကုန်မှာအရောင်းသွက်ကာ၊မကွေးမှာအရောင်းအေးတယ်လို့သိရတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ကောင်းတယ်လို့ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ ကွန်ပေါင်း ၁၅ ပတ်လည်က ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၆၀၀၀၊ ကွန်ပေါင်း (ပန်းရောင်)ကျပ် ၃၁၅၀၀၊ကွန်ပေါင်း၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)ကျပ် ၂၂၀၀၀၊တီစူပါ၄၆% (သံကွင်း-တရုတ်)ကျပ် ၂၀၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြှားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၆၀၀၀၊ ဆင်(၁၀း၁၀း၅) ကျပ် ၁၅၈၀၀၊ အာမို(၁၅း၁၅း၁၅) ကျပ် ၃၈၀၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၃၅၅၀၀၊ အာမို(၁၀း၁၀း၅) ကျပ် ၁၇၁၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ ယူရီးယား -ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၊ အောင်ကမ္ဘာ(၁၀း၁၀း၅) ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၂၀၀၊တောင်သူမ ကျပ် ၁၅၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းသွက်ပြီးဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၇၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၂၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀၊ မြှားကမ္ဘာကျပ် ၁၆၀၀၀ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**အရောင်းအဝယ်သွက်ပြီးဈေးငြိမ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ (သံကွင်း-တရုတ်)ကျပ် ၂၁၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း ၁၅ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ်နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဇွန်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၇၃၈၀ တန်ဖိုးရှိ နို့ဆီ ၂၈၉ ဒသမ ၀၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ တီးပေါ့နို့ဆီ ၇၀ ဒသမ ၂၀ တန်နဲ့ စင်ကာပူနိုင်ငံမှ ဒွန်းနို့ဆီ ၂၁၈ ဒသမ ၈၈ တန်ကို တင်သွင်း ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့ဆီတန်ချိန် ၆၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၈၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ သြစတြေးလျနိုင်ငံမှ ၁၇တန်၊ နယူးဇီလန်နိုင်ငံမှ ၂၉၁ဒသမ ၂၇၅တန်၊ အိုင်ယာလန်နိုင်ငံမှ တန်ချိန် ၅၀၊ မလေးရှားနိုင်ငံမှ ၆၂ ဒသမ၀၁တန်၊ ဖိလစ်ပိုင်နိုင်ငံမှ ၄ဒသမ ၂၁၈ တန်၊ နယ်သာလန်နိုင်ငံမှ သုည ဒသမ ၄၂၈ တန် နဲ့ စင်ကာပူနိုင်ငံမှ ၁၉ ဒသမ၈၁၉ တန်၊ စုစုပေါင်း ၄၄၄ ဒသမ ၇၅၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၆၀ကျော် အဝင်ပိုခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့ပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၄၂၉ တန်ဖိုးရှိ နို့ဆီ ၃ဒသမ ၆၄၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၆ မှ ၁၆/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၆ မှ ၉/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၁၊၁၀ | ၄၅၅၊၉၅ | (-) | ၂၈၄၊၈၅ |
| ၂။ | လွယ်ဂျယ် | ၇၁၁၊၀၀ | ၇၃၄၊၀၀ | (-) | ၂၃၊၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၊၀၀ | ၆၇၊၀၀ | (-) | ၄၇၊၀၀ |
| ၄။ | ကန်ပိုက်တီ | ၃၂၁၇၊၀၀ | ၄၃၀၁၊၀၀ | (-) | ၁၀၈၄၊၀၀ |
| ၅။ | တာချီလိတ် | ၅၅၀၀၊၀၀ | ၈၅၀၀၊၀၀ | (-) | ၃၀၀၀၊၀၀ |
| ၆။ | မြဝတီ | ၆၃၄၊၇၀ | ၄၄၆၊၈၃ | (+) | ၁၈၇၊၈၇ |
| ၇။ | ကော့သောင်း | ၆၅၅၀၊၀၀ | ၆၁၄၄၊၀၀ | (+) | ၄၀၆၊၀၀ |
| ၈။ | မြိတ် | ၂၀၀၊၀၀ | ၃၁၇၅၊၀၀ | (-) | ၂၉၇၅၊၀၀ |
| | စုစုပေါင်း | ၁၇၀၀၃၊၈၀ | ၂၃၈၂၃၊၇၈ | (-) | ၆၈၁၉၊၉၈ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၆ မှ ၁၆/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၆ မှ ၉/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၅၇၁၊၆၆၀ | ၂၀၉၅၀၊၃၅ | (-) | ၄၃၇၈၊၆၉ |
| ၂။ | လွယ်ဂျယ် | ၁၀၅၈၊၀၀၀ | ၁၄၉၃၊၅၀ | (-) | ၄၃၅၊၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၄၂၀၊၂၅၀ | ၃၀၈၅၊၇၅ | (-) | ၁၆၆၅၊၅၀ |
| ၄။ | ကန်ပိုက်တီ | ၃၃၁၀၊၀၀၀ | ၁၈၁၀၊၀၀ | (+) | ၁၅၀၀၊၀၀ |
| ၅။ | မြဝတီ | ၂၃၉၆၊၇၅၀ | ၁၂၇၉၊၈၅ | (+) | ၁၁၁၆၊၉၀ |
| ၆။ | ကော့သောင်း | ၅၀၊၀၀၀ | ၁၂၅၊၀၀ | (-) | ၇၅၊၀၀ |
| ၇။ | မြိတ် | - | ၂၇၅၊၀၀ | (-) | ၂၇၅၊၀၀ |
| ၈။ | ရိဒ် | - | - | | - |
| | စုစုပေါင်း | ၂၄၈၀၆၊၆၆ | ၂၉၀၁၉၊၄၅ | (-) | ၄၂၁၂၊၇၉ |

ခင်မိုးသူ

## နှမ်း

# မုံရွာကုန်စည်ဒိုင်သို့ နှမ်းအသစ်များဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ ဆီထွက်သီးနှံဖြစ်သော နှမ်းအသစ်များ ဇွန်လဆန်းမှစတင်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရပါတယ်။ နှမ်းအသစ်များကို မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် ရေဦး၊ ဘုတလင်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ပုလဲစသည့် မြို့နယ်များမှ အိတ် ၇၀၀/၈၀၀ခန့် ဝင်ရောက်ကြောင်းသိရပါတယ်။ ယခုတစ်ပတ် နှမ်းဖြူတစ်ပိဿာ ၂၂၆၇ ကျပ်နှုန်းနဲ့ အိတ် ၂၀၀၊ နှမ်းညို တစ်ပိဿာ ၁၈၈၇ ကျပ်နှုန်းနဲ့ အိတ် ၄၀၀၊ နှမ်းနက် တစ်ပိဿာ ကျပ် ၂၃၆၇ နှုန်းနဲ့ အိတ်၃၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်ပြီး ယခင်နှစ်ကာလတူအချိန်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းကဈေးမြင့်နေကြောင်းသိရပါတယ်။ နှမ်းဖြူနဲ့နှမ်းညိုကို မန္တလေး ဝယ်လက်ကဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများကဝယ်ယူကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၃-၆-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၃၅ | ၁၇၁၅ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၃၀ | ၁၈၁၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၅၃၀၀ | ၅၃၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၇၀ | ၁၈၇၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |

# ပြည်ဈေးကွက်တွင် နှမ်းအရောင်းအဝယ် အေးနေ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းအရောင်းအဝယ်အေးနေတာတွေ့ရပါတယ်။ မိုးများဆက်တိုက် ရွာသွန်းနေသဖြင့် ဈေးကွက်တွင် ဈေးသာရှိနေပြီး ရံဖန်ရံခါသာ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဝင်ရောက်မှုမရှိခြင်း၊ ဝယ်လက်သမားများကလည်း ဝယ်ယူမှု ခေတ္တရပ်ဆိုင်းနေသဖြင့် နှမ်းဈေးမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ နှမ်းနက်ရိုးရိုး သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၄၀၀၀ နှင့်စမုံနက်နှမ်း သုံးတင်းတစ် အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် ဈေးရှိနေသော်လည်း နေ့စဉ်အရောင်းအဝယ်မဖြစ်ကြောင်းသိရပါတယ်။

**ဝေဝေမင်း**



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၃-၆-၂၀၁၇ US$/Ton

| အမျိုးအစား | ဇွန်ဒုတိယပတ် | ဇွန်တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၃.၅၀ | ၆၅၂.၅၀ | ▽ |
| RBD P.Olein | ၆၈၀.၀၀ | ၆၇၁.၅၀ | ▽ |
| RBD P.Stearin | ၆၀၄.၅၀ | ၆၀၂.၀၀ | ▽ |

*Source: bepi.mpob*

# မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၃ သန်း တန်ဖိုးရှိ နှမ်းနက် ၃၃ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းနက် ၂၁ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မူဆယ်မှနှမ်း ၁၁ တန်ခွဲပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၀ သန်းတန်ဖိုးရှိနှမ်းနက် ၁၈၅ တန်နဲ့ နှမ်းဖြူ ရှစ်တန်ခွဲ စုစုပေါင်း ၁၉၃တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းနက်၁၆၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ချင်းရွှေဟော်မှ ၂၆ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်ကို ၁၃၅၁၆၇၀ ကျပ်၊ နှမ်းနက်တစ်တန်ကို ၂၁၃၇၅၂၅ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၆၈၅၅ တန်ဖိုးရှိ နှမ်းနက် ၂၈ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၃-၆-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၉၂.၃၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၈၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၇၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၄၃.၁၂၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၆-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၅ဒေါ်လာနှင့် USD ဈေး ၁၃၆၃ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၃-၆-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၃ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီဈေး တစ်ပတ်အတွင်း အနိမ့်ဆုံးဈေးသို့ရောက်ရှိ

အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့နှင့်တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ပဲပုပ်ဈေးများကျဆင်းသည့်အတွက် မလေးရှား စားအုန်းဆီ ကြိုရောင်းဈေးနှုန်းမှာလည်း ဇွန် ၂၁ ရက်တွင် ရက်သတ္တတစ်ပတ်အတွင်း အနိမ့်ဆုံးနှုန်းသို့ရောက်ရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် စက်တင်ဘာအတွက် ကြိုတင်ရောင်းချသော မလေးရှားစားအုန်းဆီ၏အခြေခံစံထားဈေးနှုန်းမှာ တစ်တန်ကို ၂၄၄၂ ရင်းဂစ်( အမေရိကန်ဒေါ်လာ ၅၆၉ ဒသမ ၇၆ ) နှုန်းရှိကာ တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်။ ယခုကျဆင်းမှုမှာ ဒုတိယမြောက်နေ့အဖြစ် ဆက် တိုက်ကျဆင်းခဲ့ခြင်းဖြစ်သည်။ စောစောပိုင်းကမူ တစ်တန်ကို ရင်းဂစ် ၂၄၃၀ အထိပင် ကျဆင်းခဲ့ရာ ဇွန် ၁၄ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်း ဖြစ်ခဲ့သည်။ ဇွန် ၂၁ ရက်တွင် ရောင်းချရသော ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၅၀၇၃၈ တွဲရှိခဲ့သည်။



"အရင်နေ့က ပဲပုပ်ဆီဈေးကျဆင်းတာကို အကြောင်းပြု ပြီး စားအုန်းဆီဈေးလည်း ကျဆင်းခဲ့ပါတယ်" ဟု ဇွန် ၂၀ ရက်က ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီကြိုတင်ရောင်းဈေး ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခြင်းကို ရည်ညွှန်း၍ ကွာလာလမ်ပူမှ ကြိုရောင်းကြိုဝယ်လုပ်ငန်းဆောင်ရွက်သူ ကုန်သည်တစ်ဦးက ပြောသည်။ အခြားဈေးကွက်ဖြစ်သော တရုတ်နိုင်ငံ ဒါလီယံဈေးကွက်တွင် ပဲပုပ်ဆီဈေးကျဆင်းမှုကလည်း စားအုန်းဆီဈေးအပေါ် အကျိုးသက်ရောက်မှုရှိကာ ဇူလိုင်အထိ ဆက်လက်၍ ဈေးနှုန်းကျဆင်းဖွယ်ရှိကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

"အစ်နေ့ အားလပ်ရက်ပြီးတဲ့နောက် ထုတ်လုပ်မှု မြင့်တက်လာမယ်၊ ဝယ်လိုအားနှေးကွေးကျဆင်းမယ်၊ သိုလှောင်လက်ကျန်မြင့်တက်လာမယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်"ဟု ရာမန်ဒန်ဥပုသ်လကုန်ဆုံးချိန်ကို ရည်ညွှန်း၍ သူကပြောသည်။

ယခင်လ ကာလတူနှင့် နှိုင်းယှဉ်ပါက ဇွန် ၁ ရက်မှ ၂၀ ရက်အထိ စားအုန်းဆီ ပြည်ပတင်ပို့မှုမှာ ၁၄ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ဇွန် ၂၁ ရက်တွင် ထုတ်ပြန်သော ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့နှစ်ဖွဲ့မှ ထုတ်ပြန်သည့်စာရင်းဇယားများအရ သိရသည်။

စားအုန်းဆီဈေးသည် တစ်တန်ကို ၂၄၄၁ ရင်းဂစ်နှုန်းဖြင့် အနိမ့်ဆုံးဈေးအထိ ကျဆင်းနိုင်ကြောင်း၊ ထိုထက်ပိုမို၍ကျဆင်းမည်ဆိုပါက တစ်တန်ကို ၂၄၂၁ရင်းဂစ်နှုန်းအထိရောက်ရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ကုန်စည်နှင့်စွမ်းအင်ဆိုင်ရာ လေ့လာဆန်းစစ်ရေးမှူးဝမ်တောင်းက ပြောသည်။

အခြားစားသုံးဆီဖြစ်သော ပဲပုပ်ဆီဈေးနှုန်းမှာ ဇွန် ၂၁ ရက်က ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် ဈေးငြိမ်နေပြီး ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက်ပဲပုပ်ဆီကြိုရောင်းဈေးမှာသုညဒသမ၉ရာခိုင်နှုန်းကျဆင်းခဲ့သည်။

**ဉာဏ်တင်**

# ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူး၊ သုံးစွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူး၊ သုံးစွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၂၃ ရက်က ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပခဲ့သည်။




အဆိုပါအခမ်းအနားကို ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော စားသုံးဆီများ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချရေး၊ လုပ်ငန်းစဉ်တစ်လျှောက် ကျန်းမာရေးနှင့် ညီညွတ်သည့် နည်းများ ကျင့်သုံးရေး၊ စားသုံးသူများ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးဆီများ၊ စွန့်ပစ်ဆီများကို ရောနှောရောင်းချခြင်းအား ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးနှင့် စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများအား ဈေးကွက်တွင် ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုနိုင်စေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်၊ UMFCCI မှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ကုန်သည် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက စားအုန်းဆီ တင်သွင်းတာ မကောင်းကြောင်း ပြောနေကြသော်လည်း ပြည်တွင်းဆီကိုလုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် မြန်မာနိုင်ငံတွင် စားအုန်းဆီကို တစ်နှစ်လျှင် တန်ချိန်သုံးသိန်းမှ ငါးသိန်းခန့်အထိ တင်သွင်းနေရကြောင်း၊ ယင်းကဲ့သို့ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေများကို အများအပြား သုံးစွဲနေရကြောင်း၊ ယခုအခါတွင် စားအုန်းဆီ တင်သွင်းရာ၌ အရည်အသွေး ကန့်သတ်ချက်မှလွဲ၍ မည်သည့်ကန့်သတ်ချက်ကိုမှ မထားဘဲ တင်သွင်းခွင့်ပြုခဲ့ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက စားသုံးဆီသုံးစွဲမှုမှန်ကန်ရေးနှင့် ကျန်းမာရေးရှုထောင့်၊ စားသုံးဆီများ လက်ရှိ တင်သွင်းဖြန့်ဖြူးမှုအခြေအနေနှင့် အနာဂတ်အတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ စားသုံးဆီများထုတ်လုပ် တင်သွင်းမှုအပေါ် အရည်အသွေးပြည့်မီရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စိစစ်ကြပ်မတ်မှု၊ ပြည်ပမှ စားသုံးဆီများ တင်သွင်းမှုအခြေအနေနှင့်အရည်အသွေး စစ်ဆေးခြင်း၊ စောင့်ကြည့်ကြပ်မတ်ရေးနှင့် ထိန်းချုပ်မှုအစီအစဉ် စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သတ်မှတ်ထားသည့် ခေါင်းစဉ်အလိုက် အုပ်စုအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# တရုတ်နိုင်ငံရှိ လွတ်လပ်သောကုန်သွယ်ရေးဇုန်များတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော ကန့်သတ်ချက် ၂၇ ခုကို ဖြေလျှော့

တရုတ်နိုင်ငံရှိ လွတ်လပ်သောကုန်သွယ်ရေးဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော သတ္တုတူးဖော်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းစသည်တို့ အပါအဝင် ကဏ္ဍရှစ်ခုတွင် ကန့်သတ်ချက် ၂၇ခု လျှော့ချပေးခဲ့ပြီး ကန့်သတ်ချက်စာရင်းအသစ်ကို ဇွန် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပြည်တွင်းသယ်ယူ ပို့ဆောင်ရေး ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု မပြုလုပ်တော့ဘဲ ကိုယ်ပိုင်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများဖြင့်သာ ကုန်ပစ္စည်းများကို ထုတ်လုပ်ရန် ခွင့်ပြုထားပါသည်။ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် နိုင်ငံခြားကုမ္ပဏီများအတွက်လည်း စည်းမျဉ်းစည်းကမ်းများ လျှော့ချပေးခဲ့ပါသည်။

နိုင်ငံခြားဘဏ်များအနေဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းပိုင်းတွင်လည်း အစိုးရအာမခံစာချုပ်များကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပြီး တရုတ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာသုံးငွေကြေး (RMB) ဝန်ဆောင်မှုကိုလည်း စတင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ခွင့်ပြုထားပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော တားမြစ် ကန့်သတ်ချက် အသေးစိတ်စာရင်းကို ၂၀၁၃ ခုနှစ်က ပထမဆုံးအကြိမ် ထုတ်ပြန်ခဲ့ပါသည်။ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ဈေးကွက်ကို ဖွင့်ပေးလိုသောကြောင့် အဆိုပါကန့်သတ်ချက်စာရင်းကို တဖြည်းဖြည်းလျှော့ချပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။

အဆိုပါစာရင်းအရ ၂၀၁၃ ခုတွင် တားမြစ်ကန့်သတ်ချက်ပေါင်း ၁၉၀ မျိုးပါဝင်ခဲ့ပြီး တဖြည်းဖြည်းလျှော့ ချပေးလျက်ရှိရာတွင် ၂၀၁၄ ခုနှစ်တွင် ၁၃၉ မျိုး၊ ၂၀၁၅ ခုနှစ်တွင် ၁၂၂ မျိုးသာ ကျန်ရှိပါသည်။

၂၀၁၇ ခုနှစ်တွင် ၂၇ မျိုးထပ်မံလျှော့ချပေးခဲ့ပြီး လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော တားမြစ်ကန့်သတ်ချက်ပေါင်း ၉၅ မျိုးသာ ကျန်ရှိပါသည်။

သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော ဖြေလျှော့မှုများသည် လွတ်လပ်သော ကုန်သွယ်ရေးဇုန်များအတွက်သာဖြစ်ပါသည်။ အဆိုပါဖြေလျှော့မှုများကို ရှန်ဟိုင်းမြို့မှစတင်ပြီး နိုင်ငံ၏ ၁၁နေရာတို့တွင် ဖြေလျှော့ပေးမှာဖြစ်ပါသည်။

**Source : Xinhua: http://news.xinhuanet.com/english/2017-06/17/c_136371986.htm**

**အောင်ကိုကို၊ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်**

# တရုတ်နိုင်ငံ၏ လယ်ယာထွက် စားသောက်ကုန်ပစ္စည်းများ ဈေးကွက်နှင့် ကုန်ထုတ်လုပ်မှုဈေးကွက် ဈေးနှုန်းများကျဆင်းလာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာအရ အမျိုးသားလယ်ယာထွက်စားသောက်ကုန်ပစ္စည်းများ၏ဈေးကွက်ညွှန်းကိန်းသည် သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ပြီးခဲ့သည့်ရက်သတ္တပတ် မေ ၂၉ မှ ဇွန် ၄ ရက်အထိနှင့် ယခုတစ်ပတ်အား နှိုင်းယှဉ်လျှင် ကုန်ထုတ်လုပ်မှုဈေးကွက်မှာ သုည ဒသမ ၂ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

လယ်ယာထွက် စားသောက်ကုန်ပစ္စည်းများ၏ ဈေးကွက်တွင် သီးနှံ အမျိုးအစား ၃၀ ၏ ပျမ်းမျှဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကိုတွေ့ရှိခဲ့ရပြီး ကြက်သွန်ဖြူမှာ ၁၃ ဒသမ ၈ ရာခိုင်နှုန်း၊ ကြက်သွန်နီမှာ ၇ ဒသမ ၄ရာခိုင်နှုန်း၊ ပဲပိစပ် ၅ ဒသမ ၈ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့ပါသည်။ ထို့အပြင် မွေးမြူရေးကြက်ဥများ၏ ဈေးနှုန်းမှာလည်း တစ်ရာခိုင်နှုန်း၊ မွေးမြူရေး ကြက်သား၏ဈေးနှုန်း သုည ဒသမ ၆ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း၊ ဘဲသားနှင့် သိုးသားဈေးနှုန်းတို့မှာမူ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဆက်လက်တည်ရှိနေသည်ကို တွေ့ရှိရပါသည်။ အသားဈေးနှုန်းမှာလည်း မတည်ငြိမ်ဘဲ အတက်အကျ ဖြစ်လျက်ရှိကာ ဝက်သားဈေးနှုန်းသည် ၁ဒသမ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အမဲသားဈေးနှုန်းမှာ သုည ဒသမ ၁ ရာခိုင်နှုန်း တက်လာသည်ကို တွေ့ရှိရပါသည်။

ဂျုံ၊ စပါး စသည့် အစေ့အဆန်မှ ထုတ်လုပ်ရရှိသောအစားအစာများ၏ ဈေးနှုန်းသည် အနည်းငယ်ကျဆင်းခဲ့ကာ၊ ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း တည်ငြိမ်လျက်ရှိပြီး၊ စားသုံးဆီဈေးသည် မတည်ငြိမ်ဘဲ အတက်အကျ ဖြစ်လျက်ရှိကာ၊ ပဲပိစပ်ဆီနှင့် မြေပဲဆီတို့သည် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ မုန်ညင်းဆီဈေးနှုန်းမှာလည်း သုည ဒသမ ၁ ရာခိုင်နှုန်း တက်လာသည်ကို တွေ့ရှိရပါသည်။

ရေထွက်ကုန်ပစ္စည်းများ၏ပျမ်းမျှဈေးနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်ကို တွေ့ရှိရပြီး၊ ငါးပုတ်သင်နှစ်ရာခိုင်နှုန်း၊ မြက်ငါးကြင်း ၁ ဒသမ ၃ ရာခိုင်နှုန်း၊ ငါးကြင်းရွှေဝါငါး ၁ ဒသမ ၅ ရာခိုင်နှုန်းအသီးသီး ဈေးနှုန်းတက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

ကုန်ထုတ်လုပ်မှုဈေးကွက်တွင်မူ ရော်ဘာဈေးနှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ကာ သဘာဝရော်ဘာကြမ်းသည် ၁ ဒသမ ၈ရာခိုင်နှုန်း၊ ပြုပြင်ပြီးရော်ဘာသည် သုည ဒသမ ၃ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြကြောင်း၊ သတ္တုဈေးကွက်တွင်မူ သံမှအပဖြစ်သော သတ္တုဈေးနှုန်းသည် တစ်ရာခိုင်နှုန်းကျဆင်းခဲ့ကာ နီကယ် ၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဇင့် နှစ်ရာခိုင်နှုန်း၊ ကြေးနီ သုည ဒသမ ၉ ရာခိုင်နှုန်း၊ အလူမီနီယမ် သုည ဒသမ ၉ ရာခိုင်နှုန်း၊ သံဖြူဒြပ်စင် သုည ဒသမ ၃ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကာ ခဲသည် ၁ ဒသမ ၁ ရာခိုင်နှုန်းတက်လာခဲ့ကြောင်း၊ ကျောက် မီးသွေးဈေးနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ Steam coal က သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ Coking coal သုည ဒသမ ၁ ရာခိုင်နှုန်း တက်လာခဲ့ကြောင်း၊ Blind coal သည် ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဆက်လက်တည်ရှိနေကြောင်း၊ သံမဏိဈေးနှုန်းသည်လည်း တည်ငြိမ်လျက်ရှိကြောင်း၊ သွပ်ပြားဈေးနှုန်း သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းကြောင်း၊ အဆင့်မြင့်ကြေးနန်း ဝါယာကြိုးခွေဈေးနှုန်း သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ကာ၊ သံမဏိသံချောင်း ဈေးနှုန်းသည် သုည ဒသမ ၁ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့ပါသည်။ Hot Rolled strip ဈေးနှုန်းသည် သုည ဒသမ ၅ ရာခိုင်နှုန်းတက်လာကာ၊ Hot Rolled common sheetဈေးနှုန်းသည် သုည ဒသမ ၄ ရာခိုင်နှုန်းအသီးသီး တက်လာခဲ့ကြောင်း၊ ဓာတုဓာတ်မြေဩဇာ ဈေးနှုန်းအနေဖြင့် သုည ဒသမ ၁ ရာခိုင်နှုန်းတက်လာသည်ကို တွေ့ရှိရပြီး၊ ပုလဲဓာတ်မြေဩဇာ သုည ဒသမ ၃ ရာခိုင်နှုန်းတက်လာကြောင်း၊ KCL နှင့် NPK သုည ဒသမ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ DAP ၏ ဈေးနှုန်းသည် တည်ငြိမ်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း ဖော်ပြပါရှိပါသည်။

ဓာတုကုန်ကြမ်းများ၏ အခြေခံဈေးနှုန်းသည် သုည ဒသမ ၄ ရာခိုင်နှုန်း တက်လာသည်ကို တွေ့ရှိရပြီး၊ သန့်စင်ပြီးဘန်ဇိုင်း ၁ ဒသမ ၁ ရာခိုင်နှုန်း၊ မီသိုင်းအယ်ကိုလ်ဟော သုည ဒသမ ၆ရာခိုင်နှုန်း၊ ဆာလဖျူရစ်အက်ဆစ် သုည ဒသမ၅ ရာခိုင်နှုန်း၊ ကော့စတစ်ဆိုဒါ သုည ဒသမ ၅ ရာခိုင်နှုန်းအသီးသီး တက်လာခဲ့ကြောင်း၊ ဆိုဒီယမ်ကာဘွန်နိတ်သည် သုည ဒသမ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

**Source : တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်း website : http://english.mofcom.gov.cn/article/newsrelease/significantnews/201706/20170602588987.shtml**

**ဝင်းပပသူ**

# ထိုင်းလယ်သမားများ၏ ဘဝတိုးတက်ရေးအတွက် အော်ဂဲနစ်စိုက်ပျိုးရေးဒေသ ရှေ့ပြေးစီမံကိန်းကိုအစိုးရက ဖော်ဆောင်

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးရှေ့ပြေးစီးပွားရေးပုံစံသစ်အဖြစ် ထိုင်းနိုင်ငံ၊ Chaiyaphum ပြည်နယ်တွင် သဘာဝစိုက်ပျိုးရေး(အော်ဂဲနစ်)ရှေ့ပြေးစီမံကိန်းတစ်ရပ်ကို ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထူထောင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် ကျေးလက်ဒေသရှိလယ်သမားမိသားစုများ၏ဘဝတိုးတက်ရေး၊ဝင်ငွေမြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အထောက်အကူပြုသွားမည်ဖြစ်ပါသည်။

ဝန်ကြီးဌာနသည် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းလျက် နေရာတစ်နေရာကိုရွေးချယ်ပြီး အော်ဂဲနစ်ထုတ်ကုန်များနှင့် သဘာဝခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားပါသည်။

ယခုစီမံကိန်းမှာ ထိုင်းနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆွဲဆောင်မှုစီးပွားရေးပုံစံ(4.0)အား အထောက်အကူပြုရန်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် လယ်သမားများဘဝအဆင့်မြှင့်တင်ရေးအတွက် လေ့ကျင့်ပျိုးထောင်စေနိုင်မည်ဖြစ်ကြောင်းပြောကြားပါသည်။ ယခုစီမံကိန်းအား Nong Bua Daeng ဒေသတွင် ပထမအဆင့်စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပြီးအရည်အသွေး အာမခံချက်ရှိသော အော်ဂဲနစ်ထုတ်ကုန်များ စိုက်ပျိုးသွားမည်ဟု ပြောကြားပါသည်။ ၎င်းဒေသသည် ဧရိယာ ၄၂၅၂၂၃ ရိုင်(ဧက ၁၇၀၀၀၀) ကျော် ကျယ်ပြန့်ပြီး ကျေးရွာရှစ်ခု ပါဝင်ကြောင်း၊ မိသားစု ၁၇၅၅၇ ရှိပြီး လူဦးရေ ၁၀၀၈၈၅ နေထိုင်ကြောင်း တရားဝင်စာရင်းများအရ သိရှိရပါသည်။

ယခုဝန်ကြီးဌာန၏ အစီအစဉ်မှာ အာဆီယံဒေသအတွင်း ထိုင်းနိုင်ငံအား အော်ဂဲနစ် စိုက်ပျိုးရေးနှင့် အော်ဂဲနစ်အစားအစာများ ထုတ်လုပ်ရာဗဟိုအချက်အချာဒေသအဖြစ်သို့ ရောက်ရှိရန် ဝန်ကြီးမစ္စအပီရာဒီက ရည်ရွယ်ထားကြောင်း၊ မစ္စအပီရာဒီက ၎င်းတို့အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လျင်မြန်လာသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စသည့် CLMV နိုင်ငံများနှင့်နောက်ပိုင်း တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားပါသည်။

အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်စီမံကိန်းတွင် ထိုင်းနိုင်ငံအား အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေပြီး ထုတ်ပိုးမှုပုံစံများကိုလည်း အဆင့်မြှင့်တင်ကာ နိုင်ငံခြားသားများအား ဆွဲဆောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတာဝန်ရှိသူများအနေဖြင့် တောင်သူလယ်သမားများ၏ ကုန်ကျစရိတ် သက်သာစေရေးနှင့် ထုတ်လုပ်မှု ဖွံ့ဖြိုးရေးအတွက် အကူအညီပေးလျက်ရှိကြောင်း အပီရာဒီက ပြောကြားပါသည်။

ပထမသုံးလပတ်အတွင်း ပို့ကုန်စာရင်းဇယားများအရ ထိုင်းဈေးကွက်တွင် အော်ဂဲနစ်ထုတ်ကုန်များမှာ တန်ဖိုးဘတ်လေးဘီလီယံ ပါဝင်ခဲ့ကြောင်း၊ နှစ်စဉ် ၁၀ ရာခိုင်နှုန်းခန့် တိုးတက်ပြီးအသားကျလျက်ရှိကြောင်း၊ ကမ္ဘာ့အော်ဂဲနစ် ထုတ်ကုန်ဈေးကွက်မှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၂ ဘီလီယံ (ဘတ် ၂ ဒသမ ၃ ထရီလီယံ) ခန့်ရှိပြီးနှစ်စဉ်၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မည်ဟုခန့်မှန်းထားကြောင်း ပြောကြားပါသည်။ ယခုစာရင်းဇယားများအရ ထိုင်းနိုင်ငံမှာ ကမ္ဘာ့ဈေးကွက်တွင် ပါဝင်မှုအချိုးမှာ တစ်ရာခိုင်နှုန်းအောက်သာရှိ၍ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆက်လက် ပြောကြားပါသည်။

သူမအနေဖြင့် CLMV အဖွဲ့များနှင့်ပူးပေါင်းပြီး အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံတို့၏ အော်ဂဲနစ်ထုတ်ကုန်ဈေးကွက်ကို ထိုးဖောက်မည်ဟု ရည်ရွယ်ကြောင်း ပြောကြားပါသည်။

Nong Bua Daeng ခရိုင်သည် လက်ရက်ကန်းဖြင့် ချည်ထည်ထုတ်လုပ်မှုလုပ်ငန်းတွင် နာမည်ကြီးသော ဒေသများအတွင်း ပါဝင်ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတိုးမြှင့်ရေးဦးစီးဌာနအနေဖြင့် ချည်ထည်လုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဒီဇိုင်းကျွမ်းကျင်သူများအား ခေါ်ယူပြီး ထိုင်းဈေးကွက်တွင်သာမက ကမ္ဘာ့ဈေးကွက် ဝယ်လိုအားကိုပါ ဖြည့်ဆည်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပါသည်။

ဒီဇိုင်နာ မစ္စတာတီရာက ပြောကြားရာတွင် ၎င်းတို့သည် “ဘဝအတွက် ချည်ထည်” ဟူသော ဆောင်ပုဒ်အောက်တွင် ထုတ်ကုန်တိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုစီမံကိန်းသည်ဒေသတွင်းစွန့်ဦးတီထွင်လုပ်ငန်းရှင်များအားအားပေးသည့် စီမံကိန်းအဖြစ် ယခင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်လက်ထက်ကပင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဒေသသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Tambon One Product – OTOP) အစီအစဉ်တွင် ပါဝင်၍ အကောင်အထည်ဖော်နေသော ဒေသဖြစ်ကြောင်း၊ ယခုစီမံကိန်းကြောင့် ဒေသအား ပိုမိုထင်ရှားကျော်ကြားလာစေမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဒေသခံ ရွာသားများအတွက် ဓာတုကင်းလွတ် ဝါဂွမ်းများ စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေ ၂၀ရာခိုင်နှုန်း မှ ၃၀ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိစေမည်ဟု တာဝန်ရှိသူများက ပြောကြားပါသည်။ မစ္စတာတီရာက ပြောကြားရာတွင် လယ်သမားများသည် အော်ဂဲနစ်ထုတ်ကုန်အပေါ် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုရရှိရန် ယုံကြည်မှုအားနည်းနေဆဲဖြစ်ကြောင်း၊ အမှန်တွင် ၎င်းတို့ထုတ်ကုန်အရည်အသွေးမှာ မထင်မှတ်လောက်အောင် မြင့်မားပါကြောင်း၊ ဝန်ကြီးဌာနမှလည်းကုန်ပစ္စည်းတစ်မျိုးတည်း ထုတ်လုပ်ခြင်းအစားလက်ဆွဲအိတ်များ၊ အရုပ်များနှင့် အခြားသောခေတ်မီလူ့အသုံးအဆောင်ပစ္စည်းများကိုလည်းထုတ်လုပ်ရန် အားပေးထားကြောင်း ပြောကြားပါသည်။ အော်ဂဲနစ်ဒေသ ရှေ့ပြေးစီမံကိန်း အောင်မြင်ပါက ဝန်ကြီးဌာနအနေဖြင့် အခြားဒေသများသို့လည်း ပုံစံနမူနာယူ၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းလယ်သမားများ၏လူမှုဘဝအား တိုးတက်စေရန်နှင့်အော်ဂဲနစ်တန်ဖိုးမြှင့် ထုတ်ကုန်များအပေါ် ယုံကြည်မှုရှိလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။

Nakhon Phanom, Chaiyaphum, Lop Buri နှင့် ချင်းမိုင်ခရိုင်များသို့ စီမံကိန်း တိုးချဲ့ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အော်ဂဲနစ်ထုတ်ကုန်များအား ဒေသအတွင်းထုတ်လုပ်မှုအဖြစ် သတ်မှတ်နိုင်ရန် Asean Organic Federation ကို ထူထောင်သွားလိုကြောင်းပြောကြားပါသည်။

လာမည့် ဇူလိုင်လ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ဗန်ကောက်မြို့ရှိ မိဖုရား သီရိခေတ် အမျိုးသားကွန်ဗင်းရှင်းဗဟိုတွင် ထုတ်လုပ်သူများနှင့် တင်ပို့သူများအကြား တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်နိုင်ရန် “အော်ဂဲနစ်နှင့် သဘာဝထုတ်ကုန်ပစ္စည်းပြပွဲ” ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းရင်းမြစ် - (၁၉-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ “Pilot organic valley project a boon for smart farmers” သတင်း

**နှစ်နိုင်ငံ**

# ထိုင်းဘတ်ငွေတန်ဖိုးမြင့်တက်မှုကြောင့် နိုင်ငံခြားခရီးသည်များ ထိုင်းနိုင်ငံအတွင်း လည်ပတ်နေထိုင်မှုကို ထိခိုက်

ထိုင်းငွေကြေးမြင့်တက်မှုကြောင့် နိုင်ငံခြားခရီးသည်များအတွက် စရိတ်မြင့်တက်စေပြီး ဝင်ရောက်မှုဦးရေ လျော့ကျသွားစေနိုင်ကြောင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအတွက်လည်း အကျိုးအမြတ် နည်းပါးသွားစေနိုင်ကြောင်း ခရီးသွားလာရေးလုပ်ငန်းနှင့်သက်ဆိုင်သော အစိုးရနှင့်ပုဂ္ဂလိက တာဝန်ရှိသူများက ပြောကြားကြပါသည်။ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဇွန်လ ၁၂ရက် ထုတ်ပြန်ချက်အရ ယခုနှစ် ထိုင်းဘတ်ငွေတန်ဖိုးသည် အင်္ဂလန်ပေါင်စတာ လင်ငွေကြေးနှင့် ဖလှယ်ရာ၌ ၁၄ရာခိုင်နှုန်း၊ မလေးရှားရင်းဂစ်ငွေကြေးနှင့်၈ရာခိုင်နှုန်း၊ ဥရောပယူရိုငွေကြေးနှင့် ၅ရာခိုင်နှုန်းနှင့် အမေရိကန်ဒေါ်လာ ငွေကြေးနှင့် ၂ရာခိုင်နှုန်း အသီးသီး တန်ဖိုးတိုးမြှင့်ခဲ့ကြောင်း ဖော်ပြထား ပါသည်။ ရုရှားနိုင်ငံသုံး ရူဗယ်ငွေကြေးမှာ ထိုင်းဘတ်ငွေနှင့် ဖလှယ်ရာ၌ ၂၀ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ရုရှားငွေကြေးတန်ဖိုးမြင့်တက်မှုမှာ ငါးလအတွင်း ၃၁ရာခိုင်နှုန်းရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ ဝန်ကြီးဌာနမှ ရုရှားနိုင်ငံသုံး ရူဗယ်ငွေကြေးမှာ ယခုနှစ် ဒုတိယနှစ်ဝက်တွင်လည်း ဆက်လက်တိုးတက်နေဦးမည်ဟု ခန့်မှန်းထားပါသည်။

ထိုင်းငွေကြေးတန်ဖိုးမြင့်တက်မှုကို ဖြစ်စေသော ပြည်တွင်းအကြောင်းအရာများမှာ ပို့ကုန် တိုးတက်ခဲ့၍ဖြစ်ကြောင်း၊ ယခုနှစ်ဇန်နဝါရီလမှ ဧပြီလအထိ ပို့ကုန်တိုးတက်မှု ၅ ဒသမ ၇ရာခိုင်နှုန်းရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၃၄ ဘီလီယံ အထိ ရောက်ရှိခဲ့ကြောင်း၊ ပြင်ပအချက်အလက်များအနေဖြင့် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှု၊ မလေးရှားနိုင်ငံ၏ စီးပွားရေးကျဆင်းမှုနှင့်အမေရိကန်နိုင်ငံ၏မူဝါဒ မတည်ငြိမ်မှုတို့လည်းပါဝင်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းငွေကြေး တန်ဖိုးမြင့်တက်လာမှုကြောင့် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်မည့် နိုင်ငံခြားခရီးသည်များအား တုံ့ဆိုင်းစေခဲ့ကြောင်း၊ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Pongpanu က ပြောကြားပါသည်။ ကာတာ လေကြောင်းလိုင်းမှာ အရှေ့အလယ်ပိုင်း နှင့် ဥရောပနိုင်ငံများသို့ ပြေးဆွဲရာတွင် ထိုင်းနိုင်ငံ၌ တစ်ထောက်နားသည့် လေကြောင်းလိုင်းဖြစ်သည့်အတွက် ထိုင်းငွေကြေး တန်ဖိုးမြင့်တက်မှုသည် ကာတာလေကြောင်းလိုင်းအတွက် ထွက်ပေါက်တစ်ရပ်ဖြစ်စေခဲ့ကြောင်း သူက ပြောကြားပါသည်။ ထိုင်းနိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသတို့ ခရီးသွားလာမှုမှာ ကာတာလေကြောင်းလိုင်းအပါအဝင် အပြောင်းအလဲမရှိဘဲ ဆက်လက်ဆောင်ရွက်နေဦးမည်ဟု ဝန်ကြီးဌာနမှ မျှော်လင့်ပါသည်။ ခရီးသည် ၄ ဒသမ ၄ရာခိုင်နှုန်းမှာအရှေ့အလယ်ပိုင်းဒေသမှ ထိုင်းနိုင်ငံသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဖော်ပြထားရှိပါသည်။ အာရပ်နိုင်ငံမှ ခရီးသည်များမှာ ထိုင်းနိုင်ငံတွင် ဆေးဝါးကုသရန် မိသားစုလိုက်လာရောက်လေ့ရှိကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံ ခရီးသွားလာရေးကောင်စီဥက္ကဋ္ဌ Ittirit Kinglake က ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြား ခရီးသည် ၃၄ သန်း ဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြောင်း၊ ပထမ ငါးလအတွင်း ခရီးသည် ၁၄ ဒသမ ၆၁ သန်း ဝင်ရောက်ခဲ့ပြီး ယမန်နှစ် ကာလတူထက် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ နိုင်ငံခြားခရီးသွားလာရေးလုပ်ငန်းမှ ဘတ် ၇၄၇ ဒသမ ၀၇ ဘီလီယံ ဝင်ငွေရရှိရန် လျာထားချက်မှာ ပြည့်မီရန်ခက်ခဲမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

သို့သော်လည်း ပြည်တွင်းခရီးသွားလာမှုမှာ တိုးတက်ခဲ့ပြီး ခရီးသည်ဦးရေ ၄၅ ဒသမ၁၄ သန်းရှိခဲ့ကာ နိုင်ငံ့စီးပွားရေးအတွက် ဝင်ငွေ ဘတ် ၃၀၅ဒသမ၃၈ ဘီလီယံ ရရှိစေခဲ့ကြောင်း ဖော်ပြထားပါသည်။ ဗန်ကောက်ရှိ ဟိုတယ်လုပ်ငန်းဆောင်ရွက်သူများ၏ ခန့်မှန်းချက်အရ ခရီးသည်ဝင်ရောက်နိုင်မှုမှာ နိုဝင်ဘာနှောင်းပိုင်း (သို့မဟုတ်) ဒီဇင်ဘာအစောပိုင်းတွင်မှ ပြန်လည် ရရှိစေမည်ဖြစ်ကြောင်း ပြည်ပဈေးကွက်များမှ ကြိုတင်စာရင်းပေးသွင်းမှုအရ သိရှိရပါသည်။

သတင်းရင်းမြစ် -(၁၃-၆-၂၀၁၇) ရက်နေ့ ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ “Strong baht tipped to hurt tourist stays ” သတင်း

**နှစ်နိုင်ငံ**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၃–၆–၂၀၁၇)

ဇော်ဝင်း

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲမျိုးစုံဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်ပဲဈေးမှ ယခင်တစ်ပတ်အထိ တစ်ပိဿာကျပ် ၁၄၅၀ နဲ့ ဈေးငြိမ်နေခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၄၀၀ ( တစ်တန်ကျပ် ၈၅၇၃၄၀) ထိ ဈေးကျဆင်းခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၉၉၀ နဲ့ ဈေးပြန်လည်ကျဆင်းခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၉၀၅ ကျပ်( တစ်တန်ကျပ် ၅၅၄၂၁၀) နဲ့ ဆက်လက်ဈေးကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအား နည်းလာကာ ဈေးဆက်တိုက် ကျဆင်းလာခဲ့ပြီး သိုလှောင်မည့်သူများကသာ အဓိက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ ပဲတီစိမ်းအကြီး ထိပ်စအသစ်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၈၉ ကျပ်နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၈၄၂ ကျပ် (တစ်တန်ကျပ် ၁၁၂၈၀၂၀)နဲ့ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်က အရည်အသွေးပေါ်မူတည်၍ ရွေးချယ်ဝယ်ယူတာကြောင့် ဝယ်လိုအားနည်းခဲ့ကြောင်းသိရပါတယ်။ ယခင် တစ်ပတ်က ကုလားပဲဖြူလုံးကြီးက တစ်ပိဿာ ၂၁၃၂ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၂၁ ကျပ်( တစ်တန်ကျပ် ၁၂၉၈၈၇၀)နဲ့ ဈေးပြန်လည် ကျဆင်းခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ၄၅၉ ကျပ်နဲ့ ဈေးတက်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၅၁၂ ကျပ် (တစ်တန်ကျပ် ၃၁၃၅၄၀)နဲ့ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးကျပြီး အစေ့ထုတ်ပြောင်း ဈေးတက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးပြန်လည်ကျခဲ့ပေမယ့် အစေ့ထုတ်ပြောင်း ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၅၄၅ ကျပ်ထိ ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၄၂၀ (တစ်တန် ကျပ် ၈၆၉၅၉၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ရန်ကုန် ဝယ်လက်နဲ့ ဝယ်ရောင်း ကုန်သည်များက မတ်ပဲကို ဝယ်လိုအား နည်းတာကြောင့် အရောင်းအဝယ်အေးခဲ့ပြီး တစ်နေ့အိတ် ၂၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။အစေ့ထုတ်ပြောင်းကို ရန်ကုန် တင်ပို့မည့်သူများက ဝယ်လိုအားရှိနေပြီး ဈေးနှုန်းမှာ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၄၅၀ နဲ့ ဈေးမြင့်ခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာ ၄၆၅ ကျပ် (တစ်တန်ကျပ် ၂၈၄၇၆၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၉၀၇၀၀၀ထိ ဈေးတက်ခဲ့ရာက ယခု တစ်ပတ်မှာ တစ်တန်ကျပ် ၈၅၅၀၀၀ ထိဈေး ပြန်လည် ကျဆင်းခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၁၁၃၅၀၀၀ထိ ဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၁၀၈၀၀၀၀ ထိ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၆၄၀၀၀၀ ထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၅၉၁၅၀၀ ထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၅၂၀၀၀၊မတ်ပဲ SQ(RC) တစ်တန် ကျပ်၅၅၀၀၀၊ ပဲစင်းငုံနီ တစ်တန် ကျပ် ၄၈၅၀၀ နဲ့ အသီးသီး ဈေးထပ်မံကျဆင်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေး ကျဆင်းခဲ့ကာ ပဲစင်းငုံနီကလည်း ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ မတ်ပဲ တစ်ပိဿာ ၁၄၆၇ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၈၃ ကျပ် (တစ်တန်ကျပ် ၈၄၆၉၃၀)နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါ တယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များကသာ ဝယ်ယူခဲ့တာကြောင့် တစ်နေ့အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၉၉၂ ကျပ်နဲ့ဈေး ကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၉၀၅ ကျပ် (တစ်တန် ကျပ် ၅၅၄၂၁၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီ ကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားနည်းတာကြောင့် တစ်နေ့အိတ် ၄၀၀ မှ ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အလားတူ ပဲတီစိမ်း(အညာ)ရွှေဝါကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၈၀ နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန်ကျပ်၁၂၅၁၇၂၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာ) ရွှေဝါကို တရုတ်ဝယ်လက်က ဝယ်လိုအားနည်းပြီး အရောင်းအဝယ်အေးကာ တစ်နေ့အိတ် ၁၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၃၃၃ ကျပ်နဲ့ ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၃၅၆ ကျပ် (တစ်တန်ကျပ် ၁၄၄၂၇၉၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အလားတူ နှမ်းနက်စမုံကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၅၃၃ ကျပ်နဲ့ ဈေးကျခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန်ကျပ် ၁၅၆၅၂၆၀) နဲ့ ပြန်လည် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံ တစ်နေ့အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ စီပီပြောင်းတစ်ပိဿာ ၄၉၁ ကျပ် (တစ်တန်ကျပ် ၃၀၀၆၈၀) နဲ့ တရုတ်ဝယ်လက်များ၊ အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူနေကြောင်းလည်း သိရပါတယ်။

×××××××××××××××

## မကွေး ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျ

ယခုတစ်ပတ်မကွေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်း ငုံနီတို့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၄၁၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၃၉၀ (တစ်တန်ကျပ် ၈၅၁၂၂၀) နဲ့ ဈေးဆက်လက် ကျဆင်းခဲ့ကြောင်းသိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၉၈၅ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၉၀၅ ကျပ် (တစ်တန်ကျပ် ၅၅၄၂၁၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၁၄၇၀ နဲ့ ဈေးကျခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၅၁၀ (တစ်တန်ကျပ် ၁၅၃၇၀၉၀) နဲ့ ပြန်လည် ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၀၉၀ ( တစ်တန်ကျပ် ၁၂၇၉၈၉၀)၊ နှမ်းနီ တစ်ပိဿာ ကျပ် ၂၃၁၀ (တစ်တန်ကျပ် ၁၄၁၄၆၂၀) နဲ့ နှမ်းမျိုး စုံ အိတ် ၃၂၀၀ ခန့် ယခုတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ်မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေး ၅၀ ကီလိုတစ်အိတ်ကို ၇၂ ယွမ်မှ ၈၂ ယွမ်(တစ်တန်ယွမ် ၁၄၄၀ မှ ယွမ်၁၆၄၀) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံ တင်ပို့နိုင်မှုမှာ ယခင်တစ်ပတ်က တန်ချိန် ၁၅၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာ တန်ချိန် ၁၄၆၀၀ ကျော်သာ တင်ပို့နိုင်ခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေး တက်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ်လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ခဲ့ပေမယ့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ရက်သတ္တခြောက်ပတ်ဆက်တိုက် တစ်ပိဿာကျပ် ၄၂၀ နဲ့ ဈေးငြိမ်နေခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၄၅၀ (တစ်တန်ကျပ် ၂၇၅၅၇၀ ) နဲ့ဈေးမြင့်ကာ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပိဿာချိန် ၂၆၃၀၀၀၀ သာအရောင်းအဝယ်ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်း တစ်ပိဿာ ၂၉ကျပ်ရှိကြောင်းလည်း သိရပါတယ်။

×××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်း ဆက်လက် ဈေးငြိမ်နေပြီး ပဲစင်းငုံနီဆက်လက်ဈေးကျဆင်း

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်း ဆက်လက်ဈေးငြိမ်နေပြီး ပဲစင်းငုံနီက ဆက်လက်ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းဈေးက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန်ကျပ် ၉၆၄၅၁၀) နဲ့ ရက်သတ္တလေးပတ်ဆက်တိုက် ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၉၀၀ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၉၈၅ ကျပ် (တစ်တန်ကျပ် ၅၅၁၁၅၀)နဲ့ ဈေးဆက်လက် ကျဆင်းခဲ့ကြောင်းသိရပါတယ်။ကုလားပဲ(ဟော်လန်)ကလည်း ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကျပ် ၁၉၅၀ (တစ်တန် ကျပ် ၁၁၉၄၁၆၀) နဲ့ ရက်သတ္တသုံးပတ် ဆက်တိုက်ဈေးငြိမ်နေခဲ့ပါတယ်။ အလားတူ နှမ်းနီတစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန် ကျပ် ၁၂၂၄၇၈၀ )၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန်ကျပ် ၁၂၉၂၁၄၀)၊ သိပ္ပံနှမ်း တစ်ပိဿာ ၂၅၃၅ ကျပ် ( တစ်တန်ကျပ် ၁၅၅၂၄၀၀) ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။

×××××××××××××××

## တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေးတက်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေး ဆက်လက်မြင့်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က စီပီပြောင်း တစ်ပိဿာ ကျပ် ၄၂၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၄၉၀ (တစ်တန်ကျပ် ၃၀၀၀၇၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ဈေးမြင့်ခဲ့ပေမယ့် ဈေးကွက်အတွင်း လက်ကျန်နည်းသွားတာကြောင့် အရောင်းအဝယ်နည်းနေကြောင်း သိရပါတယ်။ ပဲပုပ်အသစ်က တစ်ပိဿာ ၁၀၂၅ ကျပ် (တစ်တန်ကျပ် ၆၂၇၆၉၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် JICA တို့ပူးပေါင်း၍ "Myantrade Seminar on Trade Business & Export Promotion" အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MYANTRADE) နှင့် JICA အဖွဲ့တို့ပူးပေါင်း၍ အရာထမ်းများနှင့် အမှုထမ်းများအား ကုန်သွယ်မှုလုပ်ငန်းနှင့် ပို့ကုန်တိုးမြှင့်ရေးအခြေခံသော အသိပညာရရှိရေး "Myantrade Seminar on Trade Business & Export Promotion" အတွက် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ကုန်သွယ်မှုသင်တန်း ကျောင်း(TTI)၌ ဇွန်လ ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် JICA Project မှ Mr. HISAO ANDO တို့တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသည် JICA ၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်းတွင် ပါဝင်သည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။ စီမံကိန်းလျာထားကာလမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိဖြစ်ပြီး စီမံကိန်းအရ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာကုန်သွယ်မှု ဆိုင်ရာလမ်းကြောင်းကို သုံးသပ်ဖြည့်စွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်အစီအစဉ်များပြုလုပ်ခြင်းနှင့် အချိန်တိုအတွင်းအကောင်အထည်ဖော်နိုင်ရေး ပံ့ပိုးပေးခြင်း၊ ပို့ကုန်ဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အစီအမံများချမှတ် ဆောင်ရွက်ပေးခြင်း၊ ဦးစားပေးကဏ္ဍအလိုက် ပို့ကုန်တိုးမြှင့်တင်ပို့ရေး စီမံချက်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။



JICA Project Team နှင့် ပူးပေါင်းဆောင်ရွက်ရန် Pilot Project ငါးခုအတွက် လုပ်ငန်းအဖွဲ့ (Working Group) ကို MYANTRADE မှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးစီဖြင့် ဖွဲ့စည်းထားပါသည်။ Pilot Project များမှာ Collection of Oversea Market Information, Exporter Database, Market Research, Improvement of Trade Fair Management, Exporter/Importer Support Services တို့ဖြစ်ပါသည်။ Pilot Project များ အကောင်အထည်ဖော်သွားမည့် အစီအစဉ်နှင့် စပ်လျဉ်း၍လည်း JICA မှ Project ခေါင်းစဉ်အလိုက် တာဝန်ယူမည့် သက်ဆိုင်ရာကြီးကြပ်သူများ၊ တာဝန်ခံများနှင့် ဇွန်လအတွင်း ပထမအကြိမ်တွေ့ဆုံ၍ ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

စီမံကိန်း ရည်ရွယ်ချက်အရ စွမ်းဆောင်ရည်မြှင့်တင်ရေးပံ့ပိုးပေးရာတွင် လူ့စွမ်းအားအရင်းအမြစ် အင်အားတောင့်တင်းမှုမှတစ်ဆင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရာထမ်း၊ အမှုထမ်းများအား နေပြည်တော်၌ ပထမအကြိမ် ဆွေးနွေးပွဲကို မတ်လ ၁၄ ရက်မှ ၁၆ ရက်ထိ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များရှိ Trade Center များမှ ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ပါသည်။

ယခုအခါ အလားတူဆွေးနွေးပွဲကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ထမ်းများအတွက် ရည်ရွယ်၍ ရန်ကုန်မြို့တွင်ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲကာလမှာ သုံးရက်ဖြစ်ပြီး ဆွေးနွေးပွဲသို့ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရန်ကုန်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးများရှိ Trade Center များမှ အရာထမ်း၊ အမှုထမ်းများ၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၃၉ ဦးတက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲ နောက်ဆုံးနေ့ဖြစ်သော ဇွန်လ ၂၃ ရက်တွင် ပထမအကြိမ် တက်ရောက်ခဲ့ပြီးသော ပြည်နယ်တိုင်းဒေသကြီးများရှိ Trade Center များမှ အရာထမ်း၊ အမှုထမ်း ၇ဦးလည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏အခန်းကဏ္ဍ၊ ပို့ကုန်မြှင့်တင်ရန်ဆောင်ရွက်နေသော ဝန်ဆောင်မှုများ၊ လုပ်ငန်းများ၊ကမ္ဘာ့စီးပွားရေး/ဒေသတွင်း စီးပွားရေးဈေးကွက်ပုံသဏ္ဌာန်၊ မြန်မာနိုင်ငံအနေဖြင့်တွေ့ကြုံနိုင်သော စိန်ခေါ်မှုများ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ စံနှုန်းများနှင့်တာဝန်များ၊ သတင်းအချက်များကောက်ယူမှုပုံစံများနှင့် လေ့လာသုံးသပ်ရန် ကိစ္စများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ - NES လက်ရှိအကောင်အထည်ဖော်နေသော ဦးစားပေးကဏ္ဍများ၊ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဦးတည်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းမှ အောင်မြင်စေရန်လုပ်ဆောင်ရမည့်ကိစ္စများ၊ နိုင်ငံတကာနှင့် နှစ်နိုင်ငံ စာချုပ်ချုပ်ရာ၌ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုပေးရန်ကိစ္စများ၊ Regional Trade Promotion Plan ရေးဆွဲနိုင်ရေး Team Set-up, Product Select, Marketing Plan တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စများ စသည်တို့ကို ဆွေးနွေး ပို့ချပေးခဲ့ပါသည်။

ဆွေးနွေးပွဲတွင် JICA မှကျွမ်းကျင်သူများ၊ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ မိမိဌာနမှ အဆင့်မြင့်အရာထမ်းများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့ များမှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပူးပေါင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သန်းသန်းနု(STP-MYANTRADE)**

# အောင်လံမြို့နယ် ပြလို့ကျေးရွာမှ လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှု လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်၊ မကွေးမြို့ အ-ထ-က(၄)တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် အောင်လံမြို့နယ် စားသုံးသူရေးရာဦးစီး ဌာနတို့၏ပူးပေါင်းမှုဖြင့် အောင်လံမြို့နယ် ပြလို့ကျေးရွာရှိ တစ်နိုင်တစ်ပိုင်ကုန်ထုတ်လုပ်ငန်းရှင်များအား ဇွန်လ ၁၆ ရက်က ထုတ်ကုန်လုံခြုံစိတ်ချရမှု လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး ဦးစီးမှူးဦးကျော်စွာဝင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားတာဝန်ခံ ဦးသံချောင်းက ပိုးသတ်ဆေးဓါတ်ကြွင်းများ၏အန္တရာယ်များအကြောင်းကိုလည်းကောင်း၊အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စိုးစိုးစံက လုပ်ငန်းမှတ်ပုံတင်ရန်အကြောင်းအရာများနှင့် အချိုရည်နှင့်စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ပါဝင်ရမည့် အမျိုးအစားလိုက် ထည့်သွင်းရမည့်အချိုးအစားတို့အကြောင်းကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အစားအသောက်များတွင် အသုံးပြုသည့် ဖြည့်စွက်အာဟာရအကြောင်းနှင့် အနံ့အရသာအတွက် ထည့်သွင်းရမည့်ဖြည့်စွက်ပစ္စည်းများအကြောင်းကိုလည်းကောင်း၊ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို နှစ်ရက်တာ သင်ကြားပို့ချခဲ့ရာ သရက်ခရိုင်အတွင်းရှိ မလိုင်လုံး၊နံကထိုင် လုပ်ငန်းရှင် စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြပါသည်။

အလားတူ မကွေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ဇွန်လ ၁၉ ရက်တွင် မကွေးမြို့ အ-ထ-က(၄)သို့ သွားရောက်ကာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောခဲ့ကြသည်။အဆိုပါဟောပြောပွဲသို့ အ-ထ-က(၄)မကွေးမြို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများ စုစုပေါင်း ၆၆၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**စန္ဒာစိုးလွင်(မကွေး)**

# သန်လျင်တပ်နယ်အတွင်းရှိ အရာရှိ/စစ်သည်၊ အိမ်ထောင်သည်ရဲမေများ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့်တာဝန်ရှိသူဝန်ထမ်းများ၊ တောင်ပိုင်းခရိုင်ဦးစီးမှူးတို့သည် ဇွန်လ ၁၄ ရက်က သန်လျင်မြို့နယ်၊ ရေတပ်ဌာနချုပ်ရှိ တပ်နယ်ခန်းမတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ သန်လျင်တပ်နယ်အတွင်းရှိ အရာရှိ/စစ်သည်၊ အိမ်ထောင်သည်ရဲမေများကို စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ စုစုပေါင်း ၆၅၀ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် သန်လျင်တပ်နယ်၊ အမှတ်(၂၂) တပ်မတော်ဆေးရုံခုတင်(၁၀၀)တပ်မှူး ပြည်သူ့ကျန်းမာရေးပါရဂူ ဗိုလ်မှူးမင်းသူက နှုတ်ခွန်းဆက်အဖွင့်စကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဟောပြောခဲ့ပါတယ်။

ထို့အပြင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ တောင်ပိုင်းခရိုင်ဦးစီးမှူးဦးစီးအရာရှိ ဒေါက်တာရည်မွန်ဖြိုးက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူများအနေဖြင့် စားသုံးသူများ၏ အခွင့်အရေးများကိုအရယူ၍ ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲကြရန် လိုအပ်ကြောင်းကို အသေးစိတ် ဆွေးနွေးခဲ့ပါတယ်။

အလားတူ ဇွန်လဒုတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ငါးနေရာ၊ အနောက်ပိုင်းခရိုင်တွင် နှစ်နေရာ၊ တောင်ပိုင်းခရိုင်တွင်(၁၁)နေရာ၊မြောက်ပိုင်းခရိုင်တွင်(၁၀)နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိပါတယ်။ **စိုးစိုးဦး(စားသုံးသူ)ရန်ကုန်**

# မူဆယ်ကုန်သွယ်ရေးဇုန်အနီး တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်များအား ဖမ်းဆီး

မူဆယ်ကုန်သွယ်ရေးဇုန်အား ရှောင်ကွင်း၍ ကုန်ပစ္စည်းများ သယ်ဆောင်လျက်ရှိကြောင်း သတင်းများရရှိသဖြင့် မူဆယ်ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်သူရ ဦးဆောင်သည့်အဖွဲ့သည် OSS အဖွဲ့ဝင်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား တာဝန်ပေး၍ တားဆီးစေခဲ့သည်။

OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇွန်လ ၂၀ ရက်တွင် မူဆယ်ကုန်သွယ်ရေးဇုန်အား ရှောင်ကွင်း၍ လားရှိုးမှ မူဆယ်ဘက်သို့ ကုန်စုံပစ္စည်းများနှင့် စတီးအိုးကြီး၊ ကနုတ်ပါ ကုလားထိုင်၊ သစ်သားဘုရားစင်၊ သစ်သားဘီရို၊ သစ်သား ကုတင်များ တင်ဆောင်မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်နှစ်စီးနှင့် ယူကလစ်တောအနီး ညောင်ပင်ကုန်းတွင် တရုတ်နိုင်ငံလုပ် ဆိုင်ကယ်များအား တရားမဝင် တင်ဆောင်လာသော ခြောက်ဘီးယာဉ်သုံးစီးတို့အား စစ်ဆေးတွေ့ခဲ့ရသဖြင့် မူဆယ် ကုန်သွယ်ရေးဇုန်အတွင်းသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ စစ်ဆေးရာတွင် တရားမဝင် ကုန်ပစ္စည်းများ တင်ဆောင်လာသည်ကို သိရှိရသဖြင့် မူဆယ် ကုန်



သွယ်ရေးဇုန်မှ တာဝန်မှူးထံသို့အပ်နှံ၍ယာယီထိန်းသိမ်းထားရှိခဲ့ သည်။

တရားမဝင် ကုန်ပစ္စည်းများတင် ဆောင်လာသော ကင်တာအမျိုးအစား ခြောက်ဘီးယာဉ်ငါးစီးနှင့် ယာဉ်ပေါ်တွင် ပါရှိသည့် ပစ္စည်းတို့အား အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်ပေးရန် OSS အဖွဲ့သို့ အကြောင်းကြားခဲ့ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်၏သတင်းပေးပို့ချက်အရ သိရသည်။

**မူဆယ်ကုန်သွယ်ရေးဇုန်**

# ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းသုံးခုစလုံးမှ ရေထွက်ကုန် တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၂၁၁ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၁၇၄ တန် ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၆၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်း သုံးခုစလုံးမှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုကျဆင်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံနဲ့ ကဏန်းတို့ကို တန် ၇၀ နီးပါး၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၄ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်၊ ကင်းမွန်၊ ရေဘဝဲနဲ့ အခြားရေထွက်တို့ကို ၁၁၄၂ တန်ကျော်နဲ့ မြိတ် ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ရေချိုပုစွန်၊ အေးခဲကင်းမွန်၊ ပြည်ကြီးငါးနဲ့ သဲကဏန်းတို့ကို ၉၉၈ တန်ကျော် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၉၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၁၃၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၁၁၀ သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၄ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၅ သန်းတန်ဖိုးရှိရေချိုငါးမြစ်ချင်း ၈၅ တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၉ သန်း တန်ဖိုးရှိငါးသလောက်နဲ့ ရေချိုပုစွန်တို့ကို ၄၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၁ သန်းတန်ဖိုးရှိမန်ကျည်းစေ့၊ ဆီးသီးခြောက်နဲ့ ဆီးယိုထုပ် တို့ကို ၂၆၅ တန်၊ မောင်တော ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များအပြင် အမေရိကန် ဒေါ်လာ သုညဒသမ ၀၆၀သန်းတန်ဖိုးရှိ ချင်းစို၊ ဧည့်မထဆန်၊ ဆီးသီးခြောက်၊ ဝက်ခြံပျောက် ခရင်မ်၊ သနပ်ခါးနဲ့ ဆီးယိုတို့ကို ၂၀၅ တန် တင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့


မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၁၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၈၈၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၁၀၀၇ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ချိန်အားဖြင့် ၁၁၉ တန်၊ တန်ဖိုးအားဖြင့် သုည ဒသမ ၁၆၀ သန်းလျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ငါးမှုန့်၊ ပုစွန်ခြောက်အသေး၊ ပုစွန်ခြောက်အကျိုးတို့ တင်ပို့ခဲ့ပြီး ငါးလေးခြောက်၊ ကဏန်းနဲ့ခရုတို့ပိုမို တင်ပို့နိုင်ပေမယ့် အခြားရေထွက်ကုန်များ တင်ပို့မှုလျော့နည်းခြင်းကြောင့် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ငါးရှဉ့်တစ်တန်ကို ယွမ် ၃၁၀၀၀၊ ကဏန်း တစ်တန်ကို ၅၃၉၃၄ ယွမ်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးများ ပိုမိုတင်ပို့လျက်ရှိ

မြန်မာ- အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၀၃ သန်းတန်ဖိုးရှိကွမ်းသီးတန် ၈၇၀ ခန့်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၅၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၇ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူး နယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်းခဲ့သော်လည်း ရိဒ်နယ်စပ်မှ ကွမ်းသီးများ ပိုမိုတင်ပို့ ခဲ့တဲ့အတွက် အိန္ဒိယသို့ ကွမ်းသီး



တင်ပို့မှု အားကောင်းနေတယ်လို့ သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၇ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၂၀ ခန့်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၈၆ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၈၅၀ ခန့်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှ ကွမ်းသီးတစ်မျိုးသာ အိန္ဒိယသို့တင်ပို့ခဲ့သော်လည်း တမူး ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၂၂၄ သန်းတန်ဖိုးရှိစီးကရက်၊ ပဲပုပ်စေ့နဲ့ နန်းဖာလုံအမယ်စုံတို့ကို ၂၅တန် တင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တာချီလိတ်မှ လက်ဖက်ခြောက်ပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်း တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၉၄၀ တန်ဖိုးရှိ လက်ဖက် ခြောက် ၈၁ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၆၈ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ လည်း အမေရိကန်ဒေါ်လာ ၆၈၅၈ တန်ဖိုးရှိ လက်ဖက်ခြောက် ၂၂ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၆ တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။

ရှမ်းပြည်နယ်ရှိ စံပြလက်ဖက်ခြောက်စက်ရုံတွင် အခြောက်ခံပြီး ထွက်ရှိလာတဲ့ လက်ဖက်ခြောက်ကို စံချိန်စံညွှန်းမီသဖြင့် ဂျာမနီနိုင်ငံမှ ဝယ်ယူကြောင်း၊ စက်ရုံများမှ ထုတ်လုပ်တဲ့ လက်ဖက်ခြောက်မှာ မိရိုးဖလာနည်းနဲ့ ထုတ်လုပ်တဲ့ လက်ဖက်ခြောက်နဲ့ အရသာကွာခြားပြီး သန့်ရှင်းသပ်ရပ်မှု ပိုမိုကောင်းမွန်တာကြောင့် ကျန်းမာရေးနဲ့ ကိုက်ညီကြောင်း Myanmar Green Tea လက်ဖက်လုပ်ငန်းမှ သိရှိရပါတယ်။

**မော်မော်အောင်**

# တရုတ်၊ ထိုင်းနဲ့အိန္ဒိယနယ်စပ်များမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းလျက်ရှိ

တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၇၆ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၅၈၀ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၄၂၄ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်တင်သွင်းမှုကျဆင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေး ဇုန်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၈၇၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၉၂၆ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၄၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၅၇၄ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၄၉၀ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၄ စီးကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နှစ်ဘီးဆိုင်ကယ်များအပြင် မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၉၉ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၄၉၇ စီးနဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၃၀ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဧရာဝတီတိုင်းဒေသကြီး၌ စိုက်ပျိုးထွက်ရှိသည့် သီဟိုဠ်စေ့များ ပို့ကုန်မြှင့်တင်ရေးအတွက် အလားအလာရှိသည့် သီးနှံဖြစ်လာ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင် နှစ်ရှည်သီးနှံ သီဟိုဠ် စိုက်ဧက ၇၇၃၉၁ ဧက ရှိပြီး ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မြောင်းမြခရိုင်တို့တွင် အများဆုံး စိုက်ပျိုးလျက် လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ သီဟိုဠ်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်ပြီး ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်း၊ အနောက်ဘက် ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် နှင့် ပင်လယ်ပိုင်းဒေသများတွင်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပုသိမ်မြို့နယ်နှင့် သာပေါင်းမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့ကြီး၍ ရေကြည်မြို့နယ်ထွက် သီဟိုဠ်စေ့မှာ အလယ်အလတ်ရှိပြီး မြောင်းမြမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့သေးသော်လည်း အထွက်နှုန်းပို၍ ကောင်းမွန်ကြောင်း၊ စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်သည်အထိ ငါးနှစ် စိုက်ပျိုးရသည်။ အပင်သက်တမ်း နှစ် ၆၀ ရှိသဖြင့် ရေရှည်အကျိုးအမြတ်ရရှိသည့် နှစ်ရှည်သီးနှံ အမျိုးအစားဖြစ်သည်။ သီဟိုဠ်ခူးဆွတ်ခြင်းကို ဖေဖော်ဝါရီလမှ စတင်ခူးဆွတ်၍ မေလမိုးမရွာမီအထိ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်၍ မိုးထိလျှင် သီဟိုဠ်စေ့မှာ မူလအရောင် ပျက်ကာ မည်းသွားပြီး ဈေးကွက်တွင် လည်း အရောင်းအဝယ် မဖြစ်တော့ကြောင်း သိရသည်။

သီဟိုဠ်ပေါ်ချိန် ပုသိမ်မြို့တွင် အဝယ်ဒိုင် ၁၀ ဒိုင်ခန့်နှင့် သာပေါင်းမြို့ပေါ်တွင် ငါးဒိုင်ခန့်၊ မြောင်းမြမြို့ပေါ်တွင် အဝယ်ဒိုင် နှစ်ဒိုင်ခန့်နှင့် ရေကြည်မြို့ပေါ်တွင် အဝယ်ဒိုင် နှစ်ဒိုင်ခန့် ဝယ်ယူလျက်ရှိပြီး ဝယ်ယူရရှိသော သီဟိုဠ်ကုန်ကြမ်းများကို ရန်ကုန်မြို့သို့ အဓိကတင်ပို့၍ ပုသိမ်မြို့နှင့် ရေကြည်မြို့တို့တွင်သာ သီဟိုဠ်စေ့ ကုန်ချော ပြုလုပ်၍ ပြည်တွင်းဈေးကွက်နှင့် Export ဈေးကွက်အဖြစ် တရုတ် နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ သီဟိုဠ်စေ့ကို တန်ဖိုးမြှင့် စားသောက်ကုန်အဖြစ် ချောကလက်၊ ရေခဲမုန့်၊ ထိုးမုန့်၊ ကိတ်မုန့်အမျိုးမျိုး၊ မုန့်မျိုးစုံ၊ ယိုစုံ၊ ဒန်ပေါက်နှင့် ဟိုတယ်စာအဖြစ်နှင့် မုန့်အမျိုးပေါင်း ၂၀၀ ဝန်းကျင်တွင် ပါဝင်အသုံးပြုလျက်ရှိပြီး သီဟိုဠ်စေ့တွင် Vitamine-E ပါဝင်သဖြင့် ပြည်ပနိုင်ငံများတွင် ဆံပင်၊ အသားအရေ လှပသည့် မိတ်ကပ်အကူပစ္စည်း ခေါင်းလိမ်းဆီ ထုတ်လုပ်ရာတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် သီဟိုဠ်စေ့အခွံကို သဘော်ဆေး လုပ်ငန်းတွင်လည်းကောင်း ကုန်ကြမ်း အဖြစ်အသုံးပြုကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ပျိုးသော ဧကများစွာရှိပြီး ဆက်စပ်နေရာများတွင် စိုက်ပျိုးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ ရှိနေခြင်း၊ နေရာမရွေး စိုက်ပျိုးနိုင်ပြီး အထွက်နှုန်းသင့်တင့်ကောင်းမွန်၍ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝယ်လိုအားရှိသည့်အတွက် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်၍ ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုမှ ပို့ကုန်ကဏ္ဍ တိုးမြှင့်တင်ပို့နိုင်ရန် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်ကလည်း သီဟိုဠ်လုပ်ငန်းရှင်များအား တွေ့ဆုံလျက် သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ သီဟိုဠ် အသင်းကို ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းနိုင်ရေး၊ One Village One Product (OVOP) ကဲ့သို့ ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရန်နှင့် တိုင်းဒေသကြီးအတွင်း သီဟိုဠ်လုပ်ငန်းများ ပိုမို ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် သီဟိုဠ် အသင်းကို ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ( ARCCI)၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ ချိတ်ဆက်ဆောင်ရွက်ရမည့်အပိုင်း သာမကမိမိတို့ဌာနအနေနှင့်လည်း သီဟိုဠ်စိုက်ပျိုးသူ တောင်သူများမှ တင်ပြဆွေးနွေးမှုများအပေါ် ဈေးနှုန်း၊ ဈေးကွက် အခြေအနေ၊ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်လိုအပ်ချက်၊ ကုန်စည်စီးဆင်းမှုလေ့လာသုံးသပ်ချက်များနှင့် ကူညီပေါင်းစပ် ညှိနှိုင်းဆောင် ရွက်ပေးရမည့် အပိုင်းများကိုလည်း ဆွေးနွေးညှိနှိုင်း ပေးလျက်ရှိကြောင်း သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိ ပဲပြားထုတ်လုပ်သည့်ပင်ရင်း စက်ရုံများအား ရှောင်တခင် ဝင်ရောက်စစ်ဆေး



မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနနှင့် တိုင်းဒေသကြီးအဆင့်မိတ်ဖက် အဖွဲ့အစည်းများပူးပေါင်း၍ ဇွန်လ ၁၉ ရက်တွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိ ပဲပြားထုတ်လုပ်သည့် ပင်ရင်းစက်ရုံများအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပါတယ်။

ထိုကဲ့သို့ စစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင်ရပ်ရှိ ဦးပိုင်စိုး၏ K အမှတ်တံဆိပ် ပဲပြားထုတ်လုပ်သော စက်ရုံသို့ လည်းကောင်း၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ မုတ်ပုလဲကျေးရွာရှိ ဦးအောင်ဝင်း၏ A နှင့် T အမှတ်တံဆိပ် ပဲပြားစက်ရုံသို့လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ညည ၉/၇၂၊ (င)ရပ်ကွက် ဗထူးလမ်းရှိ ဦးအိုက်ပီး(ခ)ဦးသိန်းမြင့်၏ ပဲပြားထုတ်လုပ်သော စက်ရုံသို့လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရေရှဉ့်ယျ ကျေးရွာအုပ်စု၊ ကံကွဲကျေးရွာရှိ ဦးထွန်းထွန်း၏ Y နှင့် T အမှတ်တံဆိပ်ပဲပြား ထုတ်လုပ်သော စက်ရုံသို့လည်းကောင်း၊ ပဲပြားများတွင် ဘေးဥပဒ်ဖြစ်စေသော ဖော်မလင် ထည့်သွင်းအသုံးပြုမှု ရှိ/မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပါတယ်။

ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင် ဝင်ရောက်စစ်ဆေးရာတွင် ဦးပိုင်စိုး ထုတ်လုပ်သော K အမှတ်တံဆိပ် ပဲပြားနှင့် ဦးအိုက်ပီး(ခ) ဦးသိန်းမြင့် ထုတ်လုပ်သော ပဲပြားများတွင် ဖော်မလင် သုံးစွဲမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ဦးအောင်ဝင်းထုတ်လုပ်သော A နှင့် T အမှတ်တံဆိပ်နှင့် ဦးထွန်းထွန်း ထုတ်လုပ်သော Y နှင့် T အမှတ်တံဆိပ်ပဲပြားများတွင် ဖော်မလင် အသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ဖော်မလင် အသုံးပြုကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့် ပဲပြားစက်ရုံများအား ပူးပေါင်းစစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရမချင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုရန်အတွက် ရက်အကန့်အသတ်မရှိ လုပ်ငန်း ရပ်ဆိုင်းထားရန် ပူးပေါင်းအဖွဲ့ဝင် မြို့တော်စည်ပင်သန့်ရှင်းရေးဌာနက အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **မျိုးထွန်း-စားသုံးသူ(မန္တလေး)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် လက်ခံဆောင်ရွက်ရေးစင်တာများဖွင့်လှစ်

စားသုံးသူပြည်သူများ၏ လိုလားချက်နှင့် အညီ စာသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို လွယ်ကူလျင်မြန်စွာ တိုင်ကြားနိုင်ရေး၊ အချိန်တိုအတွင်း မြန်ဆန်စွာဖြေရှင်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် စာသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ ( Consumer Information and Complaint Center) (CICC) များအား ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါ စင်တာ(CICC) များကို စားသုံးသူပြည်သူများနှင့် ဌာနအကြား ကောင်းမွန်သော ဝန်ဆောင်မှုများ ပိုမိုပေးနိုင်ရေး၊ အလွယ်တကူ သီးခြား လွတ်လပ်ပွင့်လင်းစွာ တိုင်ကြားနိုင်ရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အတွေ့အကြုံရင့် ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ခေတ်မီဆက်သွယ်ရေးကိရိယာများ တပ်ဆင် ဆောင်ရွက်ပေးထားပါသည်။

စားသုံးသူများ၏ နစ်နာမှုများနှင့်ပါဝင်ပတ်သက်သည့် တိုင်ကြားခြင်းသည် လူတစ်ဦး၊ တစ်ဖွဲ့နှင့် လုပ်ငန်းများ ထိခိုက်နစ်နာအောင် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အရည်အသွေး၊ စံချိန်စံညွှန်းမီ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်စေခြင်းဖြင့် တိုးတက်ကောင်းမွန်သော လူမှုပတ်ဝန်းကျင် ဖြစ်ပေါ်ရေးကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ခြင်းပင်ဖြစ်သည်။ သို့ပါ၍ စားသုံးသူပြည်သူများမှ စားသုံးသူ အခွင့်အရေးနှင့်ပတ်သက်၍ နစ်နာမှု၊ ဆုံးရှုံးမှုများကြုံတွေ့ပါက ‘စားသုံးသူ သတင်းပြန်ကြားရေးနှင့် လက်ခံဆောင်ရွက်ရေးစင်တာ-CICC’များသို့ ပွင့်လင်းမြင်သာစွာဖြင့် လျင်မြန်စွာ တိုင်ကြားကြပါ။ ‘စားသုံးသူသတင်းပြန်ကြားရေးနှင့် လက်ခံ ဆောင်ရွက်ရေးစင်တာ - CICC’ များမှလည်း အချိန်တိုအတွင်း သွက်လက်လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် စားသုံးသူများ၏ နစ်နာ ဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရန် CICC ရုံးများအား ဖွင့်လှစ်လျက်ရှိပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဖုန်း - ၀၆၇-၄၃၀၄၆၈၊ ဖက်စ် - ၀၆၇-၄၃၀၄၆၇၊ ရန်ကုန် ဖုန်း - ၀၁-၂၄၅၀၈၆၊ ဖက်စ် - ၀၁-၃၇၅၀၅၈၊ ပဲခူး ဖုန်း - ၀၅၂-၂၂၂၁၁၀၈၊ ဖက်စ် - ၀၅၂-၂၂၂၁၈၄၄၊ ဧရာဝတီ ဖုန်း - ၀၄၂-၂၄၅၂၃၊ ဖက်စ် - ၀၄၂-၂၄၅၂၀၊ မန္တလေး ဖုန်း - ၀၂-၃၆၃၄၀၊ ဖက်စ် - ၀၂-၃၆၃၄၀၊ ရခိုင် ဖုန်း - ၀၄၃-၂၃၄၂၆၊ ဖက်စ် - ၀၄၃-၂၁၁၁၇၊ မကွေး ဖုန်း - ၀၆၃-၂၃၁၉၆၊ ဖက်စ် - ၀၆၃-၂၃၁၉၉၊ ရှမ်း(တောင်ပိုင်း) ဖုန်း - ၀၈၁ - ၂၁၂၁၆၁၅၊ ဖက်စ် - ၀၈၁-၂၁၂၁၆၂၇၊ ရှမ်း(အရှေ့) ဖုန်း - ၀၈၄-၂၁၀၃၄၊ ဖက်စ် - ၀၈၄-၂၁၀၃၄၊ ရှမ်း (မြောက်) ဖုန်း - ၀၈၂-၂၂၀၃၄၉၃၊ ဖက်စ် - ၀၈၂-၂၂၀၃၀၁၉၊ ကရင် ဖုန်း - ၀၅၈-၂၁၀၄၁၊ တနင်္သာရီ ဖုန်း - ၀၅၉-၂၁၀၅၆၊ ၀၅၉-၂၂၆၀၅၊ ဖက်စ် - ၀၅၉-၂၁၀၆၉၊ ကချင် ဖုန်း- ၀၇၄-၂၂၄၁၇၊ ၀၇၄-၂၂၄၅၉၊ ဖက်စ် ၀၇၄-၂၂၃၃၅၊ ကယား ဖုန်း - ၀၈၃-၂၁၄၉၇၊ ဖက်စ် - ၀၈၃-၂၁၀၀၅၊ မွန် ဖုန်း - ၀၅၇-၂၄၈၀၉၊ ဖက်စ် - ၀၅၇-၂၄၃၁၈၊ စစ်ကိုင်း ဖုန်း - ၀၇၁-၂၁၀၂၀၊ ဖက်စ် - ၀၇၁-၂၁၁၅၉ စသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သတင်းရရှိပါသည်။ **နိုင်ဦး၊ မြင့်မြင့်ချို**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အစဉ်ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြု ချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည် ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။




# မြန်မာ – တရုတ် နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ရွှေလီမြို့ရှိဘဏ်များက ယာယီပိတ်သိမ်းခဲ့သည့်

## မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား ပြန်လည်ဖွင့်လှစ်နိုင်

မြတ်စိုး

မြန်မာ-တရုတ်နှစ် နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုဆောင်ရွက်ရာတွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ နှစ်နိုင်ငံကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်ပေးလျက်ရှိရာ ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုကို တရုတ်နိုင်ငံ ရွှေလီမြို့ Agricultural Bank of China, China Construction Bank နှင့် Industrial and Commercial Bank of China ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန်လ ၁၅ ရက်မှစ၍ မြန်မာနိုင်ငံသား ပို့ကုန်/သွင်းကုန် ကုန်သည်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံဘက်မှ ယာယီ ပိတ်သိမ်းခဲ့သည်။

ထိုသို့ ဘဏ်စာရင်းများပိတ်သိမ်းခဲ့မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်နိုင်ငံ ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးကောင်စစ်ဝန်နှင့် စတင်ညှိနှိုင်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ဘဏ်စာရင်းများ ထပ်မံပိတ်သိမ်းခဲ့မှုသတင်းများအပေါ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးသို့ ၎င်းနေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဖြေရှင်းဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့သည်။

ထို့အပြင် မြန်မာကုန်သည်များ၏ ငွေစာရင်းများ ပိတ်သိမ်းခဲ့မှုအား မည်သည့်အတွက်ကြောင့် ပြုလုပ်ခြင်းဖြစ်သည်ကို သိရှိလိုကြောင်း၊ ပိတ်ထားသော မြန်မာနိုင်ငံသား ကုန်သည်လုပ်ငန်းရှင်များ၏ ငွေစာရင်းများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန် ရွှေလီမြို့ပါတီကော်မတီ အတွင်းရေးမှူးနှင့် ရွှေလီမြို့အစိုးရဌာန ပြည်ပရေးရာတာဝန်ခံတို့ထံ ညှိနှိုင်းအကြောင်းကြားခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးဖြေရှင်းကူညီပေးရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးသို့လည်း ညှိနှိုင်းအကြောင်းကြားခဲ့သည်။

၂၀၁၇ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ပဲ၊ ပြောင်း၊ နှမ်းအသင်း၌ Bank Account များ ပိတ်ထားခြင်း နှင့်ပတ်သက်သည့် ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ပြင်ပ၊ အစိုးရအထောက်အကူပြုလူမှုနိုင်ငံရေးအင်အားစုမှ ကိုယ်စားလှယ်များ၊ ပဲ၊ ပြောင်း၊ နှမ်းအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လူအင်အား ၁၈၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဇွန်လ ၁၈ ရက်တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး၊ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့ဦးစီး၍ ခရိုင်စီမံ ခန့်ခွဲရေးကော်မတီဝင်များသည် ရွှေလီမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန်ဦးစီးအဖွဲ့နှင့် မူဆယ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ရာ ရွှေလီမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန်မှ တရုတ်နိုင်ငံ လွေမုန်ကူးပြည်နယ်၊ အန်ဝေပြည်နယ်နှင့် အတွင်းမွန်ဂိုလီးယားတို့တွင် Online မှ လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ပြီး ငွေကြေးများ တရားမဝင်လွှဲပြောင်းခြင်း၊ ငွေသွင်း/ ငွေထုတ်လုပ်ငန်းများ ဆောင်ရွက်နေခြင်းများကြောင့် တစ်ဖက်နိုင်ငံ ရွှေလီမြို့ပေါ်ရှိ ဘဏ်ခွဲများမှ Bank Account ၃၄၉ ခုအား စစ်ဆေးရန်အတွက် ခေတ္တပိတ်ထားခဲ့ရာ မြန်မာနိုင်ငံသားပိုင် Bank Account ၁၃၂ ခုပါဝင်နေကြောင်း သိရှိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ တရုတ်နိုင်ငံ ပြည်တွင်းလုံခြုံရေး ဝန်ကြီးဌာနက တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းလျက်ရှိရာ အမှုနှင့်မသက်ဆိုင်သော ဘဏ်စာရင်းများအား စိစစ်ဖြေရှင်းရေးအတွက် အထူးအဖွဲ့ကို ဖွဲ့စည်းထားခဲ့ကြောင်း တရုတ်နိုင်ငံဘက်မှ အသိပေးခဲ့ပါသည်။ အဆိုပါဖြစ်စဉ်ကို ယူနန်ပြည်နယ် အစိုးရပင် သိရှိခြင်းမရှိဘဲ တိုက်ရိုက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ဘက်မှ ရွှေလီဒုတိယမြို့တော်ဝန်ကို တာဝန်ပေး၍ အမြန်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တရုတ်ဘက်မှ ဇွန် ၁၈ ရက်တွင် ဆက်သွယ်ပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၇ ခုနှစ် ဇွန်လ ၂၀ ရက် ၁၄း၀၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီ တာဝန်ခံ Mr.Chen Chen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ ယူနန်ပြည်နယ်၌ လတ်တလော ဖြစ်ပေါ်နေသည့် ကုမ္ပဏီလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများ ယာယီပိတ်သိမ်းမှုများတွင် မြန်မာ-တရုတ် နှစ် နိုင်ငံ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှု ဆောင်ရွက်နေသော မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်အချို့၏ ဘဏ်စာရင်းများ ပါရှိခဲ့သည်ဟု ကြားသိရ၍ ယူနန်ပြည်နယ်စိုးရနှင့် ပူးပေါင်းပြီး သတင်းထုတ်ပြန်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယခုလို အင်တာနက်လောင်းကစားမှုများ ပြုလုပ်နေခြင်းကို မလိုလားပါကြောင်း၊ အဆိုပါပြဿနာကို နိုင်ငံအသီးသီးမှ စိတ်ဝင်တစား စောင့်ကြည့်နေကြပါကြောင်း၊ ပြဿနာဆက်လက် မကြီးထွားစေလိုပါကြောင်းနှင့် အဆိုပါပြဿနာသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပုံရိပ်ကို ညှိုးနွမ်းစေနိုင်ပါ ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မိမိတို့ဘက်မှ ကုန်သွယ်မှုလုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်နေသော်လည်း မသမာသူ ဘဏ်စာရင်းပိုင်ရှင်နှင့် လုပ်ငန်းသဘာဝခြင်း ဆက်ဆံမိသည့်အခါ မိမိတို့နိုင်ငံဘက်မှ ကုန်သည် လုပ်ငန်းရှင်ဘဏ်စာရင်းအား မသင်္ကာစရာ ဘဏ်စာရင်းအဖြစ် ယူဆခြင်းဖြစ်နိုင်ကြောင်း၊ ယင်းပြဿနာအား အမြန်ဆုံး စုံစမ်းစစ်ဆေးစေလိုပါကြောင်း၊ မိမိတို့နိုင်ငံမှ ပါဝင်ပါကလည်း ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မသမာသူဘဏ်စာရင်း ပိုင်ရှင်များအား တိတိကျကျစုံစမ်း၍ အမြန်ဆုံး အရေးယူပေးစေလိုကြောင်း၊ အဆိုပါပြဿနာကြောင့် နှစ်နိုင်ငံကုန်သွယ်မှု ရပ်တန့်မသွားသော်လည်း အနည်းငယ် တုံ့ဆိုင်းသွားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘဏ်မှ ကုန်ပစ္စည်းများအား မိမိတို့အနေဖြင့် လွတ်လပ်စွာ တင်ပို့/တင်သွင်းခွင့် ပြုထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့လျက်ရှိသော ကုန်ပစ္စည်းများမှာ ဆန်၊ ပြောင်းနှင့် သစ်သီးဝလံများဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏကို တိုးမြှင့်စေလိုပါကြောင်း၊ မြန်မာနိုင်ငံမှ ဆန်နှင့်ပြောင်းကို ခွဲတမ်းသတ်မှတ်ချက်မရှိဘဲ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ပေးရန် ညှိနှိုင်းစာပေးပို့လိုပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ရပ်များကြောင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များအား မထိခိုက်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံက နယ်စပ်ဒေသ၌ လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ထိခိုက်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်မိပါကြောင်း၊ တရုတ် - မြန်မာ နယ်စပ် ဒေသများရှိတရားမဝင်လုပ်ငန်းများအား တရုတ်နိုင်ငံဘက်မှ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ရာတွင် တရားမဝင်လုပ်ငန်းများအတွက် အသုံးပြုနေသည့် Bank Account ၅၀၀၀ ကျော်ခန့်ကို ဖော်ထုတ်စစ်ဆေး တွေ့ရှိခဲ့ပါကြောင်း၊ ၎င်း Bank Account ၅၀၀၀ ကျော်ထဲမှ ၂၀၀ ကျော်သည် မြန်မာကုန်သည် လုပ်ငန်းရှင်များပါဝင်နေပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရားမဝင် အင်တာနက်လုပ်ငန်းများကို အခြေခံ၍ အင်တာနက်လောင်းကစားမှု လုပ်ငန်းများနှင့် ငွေကြေးခဝါချမှုများကို လုပ်ကိုင်နေခြင်းကြောင့် တရုတ်နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖော်ထုတ်စိစစ်စုံစမ်းဆောင်ရွက်နေသည်မှာ တစ်နှစ်ခန့်ကြာမြင့်နေပြီဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍စုံစမ်းစစ်ဆေးမှုလုပ်ငန်းများ၊ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရန် ကြိုတင်အသိမပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း ပြည်ထဲရေးဝန်ကြီးဌာနသို့ ယခုလိုစုံစမ်းစစ်ဆေးမှုများ ပြုလုပ်လိုသည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှု ဆက်ဆံရေးများ ကြန့်ကြာခြင်း၊ ချစ်ကြည်ရင်းနှီးမှုများ ပျက်ပြားနိုင်ကြောင်း၊ အသိပေးပြောကြားခဲ့ပါကြောင်း၊ ယခုပြဿနာသည် မြန်မာနိုင်ငံ၏ ကုန်သည်လုပ်ငန်းရှင်များနှင့် တိုက်ရိုက် ဆက်စပ်မှုရှိမည်ဟု မထင်ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံက ယခုပြဿနာဖြစ်ရခြင်းသည် မသမာသူများက ကုန်သည်လုပ်ငန်းရှင်များ၏ Account အား အသုံးချ၍ တရားမဝင်လုပ်ငန်းများ၊ ပြဿနာများ ဖန်တီးလိုက်သည်ဟု စုံစမ်းသိရှိရပါကြောင်း၊ မြန်မာကုန်သည် လုပ်ငန်းရှင်များ၏ အခက်အခဲကို နားလည်ပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန် အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်မှု လုပ်ငန်းကြန့်ကြာမှု မရှိစေရန်နှင့် ထိခိုက်နစ်နာမှုများမရှိအောင် အစွမ်းကုန် ကြိုးစားပေးမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

ထို့အပြင် အဆိုပါကိစ္စနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် ဇွန်လ ၂၂ ရက် နံနက် ၁၀း၀၀ နာရီ အချိန်တွင် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံရုံးမှ သံမှူးအား လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

စာမျက်နှာ - ၃၀ ➢


AYEYAR HINTHAR HOLDINGS COMPANY LIMITED
AYEYAR HINTHAR HOLDINGS COMPANY LIMITED
Ayeyar RICE
Hot Line- 09 261 154 343,
09 421 062 193
www.facebook.com/Ayeyar.Rice
SEVEN 7 ALUMINIUM
www.7aluminium.com
OUR SERVICES
Aluminium Profile & Section
Aluminium Sliding Doors and Window
Aluminium Casement Windows, Curtain Walls & Partition
Hydraulic Doors
Aluminium Composite Panel
Toilet Partition
Tempered Glass, Float Glass, Insulated Glass Supply & Installation
Spider Glass Supply & Installation
Glass Wall
Glass Partition
Skylight
SEVEN Aluminium Co.,Ltd


HTOO HTET ZAN GROUP OF COMPANIES
CATERING SERVICE,HOTEL SUPPLY & FURNITURE
Sein Win
Executive Director
Htoo Htet Zan Catering Service
Mob : 09-5047900 / 09 970929896
Email : mgseinwin@gmail.com
Coffee .Com
Adress- No.39,Ground Floor,Baho Road(Zayawaddy St),Sanchaung Tsp,Yangon.
Tel: 09-5047900,09-970929896 Wechat-00959-785047900,00959-970929896
E-mail-maungseinwin@gmail.com

## ရော်ဘာ

# ရော်ဘာဈေး အနည်းငယ်ပြန်တတ်

ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၄ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၂၂၅၅ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 ၃၇၁ တန်ကျော်၊ RSS 5 ၈၅၈ တန်၊ MSR 20 ၃၃၁ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၁၀ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှRSS3 ၄၄၆ တန်၊ RSS 1 ၆၈ တန်ခန့်၊ MSR 20 ၁၂၁ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ၁၄၉၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရော်ဘာ ၇၆၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာရော်ဘာ ပိုမိုတင်ပို့နိုင်သလို ရော်ဘာဈေးလည်း တက်လာပါ တယ်။ မူဆယ်ကုန်စည်ဒိုင်မှာ RSS 3 တစ်တန် ကျပ် ၁၉ ဒသမ ၄၁ သိန်း၊ တစ်တန်ကျပ် ၁၈ ဒသမ ၄၅ သိန်းရှိပြီး တစ်တန်လျှင် ၁၈၈၈၂ ကျပ်ဈေးတက်ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၁၁ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၉ သန်းတန်ဖိုးရှိ MSR 20 ရော်ဘာ ၁၉၆ တန်တင်ပို့ ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၁၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၂၁ တန်တင်ပို့မှု လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာရော်ဘာဈေးမှာ RSS တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ဈေးတက်ပြီး MSR မှာ ဈေးအတက်အကျ မရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း RSS တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀ ဈေးတက်ပြီး MSR ဈေးကို ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၁၈၅၀-၁၉၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

## ငှက်ပျော

# သဘာဝငှက်ပျောစိုက်တောင်သူများ ဝင်ငွေတိုးစေဖို့

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာ ပင်ခရိုင်၊ ကနီမြို့နယ် မုဋ္ဌောကျေးရွာတွင် အိမ်ခြေ၂၀၀ကျော်ရှိသည့်အနက် အိမ်ခြေ ၂၀ ခန့်မှာ ငှက်ပျောစိုက်ပျိုး ကြပြီးငှက်ပျော စိုက်ဧက ၆၀-၇၀ ခန့် ရှိပါတယ်။ တစ်ဧကလျှင် ငှက်ပျော ပင် ၁၅၀ ခန့် စိုက်ပျိုးရပြီး တစ်ဧကစိုက်ပျိုးလျှင် နှစ်သိန်းခွဲ၊ သုံးသိန်း ဝန်းကျင်ခန့် ကုန်ကျပါတယ်။ ငှက်ပျော တစ်ခိုင်လျှင် ပျမ်းမျှ ၇ နှုန်း ဖီးခန့် ရရှိမည်ဖြစ်ပြီး တစ်ဧကထွက်ရှိသည့် ငှက်ပျောခိုင် ၁၅၀ လျှင် အဖီး ၁၀၅၀ ထွက်ရှိမှာ ဖြစ်ပါတယ်။

ပွဲစားများက ရွာသို့လာရောက်ပြီး တစ်ဖီးလျှင် ကျပ် ၃၅၀ နှုန်းဖြင့် ကောက်ယူ သဖြင့် တစ်ကြိမ်လျှင် အဖီး ၃၀၀-၄၀၀ ခန့် ရောင်းချရပြီး တစ်ခါရောင်းချလျှင် တစ် သိန်းကျော်ခန့်ရရှိပါတယ်။ ငှက်ပျောပင်မှာ အခိုင်ခုတ်ယူပြီး အပင်လှဲပစ်ရသော် လည်း ငှက်ပျောသားတက်များထွက်ရှိသဖြင့် ပြန်လည်စိုက်ပျိုးရန်မလိုတဲ့အတွက် စိုက်ပျိုးရန် သင့်တော်သော သီးနှံအမျိုးအစားတစ်မျိုးလည်းဖြစ်ပါတယ်။ ယခုအခါ တချို့သော ဒေသများတွင် မြေဆီပက်ပြီး ရေသွင်း၍ ငှက်ပျောစိုက်ပျိုးသူများရှိလာ သဖြင့် ဝယ်လက်နည်းလာကြောင်း သိရပါတယ်။

"ကျွန်တော်တို့ ရွာကထွက်တဲ့ ငှက်ပျောက ရေသွင်း၊မြေဆီပက်ပြီး စိုက်ပျိုးတာ မဟုတ်ဘဲ နွားချေးချ စိုက်ပျိုးတဲ့အတွက် စားသုံးတဲ့အခါ အရသာတော်တော် ကွာကြောင်းသိရပါတယ်။ သို့သော်လည်း တချို့စားသုံးသူက အလုံးထွားပြီး ဈေးချို တာကြည့်ပြီးစားသုံးကြတဲ့အတွက် ငှက်ပျောစိုက်ပျိုးရတာ သိပ်အလုပ်မဖြစ်တော့ပါ ဘူး။ စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပြီးနောက်ပိုင်းတွင် သဘာဝမဟုတ် တဲ့ ဓါတ်မြေသြဇာသုံးတဲ့ အသီးအနှံတွေရဲ့ ဆိုးကျိုးအန္တရာယ်အကြောင်းနှင့် စားသုံး သူများအတွက် အကာအကွယ်ပေးရေးဟောပြောပွဲတွေပြုလုပ်နေတဲ့အတွက် စား သုံးသူ ပြည်သူတော်တော်များများ သိရှိလာမယ်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း မှည့်ဆေး အသုံးပြုရောင်းချတာတွေ ပိတ်ပင်တားမြစ်လိုက်ရင်တော့ စားသုံးသူ လည်း အန္တရာယ်ကင်းမယ်။ ကျွန်တော်တို့လို သဘာဝအတိုင်း စိုက်ပျိုးရောင်းချတဲ့ ငှက်ပျောစိုက်တောင်သူ၊ သဘာဝအတိုင်း စိုက်ပျိုးကြတဲ့ အခြားသီးနှံစိုက်တောင်သူ တွေ စီးပွားဖြစ်မယ်ဆိုတဲ့ မျှော်လင့်ချက်ရှိလာပါတယ်"လို့ မုဋ္ဌောကျေးရွာမှ ငှက်ပျောစိုက် တောင်သူတစ်ဦးက ပြောကြားခဲ့ပါတယ်။ **(မိုးမိုးမြင့်)ယင်းမာပင်**

## ပြောင်း

# တရုတ်နယ်စပ်ရော ထိုင်းနယ်စပ်မှပါ ပြောင်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ် ရေးဇုန်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေး စခန်းစုံမှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၈၄ သန်းတန်ဖိုးရှိပြောင်းဖူးစေ့ ၁၇၆၀၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်း အလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၂၈၆၇ တန်ကျော်၊ လွယ်ဂျယ်မှ ၃၇၄၅ တန်၊ ချင်းရွှေဟော်မှ ၉၇၆ တန်ခွဲနဲ့ ကန်ပိုက်တီမှ တန် ၂၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ ပြောင်းဖူးစေ့ ၂၀၁၉၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၈၅ တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်မှာ ပြောင်းတစ်တန်ကို ၂၅၆၈၀၉ ကျပ်ရှိရာမှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်မှာ ၂၅၉၃၃၂ ကျပ်သို့ ဈေးဆက်လက်မြင့်တက်လာခဲ့ကြောင်း၊ မူဆယ်မှာပြောင်းတစ် ပိဿာ သယ်ယူခမှာ ၅၇-၆၂ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၇၁၄ စီးဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၄၄၀ ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ် ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၂၆၃၀ တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရ ပါတယ်။ **မော်မော်အောင်**

## သကြား

# တရုတ်နယ်စပ်မှ သကြားပိုမိုတင်ပို့ပြီး ထိုင်းနယ်စပ်မှလည်း သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ် ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၁၀ သန်းတန်ဖိုးရှိ Re-export သကြား ၂၁၄၇၆ တန် ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၈၅၆၄ တန်နဲ့ ချင်းရွှေဟော်မှ ၂၉၁၂ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခု မှ သကြားတန်ချိန် ၂၀၄၅၀ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ် ပတ်မှာ တရုတ်နိုင်ငံသို့သကြား ၁၀၂၆ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကို ကျပ် ၇၇၂၂၀၀ ရှိပြီး တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၃၉၆၀ ရှိတယ်လို့ သိရပါ တယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄၉ သန်းတန်ဖိုးရှိ Re-export သကြား ၆၄၅၃ တန်ကို ထိုင်းနိုင်ငံမှ တင်သွင်းလာခဲ့ရာ ယခင် တစ်ပတ်ကတင်သွင်းခဲ့တဲ့ ၅၆၅၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန်ရှစ်ရာကျော်ပိုမိုတင်သွင်းလာခဲ့ပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ဇွန် ၁၄ ရက်က သကြား တစ်ပိဿာဈေးကျပ် ၁၁၀၅-၁၁၃၀ ရှိတယ်လို့ သတင်းရရှိပါ တယ်။

**မော်မော်အောင်**

### စာမျက်နှာ - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန….မှအဆက်

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့နေသော ဆန်နှင့် ပြောင်းတို့အား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားကိုရှေးရှု၍ တိုးမြှင့်တင်ပို့ခွင့်ပြုနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တရုတ်နိုင်ငံ၊ သံရုံးယာယီတာဝန်ခံက ရှင်းလင်းတင်ပြရာတွင် တရုတ်နိုင်ငံ၌အင်တာနက်တွင် လောင်းကစားလုပ်ငန်းများလုပ်ကိုင်ပြီး ငွေကြေးဆိုင်ရာမသမာမှုများ ဖြစ်ပေါ်နေသည်မှာ အချိန်ကာလကြာမြင့်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံ၊ ရဲချုပ်ရုံးက တိုက်ရိုက်ကိုင်တွယ်ပြီး ၎င်းကိစ္စရပ်များကို စုံစမ်းဆောင်ရွက်ရာ တရုတ်နိုင်ငံအတွင်းရှိ ဘဏ်စာရင်း စုစုပေါင်း ၅၀၀၀ ခန့်ကို ယာယီပိတ်သိမ်းခဲ့ပါကြောင်း၊ အများစုမှာ တရုတ်လုပ်ငန်းရှင်များဖြစ်သော်လည်း အခြားနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်အချို့၏ ဘဏ်စာရင်းများလည်း ပါဝင်ခဲ့ပါကြောင်း၊ ယခုကိစ္စရပ်ကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် အခက်အခဲများဖြစ်ပေါ်နေခြင်းကို အမြန်ဆုံးဖြေရှင်းပေးနိုင်ရေးအတွက် တရုတ်နိုင်ငံ၏ ဗဟိုအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်နှင့် ယူနန်ပြည်နယ်အစိုးရထံသို့ အစီရင်ခံတင်ပြပြီး အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တိုးတက်ဖြစ်ပေါ်မှုများကိုလည်း ချက်ချင်းအသိပေးပြောကြားသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

### စာမျက်နှာ - ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ….မှအဆက်

အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒ(၁၂) ချက်ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍနှင့် တိုက်ရိုက်သက်ဆိုင်သော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသော စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိ စေရန်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဌာနအလိုက်ပြည်သူ များ လုပ်ငန်းရှင်များအတွက် လုပ်ဆောင်ပေးရမည့် ကိစ္စများ ကို ရဲရဲဝံ့ဝံ့ လုပ်ဆောင်သွားရန်နှင့် အထူးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီးပွား ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုး တက်ရန်အတွက် ထိထိရောက်ရောက် အထောက်အကူပြု လုပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာ ကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ကုန်သွယ်မှု နှင့်စီးပွားရေးလုပ်ငန်းများ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက် နိုင်သည့် Doing Business Indicator ၁၀ ချက်အား ရှင်းလင်း ပြီး အခြားဌာနဆိုင်ရာများနှင့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ချုပ်တို့မှ တက်ရောက်လာသူများကလည်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိသည်။

**MOC(IR)**

# သူတို့ပြောတဲ့ အထူးစီးပွားရေးဇုန်

| မောင်ရင်မောင် |

**(ယခင်တစ်ပတ်မှအဆက်)**

အမှန်တော့ SIP ကို တရုတ်အနေနဲ့က ရှိရင်းစွဲလယ်ယာကဏ္ဍကို အခြေခံတဲ့ တံခါးပိတ် စီမံကိန်းစနစ်ကနေ ဈေးကွက်စီးပွားရေးကို အခြေခံပြီး ကမ္ဘာ့မျက်နှာစာကို စက်မှုလုပ်ငန်းများနဲ့ ပြောင်းလဲအစားထိုးဝင်ရောက်ဖို့ ခြေလှမ်းတစ်ခုအဖြစ် ကြိုးစားခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်အတွင်း ကျော်ကြားခဲ့တဲ့ တိန့်ရှောင်ဖိန်ရဲ့ တောင်ပိုင်းဒေသ ခရီးစဉ်များအပြီးမှာ တရုတ်ကွန်မြူနစ်ပါတီရဲ့ အမျိုးသားကွန်ဂရက်က ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေး ရည်မှန်းချက်နဲ့အတူ တံခါးဖွင့်ချလိုက်တယ်လို့လည်း ပြောလို့ရပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ဘယ်ပုံနဲ့ စီမံခန့်ခွဲမလဲဆိုတဲ့ ပြဿနာကို ရင်ဆိုင်ရတဲ့ တရုတ်ခေါင်းဆောင်တွေဟာ စင်ကာပူရဲ့ လွတ်လပ်ရေးရပြီး နှစ် ၃၀ အကြာမှာ အံ့မခန်းအောင်မြင်မှုအပေါ် အားကျအထင်ကြီးမှုတွေ ပေါ်လာတာတော့မဆန်းပါဘူး။ တိန့်ရှောင်ဖိန်က “စင်ကာပူကတော့ စီမံခန့်ခွဲမှုစနစ်ကောင်းတွေနဲ့ လူမှုသုခတွေကို ခံစားနေရပြီ၊ ငါတို့လည်း သူတို့အတွေ့အကြုံကောင်းတွေကိုယူပြီး သူတို့ထက်သာအောင် ကြိုးပမ်းကြရမယ်”လို့ ၁၉၉၂ ခုနှစ်မှာ ပြောခဲ့ပါတယ်။ တရုတ်တာဝန်ရှိသူ ၄၀၀ ကျော်ဟာ အဲဒီနှစ်အတွင်းမှာ စင်ကာပူနိုင်ငံကို သွားရောက်ခဲ့ကြပြီး စင်ကာပူမှာ လူမှုသုခတွေ ခံစားနေရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အောင်မြင်မှုဒီရေ လျော့ကျမသွားအောင် ဘယ်လိုစီမံဆောင်ရွက်နေကြတယ်ဆိုတာကို အသေးစိတ် လေ့လာခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်အနေနဲ့ အကြီးစားစက်မှုဇုန်တွေကို စတင်စမ်းသပ်နေတဲ့အချိန်မှာ စင်ကာပူကရမယ့် စက်မှုဇုန်ထူထောင်မှု အတွေ့အကြုံတွေဟာ သူတို့အတွက် တန်ဖိုးဖြတ်မရတဲ့အရာတွေ ဖြစ်ပါတယ်။

## နှစ်ဦးနှစ်ဖက်အကျိုးရှိလုပ်ငန်း

စင်ကာပူဘက်က ပြန်ကြည့်ရင်တော့ SIP ဟာ စီးပွားရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း အခွင့်အလမ်းကောင်းတွေ အများအပြားရနိုင်မယ့် အရင်းအမြစ်တစ်ခုလို့ မြင်ပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်က ဈေးကွက်အခြေခံ ပြုပြင်ပြောင်းလဲရေးကို ပထမဆုံးခြေလှမ်းများအဖြစ်လှမ်းနေချိန်မှာ စင်ကာပူကလည်း သူ့ရဲ့ဖွံ့ဖြိုးတိုးတက်မှု ဒုတိယအဆင့်သစ်ကို စတင်ရန်ပြင်ဆင်နေချိန်ဖြစ်ပါတယ်။ စင်ကာပူအနေနဲ့ စီးပွားရေးကဏ္ဍသစ် ချဲ့ထွင်နေချိန်မှာ စက်ရုံ၊ အလုပ်ရုံသစ်များ တည်ဆောက်ဖို့ မြေနေရာရရှိရေးအတွက် ခေါင်းခဲနေချိန် ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ် အစပိုင်းမှာ စင်ကာပူအစိုးရက စက်မှုဥယျာဉ်များကို ဒေသတွင်းမှာ စတင်တည်ဆောက်နိုင်ဖို့ "Regional Industrial Park Initiative" အစီအစဉ်ကို စတင်ပါတယ်။ သူရဲ့ကျယ်ပြန့်တဲ့ ဒေသဖြန့်ကြက်ရေးမဟာဗျူဟာ "Regionalization Strategy" ရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ စင်ကာပူရဲ့ ပြည်တွင်းစီးပွားရေးကို ထောက်ပံ့ပေးနိုင်မယ့် ပြည်ပမှဝင်ငွေများ ရရှိဖို့ဖြစ်ပါတယ်။ SIP ဟာ စင်ကာပူရဲ့ စီးပွားရေးမော်ဒယ်သစ်အရ စက်မှုဥယျာဉ်များကို ဘယ်လိုပြင်ဆင်ပြောင်းလဲ တည်ဆောက်နိုင်တယ်ဆိုတာ သက်သေပြစရာ နိုင်ငံရဲ့လုပ်ငန်းသစ် ဖြစ်လာပါတယ်။ ဒ့ါအပြင် ကျဉ်းမြောင်းတဲ့ နိုင်ငံရဲ့ ဈေးကွက်ကနေ ခွာထွက်ဖို့ အခွင့်အရေးလည်း ဖြစ်လာပါတယ်။

နိုင်ငံရေးအရပြောမယ်ဆိုရင် SIP ဟာ ပြောင်းလဲနေတဲ့ တရုတ်ပြည်ရဲ့အခြေအနေတွေကို စင်ကာပူအနေနဲ့ ကောင်းစွာနားလည် သဘောပေါက်လာစေသလို နှစ်နိုင်ငံအတွက် နက်ရှိုင်းတဲ့ ရင်းနှီးဆက်သွယ်မှုကို နှစ်နိုင်ငံ ခေါင်းဆောင်များ၊ တာဝန်ရှိသူများ ထိတွေ့ဆက်ဆံကြရာမှတစ်ဆင့် ရရှိစေပါတယ်။ ဒီရည်ရွယ်ချက်တွေ ပြည့်ဝဖို့ စင်ကာပူအနေနဲ့ တရုတ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သာမက တရုတ်ပြည်တွင်းမှာ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဖို့စိတ်အား ထက်သန်ခဲ့တာဖြစ်ပါတယ်။ SIP စီမံကိန်းဟာ စင်ကာပူရဲ့ ရည်မှန်းချက်တွေကို ဖြည့်ဆည်းပေးပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ရာမှာ စင်ကာပူအနေနဲ့ တရုတ်ကို ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်ခန်းစာတွေကို အပြည့်အဝ အကောင်းဆုံးမျှဝေပေးနိုင်ခဲ့ပါတယ်။ စက်မှုလုပ်ငန်း၊ လူနေမှုအိမ်ရာ၊ ကူးသန်းရောင်းဝယ်ရေးဌာနနဲ့ အပန်းဖြေနေရာတွေကအစ အလုံးစုံပါဝင်တဲ့ ဘက်စုံစီမံကိန်းလုပ်ငန်းကို ဘယ်လိုအစီအစဉ် ရေးဆွဲမယ်၊ ဘယ်လိုအကောင်အထည် ဖော်မယ်၊ ဘယ်လို စီမံခန့်ခွဲအုပ်ချုပ်မယ်ဆိုတာကို ‘စင်ကာပူနည်းလမ်း’ အတိုင်း မျှဝေပေးခဲ့ပါတယ်။ ဒေသတွင်းမှာ စင်ကာပူက အခြားစက်မှုလုပ်ငန်းများ ရင်းနှီးတည်ဆောက်ခဲ့ပေမယ့် SIP




စီမံကိန်းမှာတော့ တရုတ်နဲ့ပတ်သက်ပြီး နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အရေးပါမှုကြောင့် စင်ကာပူအစိုးရကိုယ်တိုင် အခြားနဲ့မတူ ထဲထဲဝင်ဝင် အားစိုက်ပါဝင် ဆောင်ရွက်ခဲ့ပါတယ်။

နှစ်ဖက်ချမှတ်ထားတဲ့ SIP ဆိုင်ရာ အဓိကရည်မှန်းချက်ကတော့ စင်ကာပူက တရုတ်ကို မိမိရဲ့ ထိရောက် ကောင်းမွန်တဲ့ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုနဲ့ ပြည်သူ့အုပ်ချုပ်ရေး အတွေ့အကြုံတွေ မျှဝေပေးခြင်းဖြင့် SIP ကို အကောင်အထည်ဖော်ရာမှာ ကောင်းမွန်တဲ့ လုပ်ငန်းဆိုင်ရာမူဝါဒတွေ ရေးဆွဲချမှတ်ရုံသာမက ပွင့်လင်းမြင်သာစွာနဲ့ စွမ်းရည်ပြည့်ဝစွာ အုပ်ချုပ်သွားနိုင်ဖို့ ဖြစ်ပါတယ်။ အလိုက်သင့်ပျော့ပြောင်းတဲ့ စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်နှင့်တကွ အခြေခံအဆောက်အအုံကောင်းများဖြင့် SIP မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ပြီး ကနဦးရင်းနှီးတည်ဆောက်သူများကို အမြတ် အစွန်းကောင်းကောင်း ရရှိစေဖို့ မျှော်မှန်းခဲ့ကြပါတယ်။ ဒ့ါထက်ပိုမျှော်မှန်းတာကတော့ SIP နဲ့ ပတ်သက်လို့ စင်ကာပူနဲ့ တရုတ်ခေါင်းဆောင်တွေ နှစ်ဖက်စလုံးက မျှော်မှန်းခဲ့ကြတာကတော့ SIP ဟာ တရုတ်ပြည်ရဲ့ အခြားဒေသမှာ ဆက်လက် ဆောင်ရွက်မယ့် ပြုပြင်ပြောင်းလဲရေး၊ တီထွင်ဆန်းသစ်ရေးအတွက် ပုံစံငယ်တစ်ခုဖြစ်ရမယ် ဆိုတာပါပဲ။

## ပူးပေါင်းဆောင်ရွက်မှုအသွင်သဏ္ဍာန်

စင်ကာပူနဲ့ တရုတ်တို့ဟာ SIP အတွက် အဆင့်လိုက်ပူးပေါင်း ဆောင်ရွက်ခဲ့ကြပါတယ်။ SIP ရဲ့ စီမံခန့်ခွဲမှု ကိစ္စအဝဝကို တရုတ်-စင်ကာပူ အဆင့်လိုက် အတူတူပေါင်းစပ် ဆောင်ရွက်ခဲ့ကြပါတယ်။ SIP မှာပါရှိတဲ့ လုပ်ငန်းအဝဝကို တရုတ်-စင်ကာပူ ပူးတွဲ ဦးဆောင်ကောင်စီ China-Singapore Joint Steering Council (JSC) က တာဝန်ယူ စီမံ အုပ်ချုပ်ပါတယ်။ လုပ်ငန်းတိုးတက်မှုကို ပြန်လည်သုံးသပ်ဖို့နဲ့ ကြုံရတဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်ရေးအတွက် မကြာခဏ တွေ့ဆုံဆွေးနွေးကြပါတယ်။ ပူးတွဲဦးဆောင်ကော်မတီ JSC မှာ တရုတ်နဲ့စင်ကာပူ ဒုတိယဝန်ကြီးများက ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူကြပြီး နိုင်ငံနှစ်နိုင်ငံလုံးက အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ အဖွဲ့ဝင်အဖြစ် ပါဝင်ကြပါတယ်။ အကောင်အထည်ဖော်ရမယ့် အခြေခံအဆင့်မှာ ပူးတွဲလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီး SIP ကို စတင်ချိန်မှာ Suzhou ရဲ့ မြို့တော်ဝန်နဲ့ စင်ကာပူကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

SIP အကျုံးဝင်တဲ့ ဧရိယာဟာ ၂၈၈ စတုရန်း ကီလိုမီတာ ရှိပါတယ်။ အဲဒီထဲက ၈၀ စတုရန်း ကီလိုမီတာကို တရုတ်-စင်ကာပူ သမဝါယမဇုန်အနေနဲ့ ထည့်သွင်းဖွဲ့စည်းထားပါသေးတယ်။ ဧရိယာအားလုံးကို အုပ်ချုပ်ဖို့ အုပ်ချုပ်မှုကော်မတီ Suzhou Industrial Park Administration Committee (SIPAC) ကို သီးခြားလွတ်လပ်တဲ့ အစိုးရအာဏာရ အဖွဲ့အစည်းတစ်ခု အဖြစ် Suzhou မြူနီစပယ်အစိုးရက အာဏာကုန် လွှဲပေးထားပါတယ်။ ဒါကြောင့် SIPAC ဟာ အုပ်ချုပ်မှုအတွက် သာမက မူဝါဒရေးဆွဲ ချမှတ်ခြင်းနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းတွေမှာပါ ကိုယ်ပိုင်လုပ်ကိုင် ဆုံးဖြတ်ခွင့် မြင့်မားစွာ ရရှိထားပါတယ်။

CSSD ဟာ SIP စီမံကိန်းကို စတင်တဲ့ မြေယာရင်းနှီးတည်ဆောက်သူ (Land Developer) ဖြစ်ပါတယ်။ CSSD ကို တရုတ်ကွန်ဆိုတီယံတစ်ခုဖြစ်တဲ့ China Suzhou Industrial Park Co., Ltd. နဲ့ စင်ကာပူကွန်ဆိုတီယံ Singapore- Suzhou Township Development Co., Ltd. တို့ ဖက်စပ်ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ တရုတ် ကွန်ဆိုတီယံမှာ တရုတ်ပိုင်လုပ်ငန်းများစွာပါရှိပြီး နိုင်ငံတော်အဆင့်၊ ဒေသအဆင့်နဲ့ မြူနီစီပယ်အဆင့် အသီးသီးမှာရှိတဲ့ လုပ်ငန်းများ ဖြစ်ကြပါတယ်။ စင်ကာပူကွန်ဆိုတီယံမှာတော့ ကုမ္ပဏီ ပေါင်း ၂၄ ခုပါရှိပြီး အဲဒီကုမ္ပဏီတွေထဲမှာ ကုမ္ပဏီ ၁၀ ခုက စင်ကာပူအစိုးရ နောက်ခံဖြစ်ပြီး ကွန်ဆိုတီယံရဲ့ ရှယ်ယာ ၄၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပါတယ်။

လုပ်ငန်းစတင်တဲ့ ၁၉၉၄ ခုနှစ်ကနေ ၂၀၀၀ ခုနှစ်အထိ CSSD မှာ စင်ကာပူကွန်ဆိုတီယံက ၆၅ ရာခိုင်နှုန်း တရုတ်ကွန်ဆိုတီယံက ၃၅ ရာခိုင်နှုန်း အစုရှယ်ယာ ခွဲဝေပေးထားခဲ့ကြပြီး နောက်ပိုင်းမှာ ရှယ်ယာအချိုးပြောင်းလဲသွားပြီး ရှယ်ယာအချိုးအရ စီမံခန့်ခွဲမှုနဲ့ အသင်း အဖွဲ့ဆိုင်ရာ ထိန်းချုပ်မှုအနေအထားမှာ စင်ကာပူက ဦးစီးရာမှ တရုတ်ဖက်ကို ရောက်ရှိသွားပါတယ်။

## အသိပညာမျှဝေခြင်းလုပ်ငန်း

စင်ကာပူက SIP စီမံကိန်းအတွက် ရှေးဦးရင်းနှီးတည်ဆောက်သူအဖြစ် အရင်းအနှီးများစွာ ထည့်ဝင်မြှုပ်နှံခြင်းနဲ့ စံချိန်စံညွှန်းမြင့်မားတဲ့ မြေအသုံးချအစီအစဉ် ရေးဆွဲခြင်းသာမက စနစ်တကျ စီမံအုပ်ချုပ်ခြင်း၊ စက်မှုမြို့တော် အစီအစဉ် ချမှတ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့အတွက် ကျယ်ပြန့်သော နည်းပညာဆိုင်ရာအသိပညာများကို တရုတ်သို့ လွှဲပြောင်းနိုင်ခဲ့ ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စင်ကာပူအစိုးရရဲ့ အခန်းကဏ္ဍဟာ အလွန်မြင့်မားစွာ ရှိခဲ့ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

## Guangdong and Macao Branded Products Fair 2017သို့ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအိုရှိ Venetian Macao ဟိုတယ်တွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်မည့် Guangdong and Macao Branded Products Fair 2017သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း သိရှိရပါသည်။ မကာအို-မြန်မာချစ်ကြည်ရေးအသင်း (Macao Myanmar Friendship Association) က မြန်မာနိုင်ငံအတွက် ပြခန်းပေါင်း ၅၀ ခန့် စီစဉ်ထားရှိပြီး၊ လူနှစ်ဦးစာအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀ ပေးသွင်း၍ Exhibitor စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

စာရင်းပေးသွင်းပြီးပါက ပြပွဲအတွက် (3 x 3) မီတာ Standard Booth၊ ပစ္စည်းရောင်းချရငွေအတွက် အခွန်ကင်းလွတ်ခွင့်၊ ဟိုတယ်ခန်း နှစ်ခန်း (၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ)၊ သတ်မှတ်နေရာများမှ ကြို/ပို့ကား ဝန်ဆောင်မှု၊ အသွား/အပြန်လေယာဉ်လက်မှတ်ခ (ရန်ကုန်-ဟောင်ကောင်-ရန်ကုန်)၊ အသွားအပြန်သင်္ဘောခ (ဟောင်ကောင်-မကာအို-ဟောင်ကောင်တို့ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြပွဲတွင် ပါဝင်ပြသလိုသူများအနေဖြင့် ဇွန် ၃၀ ရက်နေ့မတိုင်မီ စာရင်းပေးသွင်းရန်လိုအပ်ပြီး ဇွန်လ ၃၀ ရက်နောက်ပိုင်း စာရင်း ပေးသွင်းပါက ၂၀ ရာခိုင်နှုန်း ထပ်တိုးပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ Guangdong and Macao Branded Products Fair 2017 သို့ ပါဝင်ပြသလိုသော မြန်မာလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၄၀၂၄၊ ၀၁-၂၅၄၀၂၃တို့သို့လည်းကောင်း၊ အီးမေးလ် itpic.mm@gmail.com သို့လည်းကောင်း ဇွန် ၃၀ ရက် နောက်ဆုံးထား ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရပါသည်။

**ကောင်းထွဋ်အောင် (MTC)**

## အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများအတွက်E-commerce စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း ဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံရှိ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ (SME)\ E-commerce စွမ်းဆောင်ရည်များ မြင့်မားလာစေပြီး တရုတ်နိုင်ငံဈေးကွက်သို့ မိမိနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအား အွန်လိုင်းစနစ်ဖြင့် ထိုးဖောက်တင်ပို့နိုင်စေရန် ရည်ရွယ်၍ အွန်လိုင်းစနစ်ကိုအသုံးပြုသည့် E-commerce စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအလုပ်ရုံဆွေးနွေးပွဲကို ဇွန် လ ၁၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါ်နော်မူတာကပေါ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသင်တန်းသို့ တက်ရောက်ရန်အတွက် သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီသည့် ကုမ္ပဏီပေါင်း ၁၅ ခုတို့မှ အိုင်တီလုပ်ငန်းကျွမ်းကျင်သူကိုယ်စားလှယ် ၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ထို့ပြင် သင်တန်းမစတင်မီ အဆိုပါသင်တန်းတက်ရောက်မည့်ကိုယ်စားလှယ်များအား အိုင်တီစီမှ E-Solutions၊ နိုင်ငံတကာအကြံပေးပညာရှင်နှင့် ဌာနတွင်း အိုင်တီပညာရှင်တို့၏ ကူညီပံ့ပိုးမှုဖြင့် အခြေခံအွန်လိုင်းလေ့လာမှုသင်တန်း ကြိုတင်ပို့ချခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲသင်တန်းသို့ တက်ရောက်ရန် သတ်မှတ်ထားသည့် စံနှုန်းခုနစ်ချက်မှာ ပြည်တွင်း(သို့မဟုတ်) ပြည်ပဈေးကွက်တွင် စမ်းသပ်စစ်ဆေးပြီး၍ တင်ပို့ရန် ပို့ကုန်များ အဆင်သင့်ရှိခြင်း၊တရုတ်နိုင်ငံ၏ စံချိန်စံညွှန်းနှင့်ကိုက်ညီသော ထုပ်ပိုးမှုအရည်အသွေးရှိခြင်း၊တရုတ်နိုင်ငံဈေးကွက်အတွက် လိုအပ်သော အပင်ပိုးမွှားကင်းစင်မှုဆိုင်ရာ သက်သေခံ လက်မှတ်ရရှိထားခြင်း၊Logo အပါအဝင် လုပ်ငန်းအမှတ်တံဆိပ်ရှိပြီးဖြစ်ခြင်း၊ အင်တာနက်အသုံးပြုဆက်သွယ် ဆောင်ရွက်မှုအသိပညာရှိပြီးဖြစ်ခြင်း၊ IT နည်းပညာသုံးပစ္စည်းကိရိယာများအား အသုံးပြုလျက်ရှိခြင်း (laptop နှင့် Smart phone)၊ အွန်လိုင်းဈေးကွက်စနစ်အသုံးပြုခြင်းဆိုင်ရာလေ့လာမှုနှင့် ကျွမ်းကျင်မှုရှိခြင်းတို့ဖြစ်ကြောင်း သိရသည်။သင်တန်းပို့ချရာတွင် တက်ရောက်လာသူ ကိုယ်စားလှယ်သင်တန်းသားများကိုယ်တိုင် မိမိတို့ထုတ်ကုန်များနှင့် ကုမ္ပဏီလုပ်ငန်းအကျဉ်းချုပ်ပြုစုခြင်းတို့ကို ကွန်ပျူတာနည်းပညာအသုံးပြုဆောင်ရွက်နိုင်စေရန် လက်တွေ့သရုပ်ပြဆောင်ရွက်စေခြင်း၊ အွန်လိုင်းနည်းစနစ်ကူးသန်းရောင်းဝယ်မှုဖြင့် တရုတ်နိုင်ငံဈေးကွက်နှင့်ချိတ်ဆက်နိုင်ရေး၊ အွန်လိုင်း စနစ် အသုံးပြုငွေပေးချေမှုပုံစံ၊ အွန်လိုင်းစနစ်အသုံးပြုဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကိုပံ့ပိုးပေးခဲ့ပါသည်။ မြန်မာ့ထုတ်ကုန်များအတွက် လူဦးရေများပြား၍ဝယ်လိုအားမြင့်မားသည့် အိမ်နီးချင်းတရုတ်နိုင်ငံဈေးကွက်ကို ရည်မှန်းထားရှိပြီး ထိုမှတစ်ဆင့် အခြားနိုင်ငံတကာဈေးကွက်များသို့ အွန်လိုင်းမှ ထိုးဖောက် တင်ပို့နိုင်ရေးအတွက် မျှော်မှန်း၍ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**မြတ်မြတ်စိုးမိုး** (Myantrade)

## ရန်ကုန်ကားဈေးကွက်ဆက်လက်အေးစက်နေဆဲဖြစ်

ဇွန်လတတိယပတ်၏ ရန်ကုန်ကားဈေးကွက် အခြေအနေမှာ အရောင်းအဝယ်များအေးစက်နေပြီး ကားအရောင်းပြခန်းများနှင့်ကားပွဲစားတန်းများတွင်ပါ လူဝင်လူထွက်နည်းပါးနေကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း ယခုရက်သတ္တပတ်ကာလ အရောင်းအဝယ်များ သိသိသာသာ ကောင်းမွန်လာခြင်းမရှိသည့်အပြင် ယခင်တစ်ပတ်ကထက် စလစ်ဈေးတန်းများ သိသာစွာမြင့်တက်လာခဲ့ပြီး ဈေးမြင့်တက်လာမှုနှင့်အတူ အရောင်းအဝယ်ပါ ရပ်တန့်သလောက် အေးစက်လာကြောင်း သိရသည်။

စလစ်ဈေးတန်းမှာ အပ်ကားရှားပါးလာမှုနှင့် ကြိုတင်မျှော်မှန်းသလို ခရီးသည်တင်ကားစလစ်များ ဈေးကွက်ထဲထင်သလောက်မရောက်ရှိသေးသည့်အတွက် စလစ်ရှားပါးမှုများဖြစ်ပေါ်နေပြီး ဈေးတန်း ၁၀ သိန်းခန့် ခုန်တက်လာရခြင်းဖြစ်ကြောင်း၊ ယခုဈေးတန်းမှာ ၉၈ သိန်းဝန်းကျင်ဖြစ်နေသော်လည်း အဝယ်နည်းပါးလျက်ရှိကြောင်း၊ တစ်ဆက်တည်းပင် အငှားယာဉ် (တက္ကစီ) စလစ်များလည်း နှစ်ကန့်သတ်ချက်ထွက်ပေါ်လာသဖြင့် ဈေးတန်းမြင့်တက်သွားပြီး ၁၀၇ သိန်းအထိပင်ဖြစ်လာခဲ့ကြောင်း၊ ကုမ္ပဏီများအား ပစ်ကပ်ကားငယ်တင်သွင်းခွင့်လည်း ကန့်သတ်ချက်ထွက်ပေါ်လာသဖြင့် ငါးသိန်းမှ ၁၈ သိန်းအထိ ရုတ်တရက် ဈေးထိုးတက်သွားပြီး ယခုအချိန်တွင် ပြန်လည်ကျဆင်းလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကားလောကတွင် ဖြစ်ပေါ်နေသော အကြောင်းအရာများကိုကြည့်လျှင် သတင်းနှင့်မူဝါဒကို အခြေခံ၍ လိုက်လံလုပ်ဆောင်နေရသောကြောင့် ဈေးကွက်နှင့် အရာရာကို ပုံသေတွေးထား၍မရဘဲ ရေစီးကြောင်းလိုက်၍ ပေါ်သလိုကြည့်လုပ်နေသည့် သဘောတွေ့ရှိနေရကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်မှ ပြောသည်။

လတ်တလောဈေးကွက်ထဲတွင် တွေ့ကြုံနေရသည်မှာ စလစ်ဈေးတန်းများ ထိုးတက်သွားသော်လည်း အဝယ်ထင်သလောက်မရှိခြင်း၊ စလစ်ဈေးများမြင့်တက်နေသော်လည်း စလစ်ကပ်ကားများမှာမူ ဈေးတန်းတစ်ခုလျှော့ချပြီး ရောင်းချလာခြင်း၊ ကုမ္ပဏီသွင်းကားလေးများ (ဥပမာ။ ပစ်ကပ်ကားငယ်ခွေးဘီလူး) ဈေးတန်းတစ်ခုမြင့်တက်သွားကာ နောက်ပိုင်းတွင် ဈေးပြန်ကျလာခြင်း၊ ဖရီးပါမစ်ကားလေးများထဲတွင် နယ်လိုင်စင်အကွာရာသစ်ကားများ အရောင်းရနည်းပါးသွားပြီး ရန်ကုန်လိုင်စင်နံပါတ်နိမ့်၊ အကွာရာနိမ့်ကားများသာ ရောင်းအားရှိခြင်း၊ နယ်ဝယ်လက်များလည်း အဆင်းနည်းပြီး အဝယ်ပါးလာခြင်း အခြေအနေအရပ်ရပ်ကြောင့် ကားဈေးကွက် ဆက်လက်အေးနေနိုင်သေးကြောင်း ၎င်းမှပြောသည်။

**SN**

## အင်းတော်မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း သက်ဝင်လှုပ်ရှားရန် လိုအပ်လျက်ရှိ

ကသာခရိုင်၊ အင်းတော်မြို့နယ်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အခြေခံပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ဆန်စက်လုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ဒေသဖွံ့ဖြိုးရန်၊ ဈေးကွက်ထိုးဖောက်နိုင်ရန်၊ ဒေသတွင်း ဆန်စပါးဈေးတည်ငြိမ်စေရန်၊ တောင်သူလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်၊ ရည်ရွယ်ပြီး အင်းတော်မြို့နယ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်းကို ၂၀၁၃ခုနှစ်၊ ဇွန်လမှာပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ စတင်ဖွဲ့စည်းစဉ်က အသင်းအဖွဲ့စည်းမျဉ်းများနဲ့ စနစ်တကျ သက်ဝင်လှုပ်ရှားခဲ့ကြပါတယ်။ ယခုနောက် ပိုင်းလှုပ်ရှားမှုနှေးလာတဲ့နည်းတူ ဆန်၊ စပါးဈေးကွက်မှာ တည်ငြိမ်မှုမရှိတဲ့အတွက် အသင်းအဖွဲ့အနေနဲ့ သက်ဝင်လှုပ်ရှားဖို့ လိုနေတယ်လို့ ဆန်ကုန်သည်များထံမှ သိရပါတယ်။

ဆန်စက်လုပ်ငန်းရှင်များအနေနဲ့ လိုအပ်ချက်တွေရှိပါတယ်။ မတည်ရင်းနှီးငွေ၊ မျိုးကောင်းမျိုးသန့်၊ စက်မှုမြေ အငှားဂရမ်၊ စိုက်ပျိုးရေရရှိရေး၊ ပြည်ပပို့ကုန် တင်ပို့ရာမှာ တွေ့ကြုံရတဲ့ ကုန်စည်စီးဆင်းမှု အခက်အခဲတွေ ဖြေရှင်းနိုင်ရန်မှာ လုပ်ငန်းရှင်များအနေနဲ့ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ၊ သက်ဆိုင်ရာကော်မတီအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ကြမှသာ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ အဖွဲ့အစည်းဖြစ်လာပြီဆိုရင် အပတ်စဉ်၊ လစဉ် တွေ့ဆုံထိတွေ့နေပြီး စည်းစည်းလုံးလုံးနဲ့ ပူးပေါင်းဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ အခက်အခဲတွေ၊လိုအပ်ချက်တွေကို အသင်းအဖွဲ့အားနဲ့ဆောင်ရွက်မယ်ဆို လွယ်ကူစွာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။လိုအပ်ချက်ရှိပါက တိုင်ပင်ဆွေးနွေးနိုင်ပါတယ်လို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ကိုထွေးက ပြောပါတယ်။

အင်းတော်မြို့နယ်တွင် မိုးစပါးစိုက်ဧက ငါးသောင်းကျော်အနက် ဆင်းဧကရီ-၃ (ခေါ်) ဆင်း-၃ စပါးဧကသုံးသောင်းကျော် စိုက်ပျိုးတယ်လို့ သိရပါတယ်။ ဆင်း-၃ ဆန်က ဗန်းမော် တရုတ် ပြည်ပပို့ကုန်ဖြစ်လို့ ဈေးကွက်ရှိတဲ့အတွက် စိုက်ပျိုးမှု ပမာဏများခြင်းဖြစ်ပါတယ်။ မြို့နယ်အတွင်း ငွေကြေးလည် ပတ်စီးဆင်းမှုက ဆန်စပါးတင်ပို့ရောင်းချခြင်းလုပ်ငန်းအနိမ့်အမြင့်ပေါ်မူတည်ကြောင်း ဆန်စက်လုပ်ငန်းရှင်များအသင်းထံမှ သိရပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

## ချောင်းဦးမြို့နယ် မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ချောင်းဦးမြို့နယ် မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ချောင်းဦးမြို့နယ်၊အနော်ရထာခန်းမတွင် ဇွန် ၁၅ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးပိုင်မြင့်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ပါသည်။

ခရိုင်ဦးစီးမှူး ဦးမင်းအောင်က ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်း ကောက်ယူထားရှိမှု အခြေအနေများနှင့် ချောင်းဦးမြို့နယ်တွင် အသက်အရွယ်အလိုက် အလုပ်လုပ်နိုင်သည့် လူဦးရေ၊ သက်ကြီးရွယ်အို၊ ကလေးဦးရေ ရာခိုင်နှုန်း တွက်ချက်မှုများကိုလည်း ကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ကြိုင် (နေပြည်တော်) က ချောင်းဦးမြို့နယ်တွင် လွန်ခဲ့သော ၁၀ နှစ်မှ စတင်၍ ကလေးမွေးဖွားနှုန်း ကျဆင်းခြင်းကိုလည်းကောင်း၊ လူဝင် မှုကြီးကြပ်ရေးမှူး ဒေါ်တင်တင်လေးက လုပ်သားအင်အား အခြေအနေနှင့်ပတ်သက်၍အလုပ်လက်မဲ့/အလုပ်ရှိသူ လုပ်သားအင်အားစုတွင် မပါဝင်သူများ စသည်ဖြင့် လုပ်သားအမျိုးအစားများ၊ နောင်လာမည့် ၁၀ နှစ်တွင် ချောင်းဦးမြို့နယ်အတွင်းရှိ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/မ လူဦးရေရမစ်ပုံခန့်မှန်းတွက်ချက်မှု ၊ ဖွား-သေစာရင်း၊မြို့ပြ/ကျေးရွာ လူနေမှုစနစ်တို့ကို ကြိုတင်ခန့်မှန်းတွက်ချက်ခြင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**ဒေလီ(ချောင်းဦး)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၈ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဗစ်ဇ် (၂၀၁၂) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၂၅ သိန်း | 1 .3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဝှရ် (၂၀၀၉) | ယာယီ | ၃၆၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၅။ | ပေါ်တီ (၂၀၁၃) | ယာယီ | ၁၈၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါဖစ်၊ ဟိုက်ဘရစ် (၂၀၁၂) | ယာယီ | ၂၄၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဆူဇူကီး(ဆိုလီယို) (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | တိုယိုတာကရောင်း (၂၀၀၄) | ယာယီ | ၂၄၀ သိန်း | 2.4 ဓါတ်ဆီ |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၉၅ သိန်း | ကားကောင်း |

# တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၂၂) ကြိမ်မြောက်ကန်တုံကုန်စည်ပြပွဲ (Canton Fair)သို့ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်

(၁၂၂) ကြိမ်မြောက်ကန်တုံကုန်စည်ပြပွဲကို၂၀၁၇ ခုနှစ်၊အောက်တိုဘာလ ၁၅ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ကျိုးမြို့တွင် ကျင်းပပြုလုပ်သွားမည်ရာ မြန်မာလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း သိရသည်။ ကန်တုံကုန်စည်ပြပွဲခေါ် တရုတ်နိုင်ငံသွင်းကုန်နှင့် ပို့ကုန်ဆိုင်ရာကုန်စည်ပြပွဲ (China Import and Export Fair) ကို ၁၉၅၇ ခုနှစ်မှစတင်၍ ကွမ်ကျိုးမြို့တွင် တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပပြုခဲ့ပါသည်။ ပြပွဲကို အဓိကကဏ္ဍနှစ်ခုခွဲ၍ ကျင်းပပြုလုပ်ပါသည်။

တစ်ခုမှာအမျိုးသားပြခန်းဆောင်(National Pavillion) ဖြစ်ပြီး အခြားတစ်ခုမှာ အပြည်ပြည်ဆိုင်ရာပြခန်းဆောင် (International Pavilion) ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ပြခန်းဆောင်အပိုင်း ၁ (International Pavilion -Phase 1) တွင် အီလက်ထရောနစ်၊ မီးဖိုချောင်နှင့်အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ အဆောက်အဦ၊ အမာထည်၊ စက်ကိရိယာပစ္စည်းများကိုအဓိကပြသကြောင်း သိရပါသည်။

အပြည်ပြည်ဆိုင်ရာပြခန်းဆောင်အပိုင်း ၃ (International Pavilion -Phase 3 ) တွင်အဓိကအားဖြင့် အစားအစာနှင့်အဖျော်ယမကာ၊ မီးဖိုချောင်ပစ္စည်းများ၊ လက်မှုထည်နှင့် အဝတ်အထည်များကို အဓိကပြသကြောင်း သိရပါသည်။(၁၂၁) ကြိမ်မြောက်ကန်တုံကုန်စည်ပြပွဲကို ယခုနှစ် ဧပြီလနှင့်မေလတို့၌ ကျင်းပပြုလုပ်ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။

ကန်တုံကုန်စည်ပြပွဲသည်၎င်း၏ရှည်လျားသောသမိုင်းကြောင်း၊ အရွယ်အစားပမာဏအားဖြင့်ကြီးမားမှု၊ ကုန်ပစ္စည်းအမျိုးအမယ်စုံလင်စွာပါဝင်မှု၊ အကြီးမားဆုံးဝယ်လက်များလာရောက်မှုနှင့် တရုတ်နိုင်ငံအတွက် နှစ်စဉ်စီးပွားရေး အကျိုးအမြတ်များစွာရရှိသောကုန်စည်ပြပွဲတစ်ခုဖြစ်သည့်အတွက် တရုတ်နိုင်ငံ၏နံပါတ်တစ် ကုန်စည်ပြပွဲတစ်ခုဖြစ်ကြောင်း သိရသည်။ ၎င်းကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကွမ်တောင်းပြည်နယ် အစိုးရတို့က အိမ်ရှင်အဖြစ်ပူးတွဲလက်ခံကျင်းပပေးကာ တရုတ်နိုင်ငံခြားကုန်သွယ်မှုဗဟိုဌာန (China Foreign Trade Centre) က ကမကထပြုဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ပြပွဲတစ်ခုလုံး၏ ဧရိယာမှာ စတုရန်း မီတာ ၁ ဒသမ ၁၈ သန်းရှိပြီး၊ ပြခန်းပေါင်း ၅၉၀၀၀ ပါဝင်သည့် ကန်တုံကုန်စည်ပြပွဲသည်ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိကုန်စည်ပြပွဲတစ်ခုလည်းဖြစ်ကြောင်းသိရပါသည်။

ရိုးရာ၊ အဝတ်အထည်နှင့် အပေါ့စား စက်မှုထုတ်ကုန်များမှစ၍ အဆင့်မြင့်နည်းပညာနှင့် တန်ဖိုးမြင့်လျှပ်စစ်စက်မှုဆိုင်ရာ ထုတ်ကုန်ပစ္စည်းများအထိပါဝင်သော ထုတ်ကုန်ပစ္စည်းအမျိုးအမယ်ပေါင်း ၁၅၀၀၀၀ ကို ခင်းကျင်းပြသလေ့ရှိကြောင်း၊ ပြပွဲသို့ ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှု မတူညီသော နိုင်ငံနှင့် နယ်မြေဒေသပေါင်း ၂၁၀ မှ ကျွမ်းကျင်သူ ၂၀၀၀၀၀ ခန့် နှစ်စဉ်လာရောက်ကြကြောင်းနှင့် အရောင်းအဝယ်ကိစ္စများပြုလုပ်ရန် ကမ္ဘာ့ထိပ်တန်း လက်လီအရောင်းဆိုင်ပေါင်း ၂၅၀အနက် ၁၅၀ ကျော်က ကုန်စည်ပြပွဲသို့ တက်ရောက်ကြကြောင်း သိရပါသည်။

ပြပွဲနှင့်ပတ်သက်သည့်အသေးစိတ် သတင်းအချက်အလက်များကို www.cantonfair.org.cn/international ဝက်ဘ်ဆိုက်တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(၁၂၂) ကြိမ်မြောက်ကန်တုံကုန်စည်ပြပွဲ (International Pavilion) သို့Exhibitors သို့မဟုတ် Visitors များအဖြစ်သွားရောက်လိုသော မြန်မာလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှု ဗဟိုဌာန၊ အမှတ် ၂၂၈/ ၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၄၀၂၄၊ ၀၁ ၂၅၄၀၂၃၊ Email: itpic.moc@gmail.com သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေဆက် သွယ်မေးမြန်းနိုင်ကြောင်း သိရှိရပါသည်။

**ကောင်းထွဋ်အောင် (MTC)**

# ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့တွင် ကျင်းပ

"ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကို ဇွန်လ ၂၂ ရက်က ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင်ကျင်းပခဲ့ရာ ကရင်ပြည်နယ် စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာမှ အကြီးအကဲများ၊ ကုန်သည်အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ဘဏ်တာဝန်ခံများ၊ ဘားအံနှင့် လှိုင်းဘွဲ့မြို့နယ်မှ တောင်သူများ ၆၃ ဦးတက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာန ဌာနခွဲမှူး ဒေါ်အိအိဝင်း က SMEs ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ချေးငွေများအကြောင်းကိုလည်းကောင်း၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက အသင်းအဖွဲ့များတွင်ပါဝင်ရေး၊ စုဖွဲ့မှုများအတွက် ကူညီပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းဝတ်ရည်စန်းက ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ နည်းပညာအကူအညီပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာမြင့်နိုင်က အသားကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်သင့်သည်များ၊ ပံ့ပိုးမည့်အခြေအနေများ၊ ပြင်ဆင်ရန် ကိစ္စများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ကုန်သွယ်မှုနှင့် ပတ်သက်သည့်အကြောင်းများ၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေး ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြောင်း သိရပါသည်။




ယင်းနောက် တက်ရောက်လာသူများမှ သိလိုသည်များမေးမြန်းခဲ့ရာ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းနှင့်သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**တိုးတိုးကျော်-ကရင်ပြည်နယ်(ဘားအံ)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း


## ၂၆-၆-၂၀၁၇ မှ ၂-၇-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းများအလိုမကျ နှောင့်နှေးကြန့်ကြာမှုဖြစ်တတ်သည်။ ဝန်ထမ်းများအပြောင်းအရွှေ့ဖြစ်မည်။ ရာထူးတာဝန်ဝတ္တရားများ ပိုမိုတိုးတက်များပြားလာမည်။ ဩဇာရှိသူလူကြီး၊ လူကောင်းများနှင့် ဆက်ဆံရေး ပြေလည်မည်။ အကျိုးဖြစ်ထွန်းမည်။ လုပ်ငန်းသစ်များ အလောတကြီး မတိုးချဲ့သင့်သေးပါ။ လုပ်ငန်းမှ ငွေကြေးအကျိုးအမြတ်ရရှိမည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး သင့်တင့်ကောင်းမွန်နေမည်။

**ယတြာ။ ။အုန်းယိုဆွမ်းကပ်လှူဒါန်းပါ။**




**တနင်္လာသားသမီးများအတွက်** ခရီးယာယီများတတ်သည်။ အတိုက်အခံရန်များမည်။ သူခိုး၊ ခါးပိုက်နှိုက် သတိထားပါ။ ထိခိုက်ဒဏ်ရာရတတ်သည်။ ဝင်ငွေ၊ ထွက်ငွေမမျှဖြစ်နေတတ်သည်။ လုပ်ငန်းထိခိုက်ဆုံးရှုံးမှုများပေါ်တတ်သည်။ ဇွန်လကျော်လျှင် အလုပ်အကိုင်အကြံအစည်များ တိုးတက်ကောင်းမွန်မည်။ ဝန်ထမ်းများ ရာထူးတက်၍ ဝင်ငွေတိုးမည်။ ကျန်းမာရေးအနေဖြင့် မျက်စိ၊ ဦးခေါင်းတွင် ရောဂါအန္တရာယ်ဖြစ်တတ်သည်။

**ယတြာ။ ။သကြားသီးလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းအကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ရရှိမည်။ လုပ်ငန်းများတိုးတက်အောင်မြင်မည်။ ထင်ပေါ်ကျော်ကြားမှုများရရှိမည်။ ပေါ်ပင်လုပ်ငန်းများ ပိုမိုအကျိုးခံစားရမည်။ ကျန်းမာရေးဂရုစိုက်ပါ။ ကျန်းမာရေးကြောင့် လုပ်ငန်းများနှောင့်နှေးမှုကြုံတတ်သည်။ စိတ်ကူး၊ စိတ်သန်းများ တည့်ခြင်းတို့ကြောင့် ပျော်ရွှင်ရသော်လည်း ပြိုင်ဘက်ဟောင်းနှင့် မမျှော်လင့်ဘဲကြုံတွေ့ရတတ်သည်။

**ယတြာ။ ။ သစ်တော်သီးလှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ကိုယ်ပိုင်လုပ်ငန်းဦးစားပေးပါ။ အလုပ်အကိုင်အကြံအစည်များအောင်မြင်တိုးတက်မည်။ တစ်ခါတစ်ရံ အခက်အခဲ ကြုံရတတ်သည်။ (ငွေပျောက် မှုကို သတိထားပါ။ စိတ်လိုက်မာန်ပါ ဆောင်ရွက်ပါက ပြဿနာကြီးထွားပြီး အမှုအခင်းကြုံရတတ်ပါသည်။ ယင်းကာလတွင် လုပ်ငန်းကြီးလုပ်ကိုင်ရပြီး ဝင်ငွေအထူးတိုးတက်ကောင်းမွန်မည်။ ကျန်းမာရေးတွင် မျက်စိကို ဂရုစိုက်ပါ။ ဥပဒ်အန္တရာယ်ဖြစ်တတ်သည်။

**ယတြာ။ ။ပဲမုန့်လှူဒါန်းပေးပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်အကိုင်အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများရရှိမည်။ လုပ်ငန်းတိုးချဲ့အောင်မြင်မည်။ ထင်ပေါ်ကျော်ကြားမှုများရရှိပြီး၊ ပျော်ရွှင်မှုများရရှိမည်။ ဆွေမျိုးမိတ်ဆွေများနှင့် သဘောထားကွဲလွဲတတ်သည်။ ၎င်းတို့အတွက် စိတ်သောကရောက်ရတတ်ပါသည်။ အချစ်ရေးအဆင်ပြေမည်။ ပျော်ရွှင်စရာများ ကြုံဆုံရလိမ့်မည်။ ကျန်းမာရေး သင့်တင့်ကောင်းမွန်နေပါမည်။

**ယတြာ။ ။မာလာကာသီးလှူပါ။**



**သောကြာသားသမီးများအတွက်** ရန်အပေါင်းအောင်မြင်မည်။ မြေယာပစ္စည်းများနှင့် ပတ်သက်ပြီးဝင်ကိန်းရှိသည်။ အကျိုးဆောင်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းချိန်ဖြစ်ပါသည်။ တစ်ခါတစ်ရံ ငွေကြေးအခက်အခဲကြုံရတတ်သော်လည်း ကူညီမစမည့်သူများ ပေါ်လာတတ်ပါသည်။ လူမှုရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်ကောင်းမွန်မည့်ကာလဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ သရက်သီးလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းအောင်မြင်မှုဆက်တိုက်ပေါ်ပေါက်နေတတ်သည်။ ဝင်ငွေများ တိုးလာမည့်ကာလဖြစ်သည်။ လုပ်ငန်းခွင်တွင် ရန်သူပြိုင်ဘက်များကို အောင်မြင်မှုရရှိနေမည်။ ကံကြမ္မာက သင့်ဘက်တွင် ရှိနေမည်။ နှလုံးသားရေးကိစ္စ၊ အပျော်အပါးကိစ္စများ စိတ်ပျံ့လွင့်နေတတ်သည်။ ကျန်းမာရေးတွင် စိတ်ဖိစီးမှုများနေတတ်ပါသည်။

**ယတြာ။ ။ နဂါးမောက်သီးလှူပါ။**



## မန္တလေးတိုင်းဒေသကြီးတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ ဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီးအတွင်း စားသုံးသူ သတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center – CICC ) များအား ဖွင့်လှစ်လျက်ရှိရာ ဇွန်လ ၁၀ ရက်က မန္တလေးမြို့တွင် လည်းကောင်း၊ ဇွန်လ ၁ ရက်က ကျောက်ဆည်ခရိုင်တွင် လည်းကောင်း၊ဇွန်လ ၈ ရက်က မြင်းခြံခရိုင်တွင် လည်းကောင်း၊ ဇွန်လ ၅ ရက်က မိတ္ထီလာခရိုင်တွင်လည်းကောင်း အသီးသီး ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ စားသုံးသူ သတင်းပြန်ကြားရေး နှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC)တွင် စားသုံးသူ ပြည်သူများ အမှန်တကယ် ထိခိုက်နစ်နာ ဆုံးရှုံးမှုများအား အချိန်တိုအတွင်း ကုစားဖြေရှင်းပေးနိုင်ရေး၊စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး၊ စားသုံးသူ ပြည်သူများ ယုံကြည်အားကိုးမှု ရရှိနိုင်ရေး၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် အဓိကထားကာ မန္တလေးတိုင်းဒေသကြီး / ခရိုင်များအတွင်းရှိ စားသုံးသူပြည်သူများအနေနှင့်နစ်နာမှုအတွက် တိုင်ကြားရာတွင် စီးပွားရေးလုပ်ငန်းရှင် များကိုထိခိုက်စေရန် ရည်ရွယ်၍ တိုင်ကြားခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ် နစ်နာဆုံးရှုံးမှုများရှိမှသာလျှင် စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ (CICC)သို့စာဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း တိုင်ကြားနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိပါသည်။

**နေခြည်ဦး၊ စားသုံးသူ**

## လင်းခေးမြို့နှင့်မောက်မယ်မြို့တို့တွင် ဈေးကွက်စစ်ဆေးခြင်း၊သနပ်ခါးအသင်းဖွဲ့စည်းခြင်းနှင့်စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း) စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့်ဝန်ထမ်းများသည် လင်းခေးမြို့နှင့် မောက်မယ်မြို့တို့တွင် ဈေးကွက်စစ်ဆေးခြင်း၊ သနပ်ခါး အသင်းဖွဲ့စည်းခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးဟောပြောဆွေးနွေးခြင်းများကို ဇွန်လ ၁၆ ရက်က ပြုလုပ်ခဲ့ကြပါတယ်။

ဇွန် ၁၆ ရက်တွင် လင်းခေးခရိုင်၊ လင်းခေးမြို့ စည်ပင်သာယာမြို့မဈေးအတွင်း နိုင်ငံတော်မှ တားမြစ်ထားသော စားသောက်ကုန်များ၊ သက်တမ်းလွန် စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေး အတွက် မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါတယ်။

ဆက်လက်၍ လင်းခေးမြို့နယ်၌ သနပ်ခါးအသင်းဖွဲ့စည်းခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းမာလ၏ နေအိမ်တွင် ပြုလုပ်ခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်က မြို့နယ်သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး၊ ပြည်ပဈေးကွက်သို့ Made in Myanmar အမှတ်တံဆိပ်ဖြင့် မြန်မာ့ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက သနပ်ခါးစိုက်ပျိုးထားရှိမှု၊ နှစ်စဉ်ထုတ်လုပ်နိုင်မှု၊ ဈေးကွက်ဈေးနှုန်းအခြေအနေများကို တင်ပြခဲ့ကြပြီး လိုအပ်သည်များကို အကြံဉာဏ်များပေးခဲ့ကြပါတယ်။

ထို့နောက် လင်းခေးမြို့ အ-ထ-က နှင့် မောက်မယ်မြို့ အ-ထ-ကတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲကို ကျင်းပခဲ့ရာ စုစုပေါင်း ၄၂၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင်-တောင်ကြီး**

## သာပေါင်းမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အခြေခံမော်တော်ဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်

သာပေါင်းမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်အားကစားခန်းမတွင် အခြေခံမော်တော်ဆိုင်ကယ်ပြင်သင်တန်းကို ဇွန်လ ဒုတိယပတ်မှစ၍ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ရှစ်စု၊ ကျေးရွာ ၁၉ ရွာမှ သင်တန်းသား ၅၀ဦးခန့် တက်ရောက်လျက်ရှိကြပြီး သင်တန်းဆရာ ဦးမျိုးနိုင်သူ ၊ ဦးလင်းထက်နိုင်တို့က သင်ကြားပို့ချ ပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ ဆိုင်ကယ်ကိုယ်ထည်ကာဗာများ ဖြုတ်/တပ်ခြင်း၊ အင်ဂျင်ဟက်နှင့် အင်ဂျင်ဘလောက်များ ဖြုတ်/တပ်ခြင်း၊ ဂီယာဘောက်ဖွဲ့စည်းပုံနှင့် မီးပေးစနစ်အင်ဂျင်ချိတ်ဆက် အလုပ်လုပ်ပုံတို့ကို ပြည့်ပြည့်စုံစုံ သင်ကြားပေးမည်ဖြစ်သည်။

ဆိုင်ကယ်အသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး ကိုယ်တိုင်ပြင်ဆင်တတ်၍ အသုံးစရိတ်များ လျှော့ချနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေး၊ မြို့ပြနှင့်ကျေးလက်နေ ပြည်သူများ ကိုယ်ပိုင်ဆိုင်ကယ်ပြင်ဆိုင်ဖွင့်လှစ်၍ ထိုက်တန်သော အခကြေးငွေများရရှိလျက် မိသားစုဝင်ငွေဖြင့် ဘဝရပ်တည်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးက ပြောပါသည်။

**မင်းမင်းဦး၊ ထွန်းမင်းလတ်(ပသ)**

# ဇွန်လ ဒုတိယပတ်အထိ ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်စီးဝင်ခဲ့



၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဇွန်လ ဒုတိယပတ်အထိမြန်မာနိုင်ငံသို့ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၈ ဘီလီယံကျော် စီးဝင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဇွန်လဒုတိယပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၂ခုကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇၁၃ ဒသမ ၄၃၃ သန်းနှင့်ပြည်တွင်း အလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၈၃၈၇ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ခွင့်ပြုခဲ့သည့် လုပ်ငန်းပေါင်း ၂၂ ခုမှာ စက်မှုကဏ္ဍတွင် ၁၀ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် တစ်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် တစ်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ရှစ်ခုနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတွင် နှစ်ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း၊ ခွင့်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၂ ခုအနက် ခွင့်ပြုမိန့်ထုတ်ပေးသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ ၁၀ ခုဖြစ်ပြီး အတည်ပြု မိန့်ထုတ်ပေးသည့်လုပ်ငန်းမှာ ၁၂ ခုဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်အရသိရသည်။

ထို့ပြင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လေးခုကို ခွင့်ပြုပေးခဲ့ရာ စက်မှုလုပ်ငန်းကဏ္ဍသုံးခုနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ တစ်ခုတို့ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆၆ သန်းအပါအဝင် မြန်မာကျပ်ငွေ ၁၁၄၂၅ ဒသမ ၉ သန်းရှိကြောင်း၊ ပြည်တွင်းအလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၇၃၀ ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇွန်လ ဒုတိယပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၆ ခုကိုခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၅၁ ဒသမ ၉၃၂ သန်းရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုမာဏ တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉၆၀ ဒသမ ၈၂၁ သန်းစီးဝင်ခဲ့သည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၄၈၀ သန်း ခွင့်ပြုခဲ့သဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၈ ဘီလီယံကျော် စီးဝင်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**




# MPT က မိုဘိုင်းလ်ဒေတာ အမြန်နှုန်းကို LTE$^+$ ကွန်ရက်အသစ်ဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်မည်

MPT သည် ပုံမှန်ထက် နှစ်ဆပိုမိုမြန်ဆန်သည့် မြန်နှုန်းမြင့်ဝန်ဆောင်မှုကို LTE$^+$ အမည်ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း MPT က ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါ LTE$^+$ ကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်တွင်ရရှိနေပြီဖြစ်ပြီး ဇူလိုင်လတွင် ပဲခူး၊ တောင်ကြီး၊ မော်လမြိုင်၊ မုံရွာနှင့် ပုသိမ်မြို့တို့တွင် အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် ဩဂုတ်လအတွင်းတွင် မြို့ကြီး ၂၀ ကျော်နှင့် စက်တင်ဘာလအတွင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးရှိ မြို့ကြီး ၃၀ ကျော်တို့တွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ LTE$^+$ ကို အသုံးပြုသူများအနေဖြင့် Data Package ကို ဝယ်ယူအသုံးပြုပါက ထပ်ဆောင်း Package များ ရရှိမည်ဖြစ်သည့်အတွက် အင်တာနက်အသုံးပြုရာတွင် ကုန်ကျစရိတ် ပိုမိုသက်သာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ MPT သည် ယခင်က အင်တာနက်အမြန်နှုန်းကို 75 Mbps မှ ယခု အခါတွင် LTE$^+$ စနစ်သို့ပြောင်းလဲလိုက်သဖြင့် ၎င်း၏အမြန်နှုန်းကို 150 Mbps သို့ တိုးမြှင့်ထုတ်လွှတ်ကာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operation မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာ တိုရှီတာကဲအာမာမီယာက "MPT ရဲ့ LTE$^+$ ကွန်ရက်ကို အားဖြည့်ပေးနေတဲ့ နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာက အရင်ကရှိခဲ့တဲ့ကွန်ရက်နဲ့မတူဘဲ အလွန်လျင်မြန်တဲ့ မိုဘိုင်းလ်ဒေတာအမြန်နှုန်းကို ရယူအသုံးပြုနိုင်မှာဖြစ်ပြီး ရှိပြီးသား Data Packs တွေ၊ Pay-As-You-Go အစီအစဉ်တွေကိုလည်း အရင်နှုန်းထားအတိုင်းပဲ ကျသင့်မှာဖြစ်ပါတယ်။ ဒါ့အပြင် MPT က အသစ်ထပ်မံမိတ်ဆက်မယ့် Happy Data Combo Pack ပရိုမိုးရှင်းအစီအစဉ်သစ်ကို LTE$^+$ ကွန်ရက်ပေါ်မှာ ပိုမိုသက်သာတဲ့နှုန်းထားနဲ့ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပြီး ဒေတာအပိုဆုတွေကိုလည်း Social Media နဲ့ အွန်လိုင်းဗီဒီယို နှစ်သက်သူများအတွက် ပေးအပ်သွားမှာဖြစ်ပါတယ်။ LTE$^+$ ရဲ့ပုံမှန်ထက် နှစ်ဆမြန်တဲ့ အမြန်ဆုံးအင်တာနက်နဲ့ဆို ဒေတာအသုံးပြုသူတွေအနေနဲ့ ဖိုင်ဆိုက်ကြီး တာတွေကို ဒေါင်းလုပ်ရယူတဲ့အခါနဲ့ ပို့တဲ့အခါတွေ၊ ဒေတာများများသုံးစွဲရတဲ့ ဂိမ်းတွေကစားတဲ့အခါနဲ့ အဆင့်မြင့် HD ဗီဒီယိုတွေ ကြည့်တဲ့အခါတွေမှာ အရမ်းကွာခြားနေတာကို ခံစားရမှာပါ"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# သဘာဝပျားရည်နှင့် ဗီတာမင်မျိုးစုံပါဝင်သည့် Honey Gold သဘာဝအားဖြည့်အချိုရည်အား တစ်ဘူးလျှင် ကျပ် ၄၅၀ ဖြင့်ရောင်းချ

သဘာဝပျားရည်နှင့်ဗီတာမင်မျိုးစုံပါဝင်သည့် Honey Gold သဘာဝ အားဖြည့်အချိုရည်အား တစ်ဘူးလျှင် ကျပ် ၄၅၀ ဖြင့်ရောင်းချမည်ဖြစ်ကြောင်း ဇွန် ၁၇ ရက်တွင် ပြုလုပ်ခဲ့သည့် အားဖြည့်အချိုရည်မိတ်ဆက်ပွဲမှ သိရသည်။

အဆိုပါအားဖြည့်အချိုရည်ကို အဆာဟိလွယ်ဟိန်းကုမ္ပဏီလီမိတက်က ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းဖြစ်သည်။ အဆာဟိလွယ်ဟိန်းကုမ္ပဏီလီမိတက်သည် ဂျပန်နိုင်ငံမှ Asahi Group Holding Ltd. နှင့် လွယ်ဟိန်းကုမ္ပဏီလီမိတက်တို့ပူးပေါင်းထားသည့် စွန့်ဦးကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါသဘာဝပျားရည်နှင့် ဗီတာမင်မျိုးစုံပါဝင်သည့် Honey Gold အမှတ်တံဆိပ် အားဖြည့်အချိုရည်သည် Asahi Group Holding က ပထမဦးဆုံး ထုတ်လုပ်သည့် မြန်မာ့ထုတ်ကုန်ဖြစ်ပြီး အဆာဟိ၏ ဂျပန်နိုင်ငံအချိုရည်လုပ်ငန်းများမှ ရရှိထားသည့် အသိပညာနှင့် နည်းပညာတို့ကို ပေါင်းစပ်ပြီး မြန်မာလူမျိုးတို့အကြိုက်နှင့်ကိုက်ညီစေရန် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘာဝအားဖြည့်အချိုရည် Honey Gold အား မြန်မာနိုင်ငံ အနှံ့အပြားတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ပြီး တစ်ဘူးလျှင် ကျပ် ၄၅၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**




# အူရီဒူးမြန်မာက နေရာတိုင်းတွင် ချိတ်ဆက်နိုင်သည့် Private APN ဝန်ဆောင်မှုကို စီးပွားရေးလုပ်ငန်းရှင်များအတွက် မိတ်ဆက်

အူရီဒူးမြန်မာသည် စီးပွားရေးလုပ်ငန်းကြီးများအတွက် Private APN ဝန်ဆောင်မှုကို စတင်ပေးအပ်လိုက်ပြီဖြစ်ကြောင်း အူရီဒူးမြန်မာ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ Private APN ကို Corporate APN ဟုလည်းခေါ်ဆိုကြပြီး အင်တာပရိုက်စ်နှင့်ကော်ပိုရေးရှင်း စသည့်လုပ်ငန်းများအနေဖြင့် မိုဘိုင်းကွန်ရက်မှတစ်ဆင့် လုပ်ငန်းရှင်များ၏ သီးသန့် Private LAN ကို လုံခြုံစိတ်ချစွာဖြင့် ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

အူရီဒူးမြန်မာ၏ Private APN ကို အသုံးပြုခြင်းဖြင့် မိမိတို့၏လုပ်ငန်း အီးမေးလ်၊ ရုံးတွင်းသုံးစနစ်နှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို လုံခြုံစိတ်ချစွာဖြင့် ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။

အူရီဒူး၏ ဝန်ဆောင်မှုကို အသုံးပြုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့လုပ်ငန်း၏ ကိုယ်ပိုင်ကွန်ရက်ကို ချိတ်ဆက်ခြင်းနှင့် အခြားသော တရားဝင် အက်ပလီကေးရှင်းများကိုလည်း အူရီးဒူး၏ လုံခြုံစိတ်ချရပြီး မြန်ဆန်လှသည့် ကွန်ရက်မှတစ်ဆင့် ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ အသုံးပြုသည့် ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများမှာ အန္တရာယ်ကင်းမှု၊ လုံခြုံမှုနှင့် ကာကွယ်မှု အပြည့်အဝရှိနေမည်ဖြစ်သည့်အတွက် အခြားသော ပြင်ပမှာ spammerအနေဖြင့်သော်လည်းကောင်း၊ ဗိုင်းရပ်စ်အနေဖြင့်သော်လည်းကောင်း ဝင်ရောက်တိုက်ခိုက်ခြင်းမျိုး မဖြစ်နိုင်ပေ။

အူရီဒူးမြန်မာ၏ Private APN သည် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို မိမိတို့၏ ရုံးချုပ်နှင့် လုံခြုံစိတ်ချစွာ ချိတ်ဆက်အသုံးပြုရန် လိုအပ်သော ရုံးခွဲများသာမက လုပ်ငန်းကိစ္စဖြင့် ခရီးဝေးရောက်ရှိနေသော ဝန်ထမ်းများပါ ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ လုပ်ငန်းခွင်သုံးကွန်ပျူတာများနှင့် မိုဘိုင်းဖုန်းများကဲ့သို့ စက်ပစ္စည်းတစ်ခုနှင့်တစ်ခုချိတ်ဆက်ပြီး ၎င်းစက်ပစ္စည်းကို ခြေရာခံခြင်း၊ စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်နိုင်ခြင်း၊ အဝေးမှနေ၍ အသုံးပြုနိုင်သော အက်ပလီကေးရှင်းများနှင့် အခြားသော လုပ်ငန်းဆက်စပ်မှု အချက်အလက်များစသည့် သတင်းအချက်အလက်များ ပေးပို့ရာတွင် လုံခြုံစိတ်ချရခြင်း စသည့် ဝန်ဆောင်မှုကို ပေးလျက်ရှိသည်။

လိုင်းတည်ငြိမ်၍ ယုံကြည်စိတ်ချရသည့် ကွန်ရက်နှင့်အတူ ပိုမိုကောင်းမွန်သည့် အရည်အသွေးမြင့်ဝန်ဆောင်မှုကိုရယူလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အူရီဒူးမြန်မာ၏ စီးပွားရေးလုပ်ငန်းသုံးဝန်ဆောင်မှုအကြောင်း ပိုမိုအသေးစိတ်သိရှိလိုပါက အူရီဒူးမြန်မာ ဖုန်း ၀၉-၉၇၀၀၀၀၂၃၄ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# စားသုံးသူ အကာအကွယ်ပေးရေးအတွက်

# ကျန်းမာရေးအသိဖြင့်

# နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲကြပါစို့

**● နိုင်ဦး၊ မြင့်မြင့်ချို**

> **နေထိုင်စားသောက်မှုပုံစံများ၊ ထုတ်လုပ်မှုနည်းစနစ်များ အချိန်မီ ပြင်ဆင်ပြောင်းလဲမှသာ လူသားများသည် ကမ္ဘာမြေပြင်ပေါ်တွင် ထာဝစဉ်ရပ်တည်နိုင်မည် ဖြစ်ပေသည်။**

ယခင်က မြန်မာနိုင်ငံရှိလူဦးရေစာရင်းအား ၂၀၁၄ ခုနှစ်တွင် သန်း ၆၀ကျော်ရှိမည်ဟု ဘက်ပေါင်းစုံမှတွက်ချက်၍ ခန့်မှန်းထားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် စနစ်တကျနှင့်အတတ်နိုင်ဆုံး ပြည်စုံမှန်ကန်စွာ သန်းခေါင်စာရင်း ကောက်ယူခဲ့သောအခါ ၅၁ သန်းကျော်သာ ရှိနေသေးသည်ကို အံ့ဩဖွယ်တွေ့ရှိရပါသည်။ ထို့အတူ ကမ္ဘာ့ လူဦးရေ အားတွက်ချက်ရာ၌လည်း ၂၀၁၅ ခုနှစ်တွင် သန်းပေါင်း ၈၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားခဲ့သော်လည်း အမှန်တကယ်ကောက်ယူသောအခါ သန်းပေါင်း ၇၀၀၀ ခန့်သာရှိနေသေးသည်ကိုတွေ့ရှိရပါသည်။ ထိုသို့ပုံမှန်အတိုင်း လူဦးရေတိုးလာမှု မရှိခြင်းမှာ လူတို့၏အမူအကျင့်များ၊ ပတ်ဝန်းကျင်အခြေအနေရိုက်ခတ်မှုများ၊ နေထိုင်သွားလာစားသောက်မှု ပုံစံများပုံမှန်အနေအထားမှလွဲချော်၍ ကျန်းမာရေးအသိပညာဗဟုသုတများနည်းပါးကြ၍လည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများသုံးစွဲ၍ထုတ်လုပ်သော အသင့်စား၊ အသင့်သုံးပစ္စည်းများကို ဝယ်ယူစားသောက်သုံးစွဲကြ၍လည်းကောင်း၊ ဓာတုဆေးသုံး ရောနှောဆီများ အသီးအနှံဟင်းသီးဟင်းရွက်များအား စနစ်တကျရွေးချယ်၍စားသုံးရန်ပျက်ကွက်လာကြ၍လည်းကောင်း၊ ရောဂါဘယများ ထူပြောကာ ရောဂါမျိုးစုံအပြင် မျိုးပွားမှုဖြစ်စဉ်များကိုပါ ထိခိုက်လာ၍ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် မျိုးသုန်းပျောက်ကွယ်သွားခဲ့ပြီဖြစ်သည့် ဒိုင်နိုဆောသတ္တဝါကြီးများသည် ကမ္ဘာ့မြေပြင်ပေါ်တွင် နှစ်ပေါင်း ၁၆၅ သန်းခန့် အသက်ရှင်ရပ်တည်သွားကြပါသည်။ ဥက္ကာခဲကြီး ကျရောက်မီးလောင်၍ပဲဆိုဆို၊ ဦးနှောက်သေးပြီး ခန္ဓာကိုယ်ကြီးမား၍ပဲပြောပြော၊ ဇာတ်တူသားစား၍ စားသောက်မှုပမာဏကြီးမား၍ ပဲပြောပြော မည်သို့ပင်ပြောဆိုပါစေ ကွယ်ပျောက်သွားခဲ့ပြီဖြစ်သော်လည်း နှစ်ကာလကြာရှည်စွာ ကမ္ဘာမြေပေါ်တွင်နေထိုင်ခဲ့သည်ကိုမူ အငြင်းပွားစရာ မလိုပေ။ သို့သော်ကမ္ဘာမြေပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်းလေးသန်းကျော်မှ ပေါက်ဖွားလာသော လူသားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော ရောဂါဆန်းများဖြစ်ပွားလျက်ရှိနေသည်ကို တွေးလိုက်တိုင်းနာကျင်ဖွယ် ကြားသိတွေ့မြင်နေရပါသည်။ လူသားများ အချိန်မြန်မြန် မျိုးတုံးပျောက်ကွယ်သွားရန် ပိုပို၍နီးကပ်လာသလို ခံစားနေရသည်။ နေထိုင်စားသောက်မှုပုံစံများ၊ ထုတ်လုပ်မှုနည်းစနစ်များ အချိန်မီ ပြင်ဆင် ပြောင်းလဲမှသာ လူသားများသည် ကမ္ဘာမြေပြင်ပေါ်တွင် ထာဝစဉ်ရပ်တည်နိုင်မည် ဖြစ်ပေသည်။

ထိုသို့ ရပ်တည်နိုင်ရန် နေ့စဉ်နေထိုင်စားကြရသည့်အစားသောက်နှင့် အသုံးအဆောင်ပစ္စည်းများအား စနစ်တကျရွေးချယ်စိစစ်ကာ စားသောက်သုံးဆောင်ကြရန် လွန်စွာအရေးကြီးလာ ပါသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များမှာ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်အတွင်း ကာလကြာရှည်စွာ ရောင်းချနိုင်ရန်အတွက် သုံးစွဲသည့် တာရှည်ခံဆေးများ၊ စားသုံးသူများအမြင်လှပရေးအတွက် အစားအသောက်တွင်သုံးစွဲခွင့်မပြုသော ဓာတုဆိုးဆေးများအား အသုံးပြုထားသည့် ဆိုးဆေးများနှင့် အခြားတရားမဝင်ဓာတုပစ္စည်းများသုံးစွဲထားသည့် ပစ္စည်းများကြောင့် မြန်မာနိုင်ငံရှိ ပြည်သူများသည် ကမ္ဘာပေါ်၌ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါများအားလုံးကို ရယူခံစားနေကြရပေသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီးမှ ကမ္ဘာပေါ်ရှိကင်ဆာရောဂါ ဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံမှာ နံပါတ်(၂)အဖြစ် သတ်မှတ်ထားခြင်း ခံနေရပြီ ဖြစ်ပါသည်။ မြန်မာပြည်သူများအနေဖြင့် အမျိုးသားရေး တာဝန်အသိဖြင့် အချိန်မီသတိထားမဆင်ခြင်ပါက လူမျိုးပါတုံးမည့် အန္တရာယ်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင်ဖြစ်ပွားလျက်ရှိသော ကင်ဆာအမျိုးအစားမှာ သွေးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ဦးနှောက်အကျိတ်ကင်ဆာ၊ ရိုးတွင်းခြင်ဆီကင်ဆာ၊ အရေပြားကင်ဆာ၊ ပါးစပ်ခံတွင်းကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အစာရေမျိုကင်ဆာ၊ အူမကြီးနှင့်မစင်အိမ်ကင်ဆာ၊ သားအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ စသည်တို့ဖြစ်ကြပါသည်။ ထိုကင်ဆာအမျိုးမျိုးဖြစ်ပွားရခြင်းမှာ လူသားတို့၏ စားသောက်နေထိုင်မှုပုံစံများ မှားယွင်းနေ၍ အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ ကျန်းမာရေးနှင့်ညီညွတ်မည့်အမူအကျင့်များကို လက်ခံသုံးစွဲပါကလည်းကောင်း၊ ဘဝနေထိုင်မှုပုံစံတွေကိုပြောင်းလဲပါကလည်းကောင်း ကင်ဆာရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားမှုများကို ထိန်းချုပ်ရာရောက်ပါမည်။ ကင်ဆာရောဂါဖြစ်ပွားမှု ၇၀ ရာခိုင်နှုန်းကို ကျန်းမာရေးသတိရှိမှုနှင့် ဘဝနေထိုင်မှုများဖြင့် ရှောင်ရှားနိုင်ပါသည်။

ပြည်သူများ ကျန်းမာပျော်ရွှင်စွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်ရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ရယူသုံးစွဲဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄) နှင့်အညီ စားသုံးသူရေးရာဝန်ထမ်းများက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ ၅၁ သန်းကျော်သောပြည်သူများအား အသိပညာ ပေးကွင်းဆင်းဟောပြောဆွေးနွေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဝန်နှင့်အားမမျှသလိုရှိသော်လည်း စေတနာရှေ့ထားကာ ဆောင်ရွက်လျက်ရှိနေပါသည်။ ပြည်သူများမှလည်းလိုက်နာကျင့်သုံးနေထိုင်စားသောက်ကြမှသာ လျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ရောဂါအမျိုးမျိုးနှင့် ကင်ဆာများမဖြစ်ပွားရန် ငွေကုန်ကြေးကျခံရန်မလိုပါ၊ တန်ဖိုးကြီး ဆေးကောင်းဝါးကောင်းများလည်းသုံးစွဲရန်မလိုပါ။ ကျန်းမာရေးအသိရှိစွာနှင့်ဘဝနေထိုင် စားသောက်မှုပုံစံများကို ပြောင်းလဲဆောင်ရွက်ရန်သာ လိုပါသည်။ အောက်ပါနည်းလမ်းများသည် ရိုးရှင်းလွယ်ကူပြီး စားသုံးသူတိုင်းလိုက်နာဆောင်ရွက်နိုင်မည့် ကျန်းမာစေသော နေထိုင်စားသောက်နည်းများဖြစ်ပေသည်။

**ရေဘုံဘိုင်ခေါင်းမှရသော ရေကို စစ်ပြီးအသုံးပြုပါ။**

ထိုသို့အသုံးပြုခြင်းကြောင့် ကင်ဆာရောဂါဖြစ်စေနိုင်သော Carcinogen နှင့် ဟော်မုန်းကို အနှောင့်အယှက်ပေးသည့် ဓာတုပစ္စည်းများနှင့် ထိတွေ့မှု နည်းသွားနိုင်ပါသည်။ ရေသန့်စင်စက်ကို အသုံးပြုပြီး ဘုံဘိုင်မှရေကိုအသုံးပြုခြင်းသည် ရေသန့်ဘူးများလောက် အရည်အသွေးမကောင်းသော်လည်း အန္တရာယ်ပိုကင်းပါသည်။ ဓာတုပစ္စည်းနှင့်ထိတွေ့မှုနည်းအောင် ပလတ်စတစ်ဘူးများနှင့် ရေထည့်သောက်မည့်အစား စတီး သို့မဟုတ် ဖန်ဘူးများနှင့်အသုံးပြုလျှင် သင့်တော်ပေသည်။ မိမိနိုင်ငံဓလေ့ဖြစ်သည့် မြေအိုးများနှင့် ထည့်သောက်လျှင်က ပြောဖွယ်ရာမရှိ ဘေးကင်းလုံခြုံမှုအပြည့် ရှိပေသည်။ ရုပ်ဝတ္ထုပစ္စည်းများ တိုးတက်လာလေ ပျက်စီးမှုပိုများလာလေသည်မှာ ယနေ့ခေတ်အချိန်အခါပင်ဖြစ်သည်။

**ဓာတ်ဆီတိုင်ကီမှာဆီပြည့်နေလျှင် ဆီထည့်ခြင်းကို ရပ်လိုက်ပါ။**

ဆီဆိုင်တွင် ဓာတ်ဆီ သို့မဟုတ် ဓာတ်ငွေ့ဖြည့်နေစဉ် သင်ဝယ်သည့်ဆီအမှတ်မရောက်သေးဘဲ ဆီတိုင်ကီပြည့်သွားလျှင် ဆက်မဖြည့်ဘဲရပ်လိုက်ပါ။ ဆီများလျှံကျလာသောကြောင့် ကင်ဆာဖြစ်စေနိုင်သည့် အဆိပ်ပစ္စည်းများ လေထဲသို့ ပျံ့နှံ့သွားနိုင်ပြီး သင်၏အရေပြား သို့မဟုတ် အဆုတ်ထဲသို့ ရောက်သွားနိုင်သည်။ ဆီဆိုင် လုပ်သားများ၏ ကျန်းမာရေးအတွက် mask တပ်ရမည့်ကိစ္စကို အသေအချာ ပညာပေးသင့်သည်။ ဝမ်းရေးအတွက် ရောဂါရလွယ်သော အလုပ်ကိုလုပ်နေကြသော်လည်းတစ်ဖက်မှာအသိတရားနဲ့သတိထားပြီး မိမိကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ကြရပေမည်။

**အသားများကို မကင်ခင်နှပ်ထားပါ။**

အသား၊ ငါးများကို မီးသွေးနှင့်ကင်စားလျှင် အသားကင်ပေါ်မှမီးခိုးမှိုင်းထဲတွင် ကင်ဆာဖြစ်စေနိုင်သည့် Heterocyclic amines HCAS များ ရှိနေတတ်သည်။ ထို့ကြောင့် အသား၊ ငါး များကို မကင်ခင် အနည်းဆုံးတစ်နာရီခန့်ကြိုတင်၍ မဆာလာနှင့်နှပ်ထားပါ။ မဆလာတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် HCAS ကို ၈၇ ရာခိုင်နှုန်းခန့် လျှော့ချနိုင်သည်ဟု ကာဆပ် တက္ကသိုလ်မှ လေ့လာသူများက တွေ့ရှိခဲ့ပါသည်။ အကင်များကို စွဲစွဲလန်းလန်းကြိုက်နှစ်သက်သဖြင့် ခဏခဏစားသောကြောင့် ၁၀ နှစ်ကျော်ကလေးတွေမှာပင် အူမကြီးကင်ဆာဖြစ်နေကြသည်ကိုလည်း ကြားသိနေရပေသည်။

**ရေများများသောက်ပါ။**

ရေနှင့် အခြားအရည်များကို များများ သောက်သောကြောင့် ကင်ဆာဖြစ်စေနိုင်သည့် အဆိပ်များသည် ဆီးအတွင်းတွင် Dilute ဖြစ်သွားပြီး မြန်မြန်ထွက်သွားစေသောကြောင့် ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေနည်းသွားစေနိုင်ပါသည်။ နေ့စဉ်ရေနှစ်လီတာ အနည်းဆုံးသောက်သုံးသင့်ပေသည်။

**အစိမ်းရောင်ဟင်းသီးဟင်းရွက် များများစားပါ။**

ဟင်းသီးဟင်းရွက်ကို အစိမ်းရောင်ဖြစ်စေသည့် ကလိုရိုဖီးလ်တွင် မဂ္ဂနီစီယမ်များစွာပါဝင်သောကြောင့် အမျိုးသမီးများ၌ အူမကြီးကင်ဆာဖြစ်နိုင်ခြေလျော့နည်းနိုင်ပါသည်။ အစိမ်းရင့်ရောင်အရွက်များကို များများစားပေးပါ။ ချက်ပြီးသားဟင်းနုနွယ်ခွက်တစ်ခွက်စာတွင် မဂ္ဂနီစီယမ် ၇၅ မီလီဂရမ်ပါဝင်ပါသည်။ ဤပမာဏသည် နေ့စဉ်လိုအပ်ချက်ပမာဏ၏ ၂၀ ရာခိုင်နှုန်းဖြစ်သည်။

**အခွံမာသီးစားပါ။**

အခွံမာသီးတွင်ပါဝင်သော ဆီလီနီယမ်များသည် ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်သည်ဟု Dartmouth ဆေးတက္ကသိုလ်မှ သုတေသီများကဆိုပါသည်။ အခြားလေ့လာမှုများအရလည်း သွေးတွင်းဆီလီနီယမ်ပါဝင်မှုများသူများသည် အဆုတ်နှင့်အူမကြီးကင်ဆာကြောင့် သေဆုံးနှုန်းကျဆင်းသွားသည်ကို တွေ့ရှိခဲ့ပါသည်။ ဆီလီနီယမ်သည် ကလာပ်စည်းများကို ဓာတ်တိုးပစ္စည်းမှ ကာကွယ်ပေးနိုင်ရုံမက ခုခံအားလည်း ကောင်းမွန်စေ၍ ကင်ဆာအကျိတ်ကို အာဟာရပေးမည့် သွေးကြောများမပေါ်ပေါက်အောင်လည်း ဖိနှိပ်ပေးပါသည်။ အခွံမာသီးသည်ဈေးကြီး၍ လက်လှမ်းမမီပါက နေရာဒေသတိုင်းတွင် ပေါက်ရောက်ရှင်သန်နေသည့် ဗန်ဒါပင်မှ မှည့်ပြီးကြွေကျနေသော အသီးများကိုကောက်၍ ထုစားလျှင် အခွံမာသီးပင်ဖြစ်ပေသည်။

**ရင်သားကင်ဆာမဖြစ်အောင် လေ့ကျင့်ခန်းလုပ်ပါ။**

လမ်းမြန်မြန်လျှောက်ခြင်းမျိုးကဲ့သို့ အသင့်အတင့် လေ့ကျင့်ခန်းမျိုးကို တစ်ပတ်လျှင် နှစ်နာရီလုပ်သောကြောင့် ရင်သားကင်ဆာဖြစ်နိုင်ခြေကို ၁၈ ရာခိုင်နှုန်းလျှော့ချနိုင်ပါသည်။ လေ့ကျင့်ခန်းပုံမှန်လုပ်သောကြောင့် ကင်ဆာဖြစ်စေနိုင်သော အီစထရိုဂျင်ကိုထုတ်လုပ်ပေးသည့် အဆီများအား လောင်ကျွမ်းသွားစေသောကြောင့် ဖြစ်နိုင်ခြေလျော့သွားခြင်းဖြစ်သည်။

**အဝတ်များကို အခြောက်မလျှော်ပါနှင့်**

အခြောက်လျှော်သန့်စင်ရည်တွင် ပါဝင်သော perchloroethylene ဓာတုပစ္စည်းသည် အသည်း၊ ကျောက်ကပ်ကင်ဆာနှင့် သွေးကင်ဆာကိုဖြစ်စေနိုင်သည်ဟု ၂၀၁၀ ပြည့်နှစ်အစောပိုင်းက National Academics Of Science မှ သုတေသီများကတွေ့ရှိခဲ့ပါသည်။ ဆပ်ပြာရည်အပျော့စားနှင့် အဝတ်လျှော်ပြီး လေထဲတွင်အခြောက်ခံပါ။ အစွန်းအထင်းရှိနေလျှင်လည်း ရှာလကာရည်ဖြင့် ဖျက်နိုင်ပေသည်။

စာမျက်နှာ (၃၁)သို့ ➢



## မြို့ကြီးများ၏ ၂၆-၆-၂၀၁၇ မှ ၃၀-၆-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၆-၆-၂၀၁၇) | အင်္ဂါ(၂၇-၆-၂၀၁၇) | ဗုဒ္ဓဟူး(၂၈-၆-၂၀၁၇) | ကြာသပတေး(၂၉-၆-၂၀၁၇) | သောကြာ(၃၀-၆-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၉၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၇˚F | ၆၀% ၃၁˚C/၈၈˚F | ၆၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F |
| ရန်ကုန်မြို့ | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F |
| မန္တလေးမြို့ | နေသာ ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F | ၃၀% ၃၃˚C/၉၁˚F | ၄၀% ၃၂˚C/၈၉˚F | တိမ်ထူထပ် ၃၃˚C/၉၁˚F |
| မြစ်ကြီးနား | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၂˚F |
| လားရှိုး | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၁˚F |
| ကျိုင်းတုံ | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၅၀% ၂၉˚C/၈၅˚F |
| လွိုင်ကော် | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၇˚C/၈၀˚F | ၇၀% ၂၆˚C/၇၉˚F | ၆၀% ၂၇˚C/၈၀˚F | ၈၀% ၂၆˚C/၇၉˚F |
| တောင်ကြီး | ၈၀% ၂၃˚C/၇၆˚F | ၇၀% ၂၃˚C/၇၄˚F | ၈၀% ၂၄˚C/၇၅˚F | ၈၀% ၂၃˚C/၇၄˚F | ၆၀% ၂၃˚C/၇၄˚F |
| မော်လမြိုင် | ၉၀% ၂၈˚C/၈၁˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၅˚F | ၈၀% ၂၈˚C/၈၅˚F |
| ဘားအံ | ၉၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F |
| တောင်ငူ | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F | ၆၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F |
| မုံရွာ | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F | ၅၀% ၃၃˚C/၉၂˚F | ၅၀% ၃၃˚C/၉၂˚F | ၅၀% ၃၃˚C/၉၁˚F | တိမ်ထူထပ် ၃၃˚C/၉၂˚F |
| ပုသိမ် | ၉၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F |
| မြိတ် | ၁၀၀% ၂၇˚C/၈၁˚F | ၉၀% ၂၈˚C/၈၂˚F | ၈၀% ၂၉˚C/၈၄˚F | ၄၀% ၃၀˚C/၈၆˚F | ၆၀% ၂၉˚C/၈၅˚F |
| စစ်တွေ | ၈၀% ၂၉˚C/၈၄˚F | ၉၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F |
| မကွေး | ၈၀% ၃၃˚C/၉၁˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၈၉˚F | ၅၀% ၃၁˚C/၈၈˚F | ၈၀% ၃၂˚C/၈၉˚F |
| ဖလမ်း | ၈၀% ၂၄˚C/၇၄˚F | ၈၀% ၂၄˚C/၇၄˚F | ၈၀% ၂၃˚C/၇၃˚F | ၈၀% ၂၃˚C/၇၃˚F | ၈၀% ၂၄˚C/၇၄˚F |

# သီရိလင်္ကာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းထားသဖြင့် အဆိုးရွားဆုံးရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိ

သီရိလင်္ကာနိုင်ငံတောင်ပိုင်းတွင် လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမည်ဟု သီရိလင်္ကာနိုင်ငံ မိုးလေဝသဌာနက ခန့်မှန်းချက်ထုတ်ပြန်ထားသဖြင့် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မိုးရွာသွန်းရာတွင် မိုးရေချိန် ၇၅ မီလီမီတာမှ မီလီမီတာ ၁၀၀ အထိ ရွာသွန်းနိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူ များအနေဖြင့် သတိဝီရိယဖြင့်နေထိုင်ကြရန် နှိုးဆော်ထားကြောင်း သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

"အခုလောလောဆယ်မှာတော့ ကျွန်တော်တို့အနေနဲ့ သတိပေးချက်တွေကိုပဲ ထုတ်ပြန်ထားပါသေးတယ်။ လိုအပ်မယ်ဆိုရင်တော့ သတိပေးချက်တွေကို အထူးမြှင့်တင်ပြီး ထုတ်ပြန်မှာဖြစ်ပါတယ်။ အထူးသဖြင့် ရေလွှမ်းမိုးမှုတွေ၊ မြေပြိုမှုတွေ ဖြစ်လာနိုင်တယ်ဆိုတာကိုပါ သတိပေးချက်ထုတ်ပြန်မှာ ဖြစ်ပါတယ်"ဟု သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ အကြီးအကဲ ပရာဒီကိုဒီပလီက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံ မိုးလေဝသဌာနက ထုတ်ဝေဖြန့်ချိလျက်ရှိသည့် သောကြာနေ့အထူးထုတ်စာစောင်တွင် လာမည့်ရက်အနည်းငယ်အတွင်း နိုင်ငံ၏ တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း၊ မိုးသည်းထန်မှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသရှိ ခရိုင်များတွင် အဆိုးရွားဆုံးဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ထို့ပြင်နိုင်ငံ၏ အနောက်ပိုင်းဒေသတွင်လည်း မိုးများရွာသွန်းနိုင်သော်လည်း သည်းထန်စွာရွာသွန်းခြင်းမရှိနိုင်ကြောင်း ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံတွင် ပြီးခဲ့သည့်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုနှင့် မြေပြိုကျမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ပြီး အိုးအိမ်များ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရသည်။ **မယ်သီတာ**



# ဂွာတီမာလာနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်

ဂွာတီမာလာနိုင်ငံ ပစိဖိတ်ကမ်းခြေဒေသတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သည့် ငလျင်တစ်ခု ဇွန် ၂၂ ရက်က လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်ကို Independent သတင်းတွင် ဖော်ပြထားသည်။

အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် ဂွာတီမာလာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အယ်လ်ဆာဗေးဒိုးနှင့် မက္ကဆီကိုနိုင်ငံတို့တွင် ငလျင်လှုပ်ခတ်မှုကို သိသာစွာ ခံစားခဲ့ရသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် ဂွာတီမာလာနိုင်ငံ၏ မြို့တော် ပွာတိုဆန်ဂျို့စ်မှ ၂၄ မိုင်အကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ယူနက်စကို၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသဖြစ်သည့် အန်တီမာဂွာတီမာလာဒေသတွင် အများအပြား ထိခိုက် ပျက်စီးခဲ့ရသည်ဟုဆိုသည်။

အန်တီမာဂွာတီမာလာဒေသသည် ကိုလိုနီခေတ်ကတည်းက တည်ဆောက်ထားခဲ့သည့် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ အဆိုပါဒေသသည် ၁၅၂၅ ခုနှစ်ကတည်းက တည်ထောင်ခဲ့သည့်မြို့တစ်မြို့ဖြစ်ပြီး ၁၇၇၃ ခုနှစ်က လှုပ်ခတ်ခဲ့သည့်အင်အားပြင်းငလျင်ကြောင့် အများအပြားပျက်စီးခဲ့ရကြောင်း ယူနက်စကို၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့နောက် ယခုလက်ရှိနေရာဖြစ်သည့် ဂွာတီမာလာမြို့တွင် အဆိုပါရှေးဟောင်းမြို့တော်ကို ပြန်လည်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယူနက်စကိုက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် ၁၉၇၉ ခုနှစ်တွင် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက် သေဆုံးမှုများမရှိဟု အာဏာပိုင်များက ထုတ်ဖော်ကြေညာခဲ့သော်လည်း မြေပြိုကျမှုများ ဖြစ်ပွားခဲ့သဖြင့် အနည်းဆုံးလူ ၁၂ ဦး သေဆုံးခဲ့ရပြီး အများအပြား ပျောက်ဆုံးနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ယခုအချိန်သည် ဂွာတီမာလာနိုင်ငံတွင် မိုးရာသီကာလသို့ ရောက်ရှိနေသည့်အချိန်ဖြစ်သဖြင့် မြေပြိုကျမှုသည် ငလျင်လှုပ်ခတ်မှုနှင့် သက်ဆိုင်ခြင်း ရှိ၊ မရှိကို ဒေသဆိုင်ရာ အာဏာပိုင်များက စုံစမ်းလျက်ရှိသည်ဟု ဆိုသည်။

ယခုလှုပ်ခတ်ခဲ့သည့်ငလျင်သည် အလယ်ပိုင်းအမေရိကဒေသတွင် တစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဖြစ်သည်ဟုဆိုသည်။ **မယ်သီတာ**

## ဘားအံမြို့တွင် စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်

ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇွန်လ ၁ ရက်က ဘားအံမြို့ မော်တော်ယာဉ်လိုင်းရုံး၌ မော်တော်ယာဉ်လိုင်းပေါင်းစုံမှ တာဝန်ရှိသူများအား စားသုံးသူ အကာအကွယ်ပေးရေး ဝန်ဆောင်မှုအကြောင်းကိုလည်းကောင်း၊ ဇွန်လ ၇ ရက်က စိုက်ပျိုးရေး ဖွဲ့ကပင်သင်တန်းကျောင်းတွင်လည်းကောင်း၊ ဇွန်လ ၉ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးရုံးတွင် ကျောင်းဈေးသည်များအား လည်းကောင်း၊ ဇွန်လ ၁၂ ရက်က အမှတ်(၂) ရပ်ကွက် မူလွန်ကျောင်းတွင်လည်းကောင်း၊ ဇွန်လ ၁၃ ရက်က အမှတ်(၁)ရပ်ကွက် အမက(၂)ကျောင်းတို့၌ လည်းကောင်း၊ ဇွန်လ ၁၄ ရက်နှင့် ဇွန်လ ၁၅ ရက်က ဘားအံမြို့ ဇာသပြင် အရှေ့ကျေးရွာ၊ အနောက်ကျေးရွာ၊ အ. ထ. က ဇာသပြင်၊ အမှတ်(၉)ရပ်ကွက် မူလွန်(၃)ကျောင်းတို့တွင်လည်းကောင်း၊ ဘားအံမြို့မဈေး၊ သီရိဈေး၊ ရေပေါ်ဈေး တို့၌ စားသုံးရန်မသင့် ကြေညာချက် Vinyl ကပ်ခြင်းနှင့် လက်လီဆိုင်များအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူး၍ ဇွန်လ ၂၀ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ သင်တန်းသို့ကရင်ပြည်နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ကရင်ပြည်နယ် စားသုံးသူအကာ အကွယ်ပေးရေး အသင်းဝင်များ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူအကာ အကွယ်ပေးရေးအသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊ သုတေသနပြုခြင်း အကြောင်းကိုလည်းကောင်း၊ ဘားအံခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ၂၀၁၇-၂၀၁၈ခုနှစ် လျာထားချက်များနှင့် ဆောင်ရွက်မည့် အစီအစဉ်များအကြောင်းကို လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်က အာဆီယံနှင့် အာဆီယံ စားသုံးသူအကာအကွယ် ပေးရေး(ACCP) အကြောင်းကိုလည်းကောင်း၊ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းက စားသုံးသူအကာအကွယ် ပေးရေးဥပဒေအကြောင်းကိုလည်းကောင်း သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်၊ စားသုံးသူ)**

## ကျုံပျော်မြို့နယ်တွင် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ အသိပညာပေးသင်တန်းဖွင့်လှစ်

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနသည် ကျုံပျော်မြို့နယ် အ. ထ. က(၁) အောင်ဆန်း ခန်းမတွင် ဇွန်လ ၁၅ရက်က ကျောင်းမုန့်ဈေးတန်း စားသုံးသူ ရေးရာအဖွဲ့ ပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ရာ ကျောင်းမုန့်ဈေးတန်း စားသုံးသူ ရေးရာအဖွဲ့ ဆရာ၊ ဆရာမ ၅၀ ဦး၊ ကျောင်းမုန့်ဈေးတန်းဈေးသည် ၂၀ ဦး၊ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းတွင် ကျုံပျော်မြို့နယ် ပညာရေးမှူးက ကျောင်းအတွင်း ရောင်းချနေသော ဈေးသည်များအနေဖြင့် ကျောင်းသူကျောင်းသားများအား အစားအသောက်များ ရောင်းချရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော အစားအစာများ ရောင်းချပေးရေး၊ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ ဆရာ၊ ဆရာမများကလည်း အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာနမှ တားမြစ်ထားသော အစားအစာများ၊ မတားသော်လည်း ဆိုးဆေးများ အလွန်အမင်း ပါဝင်နေသော ပြည်တွင်း၊ ပြည်ပ ထုတ်မုန့်များ၊ ရက်လွန်၊ သက်တမ်းလွန်မုန့်များအား ရောင်းချမှု မရှိစေရေးအတွက် စစ်ဆေးပေးရန် စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ကျုံပျော်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာတာဝန်ခံက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ ခွင့်မပြုဆိုးဆေး၊ တာရှည်ခံဆိုးဆေးများ၏အန္တရာယ် ဆိုးကျိုးများ၊ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့များ လိုက်နာရမည့် အချက်များကို သင်တန်းပို့ချခဲ့ပြီး၊ စည်ပင်၊ ကျန်းမာရေး စသည့် ဌာနတို့မှလည်း ကျောင်းသူကျောင်းသားများ ဘေးအန္တရာယ် ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် ဈေးသည်များလိုက်နာရမည့် စည်းကမ်းများ၊ တစ်ကိုယ်ရည်သန့်ရှင်းမှု များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး သင်တန်းပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ် (ပုသိမ်)**

## ထားဝယ်မြို့ရှိ အခြေခံပညာ မူလတန်းကျောင်းသုံးကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဆောင်သည့်အဖွဲ့သည် ထားဝယ်မြို့ရှိ အခြေခံပညာ မူလတန်းကျောင်း သုံးကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခဲ့ကြကြောင်း သိရှိရသည်။

တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနသည် ဇွန်လ ၁၅ ရက်တွင် ထားဝယ်မြို့ အနောက်မြို့တွင်းရပ်ရှိ အ. မ. က မြို့တွင်းတွင်လည်းကောင်း၊ ဇွန်လ ၁၉ ရက်တွင် ဘုမ္မော်ရပ်ရှိ အခြေခံပညာ မူလတန်းကျောင်းတွင်လည်းကောင်း၊ ဇွန်လ ၂၀ ရက်တွင် ဆန်းချီရပ်ရှိ အ. မ. က (မူလွန်) ကျောင်းတွင် လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများကို ကျင်းပခဲ့ကြသည်။

အဆိုပါဟောပြောပွဲ အသီးသီးသို့ ဆရာ၊ဆရာမများ၊ ကျောင်းသူကျောင်းသားများ စုစုပေါင်း ၇၉၇ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ရွှေဝယ်သား**

## ဘုတလင်မြို့၌ စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဘုတလင်မြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မဟာဗန္ဓုလခန်းမ၌ ဇွန် ၁၅ရက်က စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့ရာ ဘုတလင်မြို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ စုစုပေါင်း ၁၀၅ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက စားသုံးသူရေးရာ ဦးစီးဌာန၏ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအားလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယမင်းသန့်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးမှူး ဒေါ်သန်းသန်းဌေးက ကျန်းမာရေးနှင့် ပတ်သက်၍ ဆေးဝါးများရောင်းချမှုနှင့် သက်ဆိုင်သော အကြောင်းအရာများနှင့် ကျောင်းဈေးဆိုင်များတွင် လိုက်နာရမည့် အချက်များကိုလည်းကောင်း၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာမာဆွေက ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် ဓာတ်ကြွင်းပြဿနာများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က စည်ပင်သာယာရေး ဥပဒေပါ အချက်အလက်များနှင့် သိကောင်းစရာများကိုလည်းကောင်း၊ မုံရွာခရိုင် ဦးစီးမှူးဦးသန်းပိုက မြန်မာနိုင်ငံ၏ စားသုံးသူ အကာအကွယ်ပေးရေးနှင့် စားသုံးသူများ၏ အခွင့်အရေးများ အကြောင်း၊ တိုင်း/ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုအခြေအနေများနှင့် လုပ်ငန်းတာဝန်များ၊ အရေးယူပိုင် ခွင့်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်(မုံရွာ)**

## ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၃/၂၀၁၇) ကျင်းပ

ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၁၇) အား ဇွန်လ ၁၄ ရက်က ယင်းမာပင်ခရိုင်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အမှာစကားပြောကြားရာတွင် ယင်းမာပင်ခရိုင် အတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို စားသုံးသူရေးရာ ဦးစီးဌာနနှင့် မိတ်ဖက်ဌာနများ ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူ အငြင်း ပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်းက မိမိတို့အနေဖြင့် ကျောင်းများ၊ ရပ်ကွက်များ၊ ဈေးဆိုင်များ၊ စတိုးဆိုင်များ၊ ကျောင်းဈေးများ၊ ကျေးရွာများတွင် ပြည်သူများ ကျန်းမာရေး ဗဟုသုတရရှိစေရန် အသိပညာပေး ဟောပြောပွဲများကိုလည်းကောင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ကွင်းဆင်း စစ်ဆေးခြင်းများကို မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍လည်းကောင်း၊ မြို့နယ်အတွင်းတွင် ထုတ်လုပ်လျက်ရှိသော စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများတွင် FDA ၏ ထောက်ခံချက်များ ရရှိရေး ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်း စစ်ဆေးခြင်း၊ ပညာပေးခြင်းတို့ကိုလည်း ယင်းမာပင်ခရိုင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာကိုယခုလအတွင်းတွင် ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များနှင့် မိတ်ဖက်ဌာနများက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုးမြင့် (ယင်းမာပင်)**

## ပုသိမ်မြို့ပေါ်ရှိ စားသောက်ကုန်လုပ်ငန်းများတွင် အန္တရာယ်ရှိသော တားမြစ်ဆိုးဆေးများသုံးစွဲ ခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များ ပူးပေါင်း၍ ဇွန်လ ၂၁ ရက်က ပုသိမ်မြို့ပေါ်ရှိ ပုလဲဖြူအချိုရည်လုပ်ငန်း၊ ဦးအောင်ကျော်မြင့်၏ အချိုရည်၊ ဂျယ်လီလုပ်ငန်း၊ ယုန်တံဆိပ်ကွမ်းသီး လုပ်ငန်း၊ ဆောင်းနှင်းဆီမက်မန်း၊ စပျစ်သီးယိုစုံလုပ်ငန်း၊ ရွှေပျားပဲငါးပိရည်နှင့် ငရုတ်ဆီ လုပ်ငန်း၊ ရွှေလင်းလက် ပဲငါးပိရည်နှင့် ငရုတ်ဆီလုပ်ငန်း၊ ခြသေ့်မင်းကွမ်းသီးလုပ်ငန်းနှင့် အိမ်တွင်း စားသောက်ကုန် လုပ်ငန်းများအား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ပူးပေါင်းအဖွဲ့သည် စားသောက်ကုန်များတွင် အန္တရာယ်ရှိသော တားမြစ်ဆိုးဆေးများ သုံးစွဲမှုရှိ မရှိကုန်ပစ္စည်းနမူနာများ ကောက်ယူ၍ ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စောမိုက်ကယ် (ပုသိမ်)**

# မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၁၇) ကျင်းပ

မန္တလေးတိုင်း ဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၏ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇)ကို ဇွန်လ ၁၄ ရက်က ကျင်းပခဲ့ပါတယ်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်က မြန်မာနိုင်ငံတွင်စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ဆောင်ရန် စားသုံးသူ ကာကွယ်ပေးရေး (NGO) အဖွဲ့အစည်းများ နည်းပါးနေသေးကြောင်း၊ အခြားဖွံ့ဖြိုးတိုးတက်နေသော အာဆီယံ နိုင်ငံများတွင် စားသုံးသူ နစ်နာမှုအတွက် တစ်နှစ်အတွင်း တိုင်ကြားမှုများ များစွာရှိနေသော်လည်း မြန်မာနိုင်ငံအနေနှင့် ၂၀၁၆ ခုနှစ်အတွင်း တိုင်ကြားမှု နည်းပါးခဲ့သော်လည်း အသိပညာပေးမှုပိုင်းများစွာ ပြုလုပ်ခဲ့သဖြင့် ၂၀၁၇ ခုနှစ်တွင် စားသုံးသူများ သိရှိမှုများပြားလာ၍ တိုင်ကြားမှုများ ရှိလာကြောင်း ဆက်လက်၍ အသိပညာပေးမှုများကို ဆက်လက်လုပ်ဆောင်၍ စားသုံးသူ ပြည်သူများ မိမိတို့အခွင့်အရေးများကို သိရှိအောင် အသိပညာများ ဆက်လက်ပေးသွားရမည်ဖြစ်ကြောင်း၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များအနေနဲ့ မိမိတို့ တိုင်းဒေသကြီးအတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန အလိုက်၊ အဖွဲ့အစည်းများအလိုက် အကြံပြုချက်များ ပေးပို့ထားပါကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဦးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများအား လျာထားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊(၂/၂၀၁၇) အစည်းအဝေး ဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်အဖွဲ့ဝင်တို့၏ ဌာနအလိုက်၊အဖွဲ့အစည်းအလိုက် ဆောင် ရွက်ရန်အကြံပြု တင်ပြချက်များကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်ကြားမှုဖြစ်စဉ်ခြောက်ခုအနက်ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ကွင်းဆင်း စစ်ဆေးနေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။

တက်ရောက်လာကြသော အဖွဲ့ဝင်များကလည်း မိမိတို့ဌာနများမှ အကြံပြုတင်ပြချက်များအား အသေးစိတ်ဆွေးနွေးကာ ရှေ့ဆက်လက် ဆောင် ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

**နေခြည်ဦး၊ စားသုံးသူ**

# မြိတ်မြို့၊ တောင်ပြို့ရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော၊ ကျောင်းမုန့်ဈေးတန်းစစ်ဆေး

မြိတ်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနသည် ဇွန် ၁၅ရက်က မြိတ်မြို့၊ တောင်ပြို့ရွာ အခြေခံပညာ မူလတန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဟောပြောဆွေးနွေးရာတွင် မြိတ်ခရိုင် ဦးစီးမှူး ဦးမျိုးညွန့်က စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းကိုလည်းကောင်း၊ FDA မှ တာဝန်ခံက အစားအစာတွင် အသုံးပြုသော ဆိုးဆေးအကြောင်းကို လည်းကောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

ဆွေးနွေးပွဲသို့ အဆိုပါကျောင်းမှ ဆရာ/ဆရာမ၊ ကျောင်းသား/သူ စုစုပေါင်း ၄၂၅ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ညိုညိုစန်း(မြိတ်)**

# မြောင်းမြခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်



မြောင်းမြခရိုင် စားသုံးသူရေးရာ ဦးစီးဌာနသည် ဇွန်လ ၁၄ ရက်က မြောင်းမြမြို့နယ် ကျောင်း မုန့်ဈေးတန်း စားသုံးသူရေးရာ အဖွဲ့ဝင်များနှင့် ဆရာ/ဆရာမများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး သင်တန်းကို ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ပါသည်။

အခမ်းအနားတွင် မြောင်းမြခရိုင်၊ စားသုံးသူ ရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးတိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဆောင်ရွက်နေမှု၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ Consumer Information and Complaint Center ( CICC ) ဖွင့်လှစ်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းက ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဦးစီးမှူး ဦးခင်ညွန့်က ဈေးဆိုင်များ လိုက်နာရမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ဆွေးနွေး ပို့ချခဲ့ပါသည်။

ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးမှူး ဦးသန်းဋ္ဌေးက ကျောင်း ကျန်းမာရေးနှင့် သိကောင်းစရာများကိုလည်းကောင်း၊ မြောင်းမြခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ဌာနခွဲမှူး ဦးလှထွဋ်ဦးက ကျောင်းသူ၊ ကျောင်းသားများ ဘေးအန္တရာယ် ကင်းရှင်းသည့် မုန့်၊ အစားအစာများ ရွေးချယ် စားသုံးတတ်စေရန်နှင့် ခွင့်မပြုဆိုးဆေးပါ အစားအသောက်များ ရောင်းချခြင်း၊ ဝယ်ယူစားသုံးခြင်း မပြုသင့်ကြောင်း စသည့် သိကောင်းစရာများကိုလည်းကောင်း အသေးစိတ် ရှင်းလင်း ဆွေးနွေးပို့ချခဲ့ပါသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က တက်ရောက်လာသည့် သင်တန်းသား ဆရာ/ဆရာမများ၏ သိလိုသည့်အချက်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါသင်တန်းကို ဇွန်လ ၁၄ ရက်မှ ၁၅ ရက် အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာ အဖွဲ့၊ ဆရာ/ဆရာမများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **တိုးလွင် (မြောင်းမြ)**

# မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီး ဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ဇွန်လ ၁၃ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်ပို့ချခဲ့ရာ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးစိုးသန်းအေးက ပြည်တွင်း ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမြှင့် ထုတ်ကုန်များတိုးမြှင့် ထုတ်လုပ်ရန်လိုအပ်လာခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေး(Local Economic Development–LED) ခေါင်းစဉ်ဖြင့် လည်းကောင်း သင်ကြားခဲ့ပါသည်။

မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ မွန်ပြည်နယ် တာဝန်ခံ ဒေါက်တာစိုးနိုင်က စားသောက်ကုန်များ၊ ဆေးဝါးများ၊ အလှကုန်များနှင့် ပတ်သက်၍ လုံခြုံစိတ်ချရမှု ဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးခင်အောင် သွင်က စားသုံးသူရေးရာ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် စားသုံးသူ အခွင့်အရေးများနှင့် ဝန်ဆောင်မှု ကဏ္ဍများအတွက် ပြည်သူလူထုအား အသိပညာပေး ဆောင်ရွက်ချက်များ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန၏ လုပ်ငန်းစဉ်များအား ရှင်းလင်းပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မော်လမြိုင်ခရိုင်မှ ဝန်ထမ်းများ၊ သထုံခရိုင်မှ ဝန်ထမ်းများစုစုပေါင်း ၆၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# ဂန့်ဂေါမြို့ စည်ပင်သာယာအမှိုက်ကျင်းတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများအား မီးရှို့ဖျက်ဆီး

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ မြို့မဈေးအပြင်ဘက်ရှိ လက်လီလက်ကားကုန်စုံ ဆိုင်များတွင် သက်တမ်းလွန်နေသော အစားအစာများ၊ အချက်အလက် ပြည့်စုံစွာ ဖော်ပြမထားသော စားသောက်ကုန်ပစ္စည်းများအား တွေ့ရှိခဲ့ရ၍ သိမ်းဆည်းခဲ့ပြီး ဇွန်လ ၇ ရက်တွင် ကျင်းပသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ဇွန် ၉ ရက်နေ့တွင် ဂန့်ဂေါမြို့ စည်ပင်သာယာအမှိုက်ကျင်းတွင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။

မီးရှို့ဖျက်ဆီးရာတွင် ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်ဦးဆောင်သည့် အဖွဲ့ဝင်များသည် မေ ၂၅ရက်က ဈေးကွက်မှ သိမ်းဆည်းထားသော စံချိန်စံညွှန်းမမီသော၊ ထုတ်ကုန်လုံခြုံစိတ်ချမှုမရှိသော စားသောက်ကုန်ပစ္စည်းများ၊ သက်တမ်းကျော်လွန်နေသော Blue Mountain အချိုရည် ဗူးများ၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်များ၊ မြပန်းပွင့် အသင့်စား မာလာဟင်းထုတ်များ၊ တရုတ်စာတမ်းပါ ရောင်စုံအချိုရည်ဗူးများ၊ ပီကေများ၊ ဂျယ်လီများ၊ သီးစုံချဉ်ထုတ်များ၊ မှိုတက်နေပြီး တံဆိပ်မပါ သော ငရုတ်သီးမှုန့်များ၊ ရက်စွဲမပါသော ငါးပိထောင်းဗူးများနှင့် မုန့်များ၊ အချိုရည်ဗူးများ၊ တားမြစ်ထားသော ရောင်စုံဝေဖာတံဆိပ်များ၊ စသည့် အန္တရာယ်ရှိစားသောက်ကုန်ပစ္စည်းများကို ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ သတင်းထောက်များရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# အကောက်ခွန်နှုန်းထား လျှော့ချပေးရန် ထိုင်းနိုင်ငံ ကားဝယ်ရောင်းများ တောင်းဆို

ကားဝယ်ရောင်းများဟု အများက သိကြသော ထိုင်းနိုင်ငံလွတ်လပ်စွာ ကားတင်သွင်း ဖြန့်ဖြူးရောင်းချသူများက ကားတင်သွင်းမှုအပေါ် အကောက်ခွန်နှုန်း ၈၀ ရာခိုင်နှုန်း မှ ၃၀ရာခိုင်နှုန်းသို့လျှော့ချပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနသို့တောင်းဆိုခဲ့ကြကြောင်း၊ တရားဝင် ဖြန့်ချိခွင့်ရသူများ (Authorised Dealer–AD)နှင့် ညီမျှစွာ ယှဉ်ပြိုင်နိုင်ခွင့်ရရှိလိုကြောင်း သိရှိရပါသည်။

ကားတင်သွင်းမှုအတွက် ပြဋ္ဌာန်းထားသော အကောက်ခွန်နှုန်းထားများကြောင့် AD လိုင်စင်ရဖြန့်ချိသူများနှင့် ယှဉ်ပြိုင်မှု မပြုနိုင်အောင် ကားဝယ်ရောင်းများအတွက် အခက်အခဲဖြစ်စေကြောင်း လွတ်လပ်စွာ ကားတင်သွင်းသူများနှင့် ဖြန့်ချိသူများအသင်း ဥက္ကဋ္ဌ Mr. Somsak Sirratanaprapas (မစ္စတာ ဆွန်ဆပ်)က ပြောကြားခဲ့ပါသည်။ အကောက်ခွန်နှုန်းထား ၈၀ရာခိုင်နှုန်းအား လျှော့ချပေးရန်နှင့် ယခုသတ်မှတ်ထားသည့် နှုန်းထားမှာ နှစ် ၃၀ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဇွန်လ ၁၃ ရက်က ဘဏ္ဍာရေးဝန်ကြီးဌာနသို့ပေးပို့သည့်စာတွင် ဖော်ပြခဲ့သည်ဟု ပြောကြားသွားပါသည်။ထိုင်းနိုင်ငံတွင်တပ်ဆင်ထုတ်လုပ်မည့် ကားများအတွက် တင်သွင်းသည့် ကား၏ ကာဗွန် ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုအပေါ် မူတည်၍ ထပ်ဆောင်းခွန် ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း၊ ပြည်တွင်း သုံးစွဲခွန် ၁၀ ရာခိုင်နှုန်းနှင့် တန်ဖိုးမြှင့်ခွန် ခုနစ်ရာခိုင်နှုန်းတို့ကိုသာ ပေးဆောင်ရကြောင်း၊ အစီးလိုက် တင်သွင်းပါက အကောက်ခွန်နှုန်းထား ၁၁၆ ရာခိုင်နှုန်း မှ ၃၂၈ ရာခိုင်နှုန်းအထိ ပေးဆောင်ရပြီး အခွန်ငွေအားလုံးမှာ ဝယ်ယူသူများ အပေါ်သို့သာ ကျရောက်ကြောင်း၊ သို့ဖြစ်၍ ဝယ်ရောင်းများအနေဖြင့် ဈေးကွက်၏ ပကတိအခြေအနေကို သိရှိစေလို၍ ဖြစ်ကြောင်း သူကဆက်လက် ပြောကြားပါသည်။ နှုန်းထား ၃၀ ရာခိုင်နှုန်းမှာ မလေးရှားနိုင်ငံနှင့် တစ်ပြေးညီသာ ဖြစ်ကြောင်း၊ ၃၀ရာခိုင်နှုန်းသို့ လျှော့ချပါက အကောက်ခွန်ကြေညာလွှာ လျှော့နည်း ကြေညာသည့်ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားပါသည်။

၂၀၁၃ ခုနှစ်မှစ၍ တပ်ဆင်ခြင်း မပြုရသေးသော ဇိမ်ခံကား အစိတ်အပိုင်းများ တင်သွင်းမှုကို အထူးစုံစမ်းစစ်ဆေးရေးဌာနမှ သတိထား စောင့်ကြည့်ခဲ့ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ကားများ ဖြန့်ချိမှုမပြုမီ တင်သွင်းသည့် အစိတ်အပိုင်းများအား တင်းတင်းကျပ်ကျပ် စစ်ဆေးရန် ကြေညာထားရှိခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာမှစ၍ ကားတင်သွင်းမှု တန်ဖိုး (CIF) အပေါ် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း အထိ အကောက်ခွန်ဦးစီးဌာနက တိုးမြှင့်သတ်မှတ်ခဲ့မှုကြောင့် ဝယ်ရောင်းသမားများအတွက် ပိုမို အခက်အခဲဖြစ်စေခဲ့ကြောင်း၊ ၎င်းလုပ်ရပ်ကြောင့် ၂၀၁၂ ခုနှစ်က မော်တော်ကား ၁၂၈၃၁ စီး၊ တန်ဖိုး ဘတ် ၂၀ ဒသမ ၈ ဘီလီယံ ရောင်းချနိုင်ခဲ့ရာမှ ယခင်နှစ်က ၃၈၁၆ စီး၊ တန်ဖိုး ဘတ် ၆ ဒသမ ၃ ဘီလီယံသာ ရောင်းချနိုင်ခဲ့ကြောင်း ပြောကြားသွားပါသည်။ ကားဝယ်ရောင်းဈေးကွက်၏ အလားအလာ မကောင်းမှုကြောင့် ၂၀၁၆ ခုနှစ်တွင် တရားဝင် တင်သွင်းမှုတန်ဖိုးမှာ ၃ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်သွားပြီး တန်ဖိုး ဘတ် ၃၂ ဒသမ ၈ ဘီလီယံ ရှိခဲ့ကြောင်း ပြောကြားသွားပါသည်။ မစ္စတာ ဆွန်ဆပ်၏ ခန့်မှန်းချက်အရ ယခုနှစ်တွင် ကားဝယ်ရောင်းဈေးကွက်တွင် ရောင်းချမည့် အစီးရေမှာ ၃၀၀၀ မှ ၄၀၀၀ အတွင်း ရှိနိုင်မည်ဖြစ်ပြီး ဝယ်ရောင်းလုပ်ကိုင်သူ အရေအတွက်မှာလည်း ယခင်က ၆၀၀ ဦးခန့်ရှိခဲ့ရာမှ ၁၀၀ ဦးအထိ လျှော့နည်းသွားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kulit Sombatsiri (မစ္စတာကူလစ်) က ဝယ်ရောင်းသမားများ၏ တောင်းဆိုစာကိုမတွေ့ရှိရသေးကြောင်း၊ သို့သော် အကောက်ခွန်နှုန်းထား လျှော့ချပေးရေး နှင့် ပတ်သက်၍ တောင်းဆိုမှုမှာ ပထမအကြိမ်မဟုတ်ကြောင်း၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အကောက်ခွန်နှုန်း မြင့်မားနေမှုကို တာဝန်ရှိသူများ အနေဖြင့် ပြန်လည်စဉ်းစားသွားမည်ဖြစ်ကြောင်း၊ တင်သွင်းကားဈေးနှုန်းသတ်မှတ်ရေးနှင့် ပတ်သက်၍လည်း အခြေခံရမည့် အချက်များကို ထုတ်ပြန်သွားရန်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတင်းအရ ဝယ်ရောင်းသမားများ တောင်းဆိုသောနှုန်းထားအတိုင်း လျှော့ချပေးရမည်ဆိုပါက နိုင်ငံတော်အတွက် အခွန်ငွေကျဆင်းမှုမရှိရေးအတွက် ထပ်ဆောင်းခွန်များ တိုးမြှင့်ကောက်ခံသွားရန် လိုအပ်ကြောင်း သိရှိရပါသည်။ အခွန်နှုန်းထား လျှော့ချခြင်းသည် ကားတင်သွင်းသူများ၏ ဈေးနှုန်းမမှန်မကန် ကြေညာမှုကို လျှော့ချနိုင်မည်ဟု ပြောကြားပါသည်။ ဆက်စပ်သတင်းများအရ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အထူး စုံစမ်းစစ်ဆေးရေးဌာနမှ သိမ်းဆည်းထားသော ဇိမ်ခံကား ၁၆၀ စီး အနက် ပထမအသုတ် ၃၂ စီးအတွက် ရာဖြတ်တန်ဖိုးများအား ဇွန်လ ၁၅ ရက်တွင် ပေးပို့သွားရန်ရှိကြောင်း သိရပါသည်။

အထူး စုံစမ်းစစ်ဆေးရေးဌာန အကြီးအကဲ Mr. Paisit Wongmuang (မစ္စတာ ပိုင်စစ်) က ကားဈေးနှုန်းများနှင့် ပတ်သက်သည့် သတင်းအား လက်ခံရရှိထားပြီးဖြစ်ကြောင်း၊ ကား ၃၂စီး တင်သွင်းခဲ့သူများနှင့် ပါဝင်ပတ်သက်သူများအား ဆင့်ခေါ်ထားပြီးဖြစ်ကြောင်း၊ အခွန်ရှောင်လွှဲမှု များအပေါ် အရေးယူမည့် ကိစ္စရပ်များအား အသိပေးသွားမည်ဖြစ်ကြောင်း၊ ယခု ၃၂ စီးကိစ္စ ပြီးစီးပါက မေလအတွင်း ဗန်ကောက်မြို့၌ အရောင်းပြခန်းများထံမှ သိမ်းဆည်းထားသည့် ကားများကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ အထူးစုံစမ်းစစ်ဆေးရေးဌာန အနေဖြင့် Boy Unity ဟု လူသိများသည့် မစ္စတာ ပန်နူဆပ် ပိုင်ဆိုင်သော အရောင်းပြခန်းများတွင် တွေ့ရှိခဲ့ရသည့် ဇိမ်ခံကားများနှင့်ပတ်သက်၍ ဗြိတိန် အမျိုးသားမော်တော်ယာဉ်မှုခင်း စုံစမ်း ထောက်လှမ်းရေးအဖွဲ့ထံမှ သတင်းအချက်အလက်များရရှိထားပြီး ဖြစ်ကြောင်း ပြောကြားသွားပါသည်။ အထူး စုံစမ်းစစ်ဆေးဌာနက သိမ်းဆည်းထားသော ကားများအနက် ဇိမ်ခံကား ၁၃ စီးမှာ ဗြိတိန်နိုင်ငံတွင် ခိုးယူခြင်း ခံခဲ့ရပြီး ထိုင်းနိုင်ငံသို့တရားမဝင် တင်သွင်းခဲ့ကြောင်း အဆိုပါ အဖွဲ့ထံမှ အတည်ပြုချက် ရရှိခဲ့ပါသည်။ ဌာနအနေဖြင့် ယခု ကားခိုးယူမှု ကိစ္စအပေါ် ထိုင်းနိုင်ငံတွင် အရေးယူမည် (သို့မဟုတ်) ဗြိတိန်နိုင်ငံတွင် တရားစွဲဆိုပြီး ထိုင်းနိုင်ငံမှ ခိုးယူသူများအား လွှဲပြောင်းပေးအပ် အရေးယူမှုပြုမည်ကို စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားသွားပါသည်။

ဆက်လက်၍ သိမ်းဆည်းခဲ့သည့် ဇိမ်ခံကား များအနက် ကား ၇၃ စီးမှာ သွင်းကုန် အခွန်မြင့်မားမှုကို ရှောင်ရှားရန် အတွက် အစိတ်အပိုင်းအဖြစ် ကြေညာတင်သွင်းခဲ့သော်လည်း အစီးလိုက် တင်သွင်းခဲ့ခြင်းသာဖြစ်ကြောင်း အတည်ပြုချက် ရရှိထားကြောင်း မစ္စတာ ပိုင်ဆစ်က ထပ်ဆင့် ပြောကြားပါသည်။ ဌာနအနေဖြင့် အဆိုပါ ယာဉ်ပိုင်ရှင်များအား ကိုယ်တိုင် အပ်နှံမည် (သို့မဟုတ်) ဖမ်းဆီးမှု ခံယူမည်ကို အမိန့် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အရိုးခံအတိုင်း ကားဝယ်ယူခဲ့သူများအပေါ် ကားအပ်နှံစေရန် အမိန့်ထုတ်ပြန်မှုမပြုမီ လက်ဝယ်သိမ်းဆည်းထားနိုင်ကြောင်းလည်း Mr. Paisit မှ ပြောကြားခဲ့ပါသည်။

**သတင်းရင်းမြစ် -(၁၄-၆-၂၀၁၇) ရက်နေ့ ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Grey market pleads for duty cut" သတင်း**

**နှစ်နိုင်ငံ**

စာမျက်နှာ - ၁၈ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ....မှအဆက်

ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်သံမှူးက တရုတ်နိုင်ငံရှိ ပြည်သူ့လုံခြုံရေး(ပြည်ထဲ ရေး) ဝန်ကြီးဌာနနှင့် ငွေကြေးဆိုင်ရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ လောင်းကစားမှု မှုခင်းကြီးတစ်ခုအတွက် စုံစမ်းထောက်လှမ်းခဲ့ရာတွင် ပါဝင်ပတ်သက်သူ ၃၀ ဦးခန့် ဖမ်းဆီးခဲ့မိရာ မြန်မာနိုင်ငံသားနှစ်ဦး ပါရှိနေပါကြောင်း၊ မှုခင်းနှင့်ပတ်သက်သည့် ဘဏ်စာရင်းများကို တရုတ်နိုင်ငံ ဥပဒေအရ ယာယီပိတ်သိမ်းလိုက်ကြောင်း၊ ကုန်သွယ်မှုနှင့် မသက်ဆိုင်ပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ကိစ္စရပ်များ အရှိန်အဟုန် ကောင်းမွန်ချိန်တွင် တရုတ်-မြန်မာ ချစ်ကြည်ရေးကို လိုလားသူများရှိသကဲ့သို့ အမြင်မတူသူများလည်းရှိကြောင်း၊ နှစ်ဦးနှစ်ဖက် သတိပြုရန်လိုပါကြောင်း၊ နယ်စပ်ဒေသ၌ ဖြစ်ပွားနေသည့် လောင်းကစားမှုများကို တားမြစ်နိုင်ခြင်းဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို သေချာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ အဆင်ပြေစွာ တင်ပို့နိုင်ရေးအတွက် တရုတ်အစိုးရထံ တင်ပြပေးမည်ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက် ပူးပေါင်း၍ နည်းပညာ၊ စိုက်ပျိုးမှု စသည့် အကူအညီများလည်း ထောက်ပံ့နိုင်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဘဏ်စာရင်းများ ပိတ်သိမ်းမှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တရုတ်နိုင်ငံသံရုံးနှင့် နီးနီးကပ်ကပ် ဆောင်ရွက်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများတွင်အနှောင့်အယှက် မဖြစ်စေလိုပါကြောင်း၊ ယခုကိစ္စအား သာမန်ကိစ္စဟု သဘောမထားကြောင်း၊ ဆက်လက်၍ ကုန်သွယ်မှုပြုလုပ်ရာတွင် အပိတ်ခံရသည့် ဘဏ်စာရင်းများဖြင့် ကုန်သွယ်မှုမပြုဘဲ အခြားစာရင်းအသစ်ဖြင့် ဆောင်ရွက်နိုင်သည်ကိုသိရှိပါကြောင်း၊ သို့ရာတွင် ကုန်သွယ်မှုပြုလုပ်နေသည့်ဘဏ်စာရင်းများ အပိတ်ခံရ သဖြင့် အဆိုပါ ဘဏ်စာရင်းများတွင် ကုန်သွယ်မှုဆိုင်ရာ ပေးချေ ရမည့်ငွေများ ပါဝင်နေ၍ ကုန်သွယ်မှုများ မဆောင်ရွက်နိုင်တော့ဟု ကြားသိရကြောင်း၊ မိမိတို့နိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်းများအား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ ယာဉ်ယန္တရားများ၊ လူသုံး၊ အိမ်သုံးပစ္စည်းများအား အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုထားသော်လည်း မိမိတို့၏ လယ်ယာထွက်ကုန်များအား တရုတ်ဘက်မှ ကန့်သတ်ခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နေပါကြောင်း၊ အဆိုပါကိစ္စများအား ဒေသနေပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအား ထိခိုက်မှုဖြစ်ပေါ်ခဲ့သဖြင့် ယင်းကဲ့သို့ ဆောင်ရွက်မှုများသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေး၊ ပူးပေါင်းဆောင် ရွက်ရေးကိစ္စများအပေါ် အဓိက အကျိုးသက်ရောက်မှု ရှိနိုင်ပါကြောင်း၊ ယခု ငွေကြေးကိစ္စအပါအဝင် ကုန် သွယ်မှုဆိုင်ရာကိစ္စများ အဆင်ပြေချောမွေ့စေရေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ဘက်မှလည်း အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ဆွေးနွေးပါသည်။

ထို့အပြင် မိမိတို့၏ လယ်ယာထွက်ကုန်များ တင်ပို့ရာတွင် လွယ်ကူချောမွေ့စေလိုပါကြောင်း၊ ဆန်၊ ပြောင်း၊ သကြားတင်ပို့ရာတွင် တရုတ်ဘက်မှ ဖမ်းဆီးမှုအပေါ် လယ်ယာထွက်ကုန်စိုက်ပျိုးထုတ်လုပ်သူများက ကျေနပ်မှုမရှိကြောင်း၊ ယခင်က ဘဏ်စာရင်းများ ပိတ်သိမ်းမှုရှိခဲ့သော်လည်း ယခုကဲ့သို့ ပြင်းထန်မှု မရှိခဲ့ကြောင်း၊ ယခုဖြစ်စဉ်အား အမြန်ဆုံး စိစစ်၍ ဖြေရှင်းပေးရန်နှင့် ပိတ်သိမ်းထားသည့် ငွေစာရင်းများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ် ပေးနိုင်ရေးအတွက် တရုတ်အစိုးရထံ ပြန်လည်တင်ပြပေးပါရန် မေတ္တာရပ်ခံပါကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်မှာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်း၊ ငြိမ်းချမ်းရေးကိစ္စများ အပါအဝင် နယ်ပယ်အသီးသီးတွင် ကူညီဆောင်ရွက်နေခြင်းတို့ကြောင့် ကျေးဇူးတင်ရှိပါကြောင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှုရှိသည့်နိုင်ငံများဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုကို အတူ မျှဝေခံစားလိုကြောင်းဖြင့် ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပါသည်။

မြန်မာနိုင်ငံသည် LDC နိုင်ငံတစ်နိုင်ငံဖြစ်ရာ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း အများဆုံး တင်ပို့နေသည့် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံ ဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်မှု ဆောင်ရွက်ရာတွင် နယ်စပ်ကုန်သွယ်မှုမှာ အရေးပါပြီး WTO နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ သတ်မှတ်ချက် စည်းကမ်းများနှင့် အချို့နေရာများတွင် ကိုက်ညီမှု မရှိပေ။

သို့သော် နယ်စပ်ကုန်သွယ်မှုအား နှစ်နိုင်ငံအကြား ချစ်ကြည်မှု၊ ပူးပေါင်း ဆောင်ရွက်မှုများအပေါ် အခြေခံ၍ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းမှုကို များစွာအကျိုးသက်ရောက်မှု ရှိသည်။ မြန်မာ-တရုတ် ကုန်သွယ်မှုသည် အခြားနိုင်ငံများနှင့်မတူသော ထူးခြားသည့်ဆောင်ရွက်မှုဖြစ်ရာ အဓိကအရေးကြီးသည့်ကိစ္စရပ်မှာ ဘဏ်ကိစ္စများဖြစ်ပြီး နှစ်နိုင်ငံဘဏ်အချင်းချင်း တရားဝင်ငွေလွှဲခြင်း၊ ငွေပို့ခြင်းများဖြင့် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နှစ်နိုင်ငံအကြား တရားဝင်ဘဏ်များဖြင့် ဖွင့်လှစ်ဆောင်ရွက်နိုင်ပါက ယခုကဲ့သို့သော ကိစ္စရပ်များ ဖြစ်ပေါ်နိုင်တော့မည် မဟုတ်ပေ။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ နှစ်နိုင်ငံမှ တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့မှုကြောင့် ဇွန်လ ၂၃ ရက် ညနေ ၆ နာရီခန့်တွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်သည်လုပ်ငန်းရှင်များ၏ သတင်းပေးပို့ချက်အရ ယာယီပိတ်သိမ်းထားသော မြန်မာနိုင်ငံမှ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

# ပို့ကုန်လျာထားချက် ပြည့်မီခြင်းအပေါ် ထိုင်းအစိုးရက ကျေနပ်

| နှစ်နိုင်ငံ |

ဘတ်ငွေတန်ဖိုး တိုးမြှင့်မှုကြောင့် အချို့သော ပို့ကုန်ကဏ္ဍကို ထိခိုက်စေသော်လည်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်အတွက် ပို့ကုန် တိုးတက်မှု ၅ ရာခိုင်နှုန်းကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဝီနီချိုင်းက ပြောကြားရာတွင် ထိုင်းဘတ်ငွေတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တန်ဖိုးဆက်လက် မြင့်တက်နေဦးမည် ဖြစ်ကြောင်း၊ သို့သော်လည်း ဒေသတွင်းရှိ အခြားနိုင်ငံများ၏ ငွေကြေးတန်ဖိုးများလည်း မြင့်တက်နေသည့်အတွက် ထိုင်းပို့ကုန်အပေါ် ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည်ဟု ပြောကြားပါသည်။ ထိုင်းငွေကြေးတန်ဖိုး တိုးမြှင့်မှုသည် အာဆီယံဒေသအတွင်းနိုင်ငံများ၏ ငွေကြေးများ တန်ဖိုးတိုးတက်မှုနှင့် ပြိုင်သနာရပ်ချင်းတူညီနေ၍ ပို့ကုန်ထိခိုက်မှုကို အနည်းဆုံး ဖြစ်စေနိုင်ကြောင်း ရှင်းလင်း ပြောကြားပါသည်။

'ဘတ်ငွေတန်ဖိုး အားကောင်းမှုနှင့် SMEs လုပ်ငန်းမှ တွေ့ကြုံရသော အခက်အခဲများအပေါ် ရှင်းလင်းမည့်နည်းလမ်း' ဆွေးနွေးပွဲတွင် မစ္စတာ ဝီနီချိုင်းက ထိုင်းပို့ကုန်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းစွာ



ယှဉ်ပြိုင်နိုင်မှုရှိပြီး၊ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၃ ဘီလီယံ ရောက်ရှိကာ ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ပြောကြားပါသည်။

ကမ္ဘာ့ဘဏ်၏ တွက်ဆမှုအရ ကမ္ဘာ့စီးပွားရေး နာလန်ထူလာပါက ကမ္ဘာ့ GDP သည် ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ပြီး ကမ္ဘာ့ကုန်သွယ်မှုမှာလည်း ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ထိုင်းဗဟိုဘဏ်အပြင် အခြား ကူးသန်းရောင်းဝယ်ရေးဘဏ်တို့နှင့်လည်း နီးကပ်စွာ ပူးပေါင်း၍ ပို့ကုန်လုပ်ငန်းရှင်များအား တွန်းအားပေးလျက်ရှိကြောင်း၊ အထူးသဖြင့် SMEs လုပ်ငန်းရှင်များအား ထိုင်းဘတ်ငွေတန်ဖိုး မတည်ငြိမ်မှုကြောင့် ထိခိုက်မှုလျော့နည်းရေး ဆောင်ရွက်ပေးနေကြောင်း ရှင်းလင်းပြောကြားပါသည်။

သို့သော်လည်း ထိုင်းအမျိုးသား သယ်ယူပို့ဆောင်ရေးကောင်စီ ဥက္ကဋ္ဌ မစ္စ ဂန်ရာဖတ်က ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် ဘတ်ငွေတန်ဖိုး တိုးတက်မှုကြောင့် ပို့ကုန်အပေါ် ထိခိုက်မည်ကို စိုးရိမ်နေဆဲဖြစ်ကြောင်း၊ ပိုမိုဆိုးရွားလာမည့် အခြေအနေများကို ယခုနှစ် တတိယ သုံးလပတ်တွင် ပိုမိုရှင်းလင်းပြတ်သားစွာ တွေ့ရဖွယ်ရှိကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိက အေဂျင်စီတို့ ပူးပေါင်းပြီး ငွေကြေးတည်ငြိမ်မှုနှင့် ပို့ကုန်အပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ထိုင်းပို့ကုန်သွင်းကုန်ဘဏ် အနေဖြင့် ပို့ကုန်အပေါ် စရိတ်စကများအား လျှော့ချပေးပြီး ပို့ကုန်လုပ်ငန်းရှင်များ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရန် မျှော်လင့်ကြောင်း ပြောကြားပါသည်။

ထိုင်းပို့ကုန်သွင်းကုန်ဘဏ်မှ ဘဏ္ဍာရေးဈေးကွက်ဌာန ဒုတိယ အုပ်ချုပ်ရေး မှူး ဗာချီရာက ပို့ကုန် လုပ်ငန်းရှင်များအနေဖြင့် ဘတ်ငွေတန်ဖိုး မတည်ငြိမ်မှုအပေါ် ခံနိုင်ရည်ရှိရန် ကြိုတင် ပြင်ဆင်ထားဖို့လိုကြောင်း၊ အာဆီယံဒေသတွင်း ငွေကြေးများမှာလည်း အမေရိကန်နိုင်ငံ၏ မမျှော်မှန်းနိုင်သေးသော စီးပွားရေးမူဝါဒကြောင့် ဒေါ်လာ ငွေကြေးနှင့် လဲလှယ်မှုတွင် တန်ဖိုးမြင့်တက်လျက်ရှိကြောင်း၊ ကာလတိုတွင် ဘတ်ငွေ မတည်ငြိမ်မှု အခက်အခဲကို ကျော်လွှားရန် ကြိုတင် စီမံထားသင့်ကြောင်း ပြောကြားပါသည်။

မည်သို့ပင်ဆိုစေ ရေရှည်တွင် ထိုင်းပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် ထုတ်လုပ်မှုနည်းလမ်းများ အဆင့်မြှင့်တင်ရေး၊ နည်းပညာအသစ်များ သုံးစွဲရေး၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ရရှိရေး အတွက် ဆွဲဆောင်မှုပြုရေးတို့ကို အချိန်ယူ စဉ်းစားဆောင်ရွက်သင့်ကြောင်း သူမက ဆက်လက်ပြောကြားသွားပါသည်။

**သတင်းရင်းမြစ် - (၂၀-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "State upbeat on meeting export target" သတင်း**

---

## စာမျက်နှာ (၂၆) ➢➢➢ စားသုံးသူ အကာအကွယ်ပေးရေးအတွက် ကျန်းမာရေးအသိဖြင့် ..... မှ အဆက်

**လက်ကိုင်ဖုန်း (Cell Phone) ကြောင့် အန္တရာယ် မရှိအောင်**

လက်ကိုင်ဖုန်းကို စကားတိုတိုပြောရန် သို့မဟုတ် Message ပို့ရန်သာ အသုံးပြုပါ။ ထိုသို့ မဟုတ်လျှင်လည်း နားကျပ်တပ်ဆင်ပြီး ပြောပါ။ လေ့လာမှုများအရ လက်ကိုင်ဖုန်း အသုံးပြုသူများသည် ဦးနှောက်ကင်ဆာဖြစ်နိုင်ခြေများသည်ဟု တွေ့ရှိထားပါသည်။

**နေလောင်ဒဏ်ကို အရောင်ဖြင့်ကာကွယ်ပါ။**

အိမ်အပြင်ကိုထွက်လျှင် အဝတ်အစားအား အရောင်ရွေးပြီး ဝတ်ဆင်ခြင်းသည် အရေပြား ကင်ဆာကိုကာကွယ်နိုင်သည်ဟု စပိန်မှသိပ္ပံပညာရှင်များက ဆိုပါသည်။ အပြာရောင်နှင့်အနီရောင် အဝတ်များသည် အဝါရောင်နှင့် အဖြူရောင် အဝတ်များထက် နေရောင်ခြည်၏ U.V rays ဒဏ် ကို သိသိသာသာ ပိုမိုကာကွယ်နိုင်သည်ဟု သုတေသီများက တွေ့ရှိခဲ့ပါသည်။ ဦးထုပ်ဆောင်းရန်လည်း မမေ့ပါနှင့်။ မှဲ့ကင်ဆာသည် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာတွင် ပို၍ ဖြစ်နိုင်ပါသည်။ ဦးခေါင်း သို့မဟုတ် လည်ပင်းတွင် မှဲ့ကင်ဆာရှိသူများသည် အခြားနေရာတွင် ရှိသူများထက် သေဆုံးနှုန်းနှစ်ဆပိုများသည်ဟု မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ သုတေသီများကတွေ့ရှိခဲ့ပါသည်။

**သန့်ရှင်းသည့်အစာစားပါ။**

ပဋိဇီဝဆေးနှင့် ဟော်မုန်းဆေးအသုံးမပြုသည့် အသားများကိုသာ ဝယ်ယူ၍စားသုံးပါဟု ကင်ဆာအသင်းဥက္ကဋ္ဌက ပြောပါသည်။ ထို့အပြင် ပိုးသတ်ဆေးအသုံးမပြုထားသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကိုအသုံးပြုပါ။ သို့မဟုတ် ဟင်းသီးဟင်းရွက်ပေါ်ရှိ ပိုးသတ်ဆေးအကြွင်းအကျန်များကို ဗီနီကာ(သို့မဟုတ်)ဆားရည်တို့ကို အသုံးပြုပြီး ကုန်စင်အောင်ဆေးကြောပြီးမှ အသုံးပြုပါ။ မုန်ညင်း၊ စတော်ဘယ်ရီ၊ ပန်းသီး၊ မက်မွန်သီးနှင့် ဘလူးဘယ်ရီသီးများတွင် ပိုးသတ်ဆေး အများဆုံးဖြန်းထားတတ်ပါသည်။ ပိုးသတ်ဆေးတွင် ကင်ဆာဖြစ်စေနိုင်သည့် ပစ္စည်းအမျိုး ပေါင်း ၄၀ ကျော်ပါဝင်သောကြောင့် ထိတွေ့မှု အနည်းဆုံး ဖြစ်အောင်ကြိုးစားကြရပါမည်။

မြန်မာပြည်အနေဖြင့် ပိုးသတ်ဆေး အသုံးပြုမထားသော ဟော်မုန်းဆေးအသုံးပြုမထားသော ဟင်းသီးဟင်းရွက်သစ်သီးဝလံကိုသာ ရွေးစားရလျှင်အတော်ပင် ခက်ခဲပေလိမ့်မည်။ ထို့ကြောင့် ဓာတုဆေးဝါး အနည်းဆုံးအသုံးပြုပြီး စိုက်ပျိုးထုတ်လုပ်သည့် ကောင်းမွန်သော စိုက်ပျိုးရေး ကျင့်စဉ် GAP စနစ်များများကျင့်သုံးလာမှ ဖြစ်ပေမည်။ အော်ဂဲနစ်ကို မသွားနိုင်သေးခင် GAP ဆိုရင် တောင်များစွာ အဆင်ပြေနိုင်ပါသည်။ တောင်သူများပိုးသတ်ဆေးကို ဗဟုသုတနည်းစွာ မကြောက်မလန့် သုံးစွဲလာမှုကြောင့် သီးနှံများတွင် ဓာတ်ကြွင်းအာနိသင်များ ကျန်ခဲ့ခြင်းဖြစ်သည်။ အခုချိန်ထိ ပိုးသတ်ဆေးဘူးကိုဖွင့်မရ၍ ပါးစပ်နှင့်စုပ်သဖြင့် သေသွားသည့် တောင်သူမျိုးရှိနေသည်ကို ကြားသိနေရသည်မှာ စိတ်မကောင်းစရာ၊ တောင်သူကို အသိပညာများများပေးနိုင်မှသာ ဓာတ်ကြွင်းအန္တရာယ်များ လျော့ပါးလာမည်ဖြစ်သည်။ အညွန့်အဖူးများလည်း စိတ်မချရပြန် ဖြစ်ပါသည်။ ခွေးတောက်ရွက်၊ ကင်မွန်းချဉ်၊ မန်ကျည်းရွက်၊ ရုံးပတီသီး၊ ဆူးပုတ်၊ ပဲတောင့်ရှည်များကလည်း ဟော်မုန်းဆေးသုံးပြီး အမြန်အနုထွက်ကြီးထွား စေကြပြန်သည်။ သက်တမ်းသုံးပတ်၊ လေးပတ်နှင့် ခူးရောင်းရသော မုန်ညင်းကိုတောင် ပိုးသတ်ဆေးဖျန်းနေမှတော့ ဆိုဖွယ်ရာမရှိတော့ပေ။ စားသုံးသူများအနေဖြင့် ရွေးချယ်ခွင့်ရမည်ဆိုပါက အသိတရားနှင့် သတိထားကာ စားသောက်ကြရမည် ဖြစ်ပေသည်။

**သင့်ရင်သားသိပ်သည်းဆကို မေးမြန်းပါ။**

သင်၏ရင်သားကို Mammogram ရိုက်ကြည့်လျှင် ရင်သားသိပ်သည်းဆမည်မျှရှိသည်ကို မေးကြည့်ပါ။ ရင်သားသိပ်သည်းဆ ၇၅ ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်များသူများသည် သိပ်သည်းဆနည်းသူများထက် ကင်ဆာဖြစ်နိုင်ခြေလေးဆမှ ငါးဆခန့်ပိုများပါသည်။ ရင်သားသိပ်သည်းဆများ ခြင်းသည် အီစထရိုဂျင်အဆင့်များများသောကြောင့်ဖြစ်၍ လေ့ကျင့်ခန်းပြုလုပ်ရန် အလွန် အရေးကြီးပါသည်။ ခန္ဓာကိုယ်မှအဆီ ကလာပ်စည်းများ ကျုံ့သွားသောကြောင့် ကင်ဆာဖြစ်နိုင်သည့် ကလာပ်ဆဲများနည်းသွားနိုင်ပါသည်။

ပြည်သူများသည် မိမိတို့ဘဝသက်တမ်းတွင် ကျန်းမာပျော်ရွှင်စွာဖြင့် ဖြတ်သန်းနေထိုင်နိုင်ရေး၊ အနာရောဂါကင်းရှင်းရေးတို့အတွက် သာမန်ရိုး ရှင်းလွယ်ကူပြီး စားသုံးသူတိုင်း လိုက်နာနိုင်သော အထက်ပါ နည်းလမ်းများကိုအသုံးပြုပါက ကျန်းမာ သန်စွမ်းသောမျိုးဆက်များ ချန်ထားနိုင်ပြီး နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များကို တိုးပွားစေနိုင်မည်ဖြစ်ပေသည်။ ထိုသို့ဖြစ်ရန် စားသုံး သူရေးရာဦးစီးဌာနရှိ ဝန်ထမ်းများက အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ကွင်းဆင်း စစ်ဆေး ခြင်းတို့ကို မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မည်သူ့ကိုမှ လက်ညှိုးမထိုး သင့်ပါ။ ကိုယ်တိုင်လိုက်နာကျင့်သုံးမှသာလျှင် ကျန်းမာပျော်ရွှင်သော လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြပေမည်။

သို့ပါ၍ ကမ္ဘာတည်သရွေ့ မြန်မာလူမျိုးများတည်ရှိနိုင်ရေး၊ ကျန်းမာသန်စွမ်းသော မျိုးဆက် များ ကောင်းမွန်သော ပတ်ဝန်းကျင်၌ ချန်ထားနိုင်ရေး၊ ရောဂါဘယများကင်းရှင်းပြီး ဆင်းရဲမှုများ လျော့နည်းကာ၊ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားရေးတို့ အတွက် ကျန်းမာရေး အသိရှိစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲကြပါစို့ဟု စေတနာရှေ့ထားကာ မေတ္တာဖြင့် ရေးသားဖော်ပြအပ်ပါသည်။

❑

# အိန္ဒိယပဲရက်သတ္တပတ်



အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ရက်သတ္တပတ် အခြေအနေကို ဖော်ပြသော အစီရင်ခံစာ (Pulses Weekly Report) ကို အဂရီဝပ်ချ်က ဇွန် ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဂရီဝပ်ချ်၏ အစီရင်ခံစာတွင် မိုးရာသီ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ အစိုးရ၏ အနိမ့်ဆုံး ထောက်ပံ့ကြေးဈေးနှုန်း၊ ဝယ်ယူဖြည့်တင်းမှု၊ ပြည်ပမှ ပဲမျိုးစုံကုန်သေတ္တာ ရောက်ရှိမှုနှင့် ဈေးနှုန်းအခြေအနေတို့ကို ဖော်ပြထားသည်။

## မိုးရာသီပဲမျိုးစုံ စိုက်ပျိုးမှုအခြေအနေ

ဇွန် ၁၆ ရက်အထိ ကောက်ခံထားသော စာရင်းများအရ မိုးရာသီပဲမျိုးစုံ စိုက်ပျိုးမှု အခြေအနေမှာ ယခင်နှစ်က ဟက်တာ ၃ ဒသမ ၆၃ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၂ ဒသမ ၂၂ သိန်းသာရှိသည့်အတွက် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၃၈ ဒသမ ၇၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရသည်။ မိုးရွာသွန်းမှု မညီမျှခြင်း၊ ဈေးနှုန်းများကျဆင်းနေခြင်းနှင့် ဈေးနှုန်း၏ အခြေအနေ မရေမရာဖြစ်နေခြင်းတို့ကြောင့် လယ်သမားများအနေဖြင့် အားသွန်ခွန်စိုက် စိုက်ပျိုးမှုမရှိသည်ကိုလည်း တွေ့ရသည်။ သီးနှံအလိုက် စိုက်ပျိုး ဧရိယာ ကျဆင်းမှုကို ကြည့်ပါက ပဲစင်းငုံက ၈၂ ဒသမ ၅၅ ရာခိုင်နှုန်း၊ မတ်ပဲက ၂၇ ရာခိုင်နှုန်း၊ ပဲတီစိမ်းက ၅၂ ရာခိုင်နှုန်းနှင့် ကုလားပဲလုံးဖြူက ၅၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရသည်။ သို့သော်လည်း တခြားပဲများ၏ စိုက်ပျိုးမှုအခြေအနေကို ကြည့်ပါက ၅၆ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရသည်။

စိုက်ပျိုးရာသီ စတင်ချိန်သာဖြစ်သဖြင့် စိုက်ပျိုးဧရိယာ ကျဆင်းမည်ဟု ပြောရန်စောလွန်းပါသည်။ သို့သော်လည်း ပဲတောင်သူများ၏ အခြေအနေကြည့်ပါက ဝါဂွမ်း၊ မြေပဲနှင့် ပြောင်း စသည့် အလားအလာကောင်းမည်ဟု ယူဆသော အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် စဉ်းစားနေသည်ကို တွေ့ရသည်။ ပုံမှန်မိုးစိုက် ပဲမျိုးစုံ ဧရိယာမှာ ဟက်တာ ၁၀၇ သိန်းရှိရာမှ ယခုနှစ်တွင် ဟက်တာ ၉၀ ဒသမ ၉၂ သိန်းထိ စိုက်ပျိုးမည်ဖြစ်သည့်အတွက် စိုက်ဧရိယာသည် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအကြားကျဆင်းမည်ဟု အဂရီဝပ်ချ်က ခန့်မှန်းထားသည်။

## အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်းတိုးမြှင့်

၂၀၁၇-၁၈ ခုနှစ် သီးနှံရာသီတွင် ပဲမျိုးစုံအတွက် အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းကို ဗဟိုအစိုးရက တိုးမြှင့် ပေးခဲ့ပြီး အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်းကို ပဲတောင်သူများ ခံစားခွင့်ရရှိရေးအတွက် ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းရန် ပြည်နယ်များအား ညွှန်ကြားထားသည်။ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း ကိုတိုးမြှင့်ရာတွင် ပဲအမျိုးအစားအလိုက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ပဲစင်းငုံတစ်ကွင်တယ်ကို ရူပီး ၅၄၅၀ (ဘောနပ်ရူပီး ၂၀၀ အပါအဝင် ) ရှိခဲ့ရာ တစ်ကွင်တယ်ကို ရူပီး ၄၀၀ မြင့်တက်ခဲ့သည်။ အလားတူပင် မတ်ပဲအတွက် MSP မှာ ၂၀၁၆ -၁၇ ခုနှစ်က တစ်ကွင်တယ်ကို ရူပီး ၅၀၀၀ (ဘောနပ်အပါအဝင်)၊ ၂၀၁၇-၁၈ ခုနှစ်အတွက် တစ်ကွင်တယ်ကို ရူပီး ၅၄၀၀ (ဘောနပ်အပါအဝင်) နှုန်းသို့ လည်းကောင်း၊ ပဲတီ စိမ်းကို ၂၀၁၆-၁၇ ခုနှစ်က တစ်ကွင်တယ်လျှင် ၅၂၂၅ ရူပီး(ဘောနပ်အပါအဝင်) ရှိရာမှ ၂၀၁၇-၁၈ ခုနှစ်တွင် ၅၅၇၅ ရူပီး (ဘောနပ်အပါအဝင်) နှုန်းသို့ လည်းကောင်း ရောက်ရှိခဲ့သည်။

၂၀၁၆-၁၇ ခုနှစ်တွင် ရိတ်သိမ်းခဲ့သော ဆောင်းရာသီ သီးနှံကိုဝယ်ယူရန် အစိုးရက အမျိုးသားလယ်ယာစိုက်ပျိုးရေး သမဝါယမ ဈေးကွက်ရှာဖွေရေးဖက်ဒရေးရှင်း (NAFED)အား ရူပီးကုဋေ ၇၀၀ သတ်မှတ်ပေးခဲ့သည်။ သတ်မှတ်ထားသော ရန်ပုံငွေကို လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ဈေးနှုန်းထောက်ပံ့ရေး အစီအစဉ် (PSS)အရ ဆောင်ရွက်သွားမည် ဖြစ်သည်။ ဤရန်ပုံငွေအနက် ရူပီး ၅၁၂ ဒသမ ၁၈ ကုဋေကို NAFED က မဟာ သျှတ္တရာ၊ ဂူဂျာရတ်နှင့် ဟာယာနာ ပြည်နယ်တို့အား ထုတ်ပေးထားပြီး လောလောဆယ်တွင် NAFED က မဟာသျှတ္တရာ ပြည်နယ်တွင် ပဲတီစိမ်းနှင့် မတ်ပဲတို့ကို ဝယ်ယူလျက်ရှိသည်။ ပြည်နယ်အတွင်းရှိ တောင်သူများထံမှ မတ်ပဲတန်ချိန် ၁၁၂၅၀ နှင့် ပဲတီစိမ်း တန်ချိန် ၅၅၅၀၀ ဝယ်ယူရန် သမဝါယမများကို ညွှန်ကြားထားသည်။ မဒ္ဒယာပရာဒေ့ရှ်တွင်မူ NAFED က မတ်ပဲတန်ချိန် ၁၁၂၅၀ နှင့် ပဲတီစိမ်း တန်ချိန် ၅၅၅၀၀ ဝယ်ယူမည်ဖြစ်သည်။

## ပဲမျိုးစုံဈေးနှုန်း

မကြာသေးမီက ဈေးနှုန်းများ ပြန်လည်ဦးမော့လာခဲ့သော်လည်း လက်လီရောင်းချရေးလုပ်ငန်းများတွင် ဝယ်လိုအား ကျဆင်းလျက် ရှိသဖြင့် ဈေးနှုန်းဆက်လက်မြင့်တက်လာမည့် အလားအလာ မရှိသေးသည်ကို တွေ့ရသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုခွန်နှင့် ပတ်သက်သော စည်းမျဉ်း ဥပဒေများနှင့်ပတ်သက်ပြီး မသေချာမှုများကြောင့် ကုန်သည်များက အလုံးအရင်းဖြင့် ဝယ်ယူမှု မရှိသေးသည်ကို တွေ့ရသည်။ ကုန်ပစ္စည်း လက်ကျန်များ များပြားနေခြင်းကလည်း ဈေးကွက်အတွက် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေသဖြင့် ကာလလတ်တွင်လည်း ပဲဈေးနှုန်းများ တစ်ဟုန်ထိုး မြင့်တက်လာမည့် အခြေအနေ မရှိပေ။ သွင်းကုန်များမှာလည်း စီးဝင်လျက်ရှိပြီး သွင်းကုန်လုပ်ငန်းရှင်များ ကုန်ပစ္စည်းများကို လျှော့ဈေးဖြင့် ထုတ်ရောင်းလျက်ရှိသည်။

## ပြည်ပမှ တင်သွင်းလာသောပဲများ၏ ဈေးနှုန်း

နာဗာရှိဗာဆိပ်ကမ်းတွင် ဆူဒန်ပဲစင်းငုံဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၅၅ နှုန်းရှိသည်။ ဇူလိုင်နှင့် ဩဂုတ်အတွက် ချုပ်ဆိုသော ဩစတြေးလျ ကုလားပဲ(DESI)မှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၉၀ နှင့် ၈၉၅ နှုန်း အသီးသီးရှိသည်။ ဒီဇင်ဘာအတွက် ချုပ်ဆိုသော ပဲအသစ်ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၇၀ ရှိသည်။ ဩစတြေးလျမှလာသော ပဲတီစိမ်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၃၀ နှုန်းနှင့် ပဲဝါလေးခွဲခြမ်း၏ ဇူလိုင်အတွက် ကြိုရောင်းဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၄၅ နှုန်းရှိသည်။ ကနေဒါ ပဲနီလေးခွဲခြမ်းက တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၃၀ နှုန်းရှိသည်။

မြန်မာမတ်ပဲ FAQ ၏ ပေါက်ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၁၈ နှင့် SQ မှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၃၈ နှုန်း ရှိသည်။ ပဲမျိုးစုံဈေးကွက်တစ်ခုလုံးကို ခြုံကြည့်မည်ဆိုပါက ဈေးနှုန်းများ ကျဆင်းလျက်ရှိသည်။

## အပြည်ပြည်ဆိုင်ရာ ဈေးကွက်

ဇွန် ၁၁ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ကနေဒါနိုင်ငံ၏ ပဲလုံးတင်ပို့မှုမှာ တန်ချိန် ၆၀၀ သာရှိခဲ့သည်။ သို့သော် သီးနှံရာသီအတွင်း ယနေ့အချိန်ထိ တန်ချိန် ၁၀ သန်း ပိုမိုတင်ပို့လျက်ရှိသည်။ ၂၀၁၆-၁၇ ခုနှစ် သီးနှံ ရာသီအတွင်း ယနေ့အချိန်ထိ ကနေဒါနိုင်ငံက တင်ပို့ခဲ့သော ပဲလုံးတန်ချိန်မှာ ၃၂ ဒသမ ၃၅ သိန်းရှိခဲ့သည်။ ယခုနှစ် သီးနှံရာသီ ကုန်ဆုံးချိန်တွင် ပဲလုံးတန်ချိန် ၃၈ သိန်းအထိ တင်ပို့လိမ့်မည်ဟု ကနေဒါ လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာ စားနပ်ရိက္ခာအဖွဲ့က ခန့်မှန်းထားသည်။ ယခုပမာဏမှာ မေက ခန့်မှန်းခဲ့သော ပမာဏထက် တန်နှစ်သိန်းခန့် ပိုမိုခန့်မှန်းခဲ့ခြင်းဖြစ်ပြီး ယခင်နှစ် သီးနှံရာသီက တင်ပို့မှုမှာ တန်ချိန် ၂၆ သိန်းရှိခဲ့သည်။

ကမ္ဘာ့ဈေးကွက်တွင် ပဲနီလေးဈေးထပ်မံ ကျဆင်းသည့်အတွက် ကနေဒါနိုင်ငံတွင် ပဲနီလေးစိုက်ပျိုးမှု ကျဆင်းမည်ဟု ခန့်မှန်းခဲ့သော်လည်း ပဲနီလေးကို အဓိက ထုတ်လုပ်ပြီး တင်ပို့လျက်ရှိသော ကနေဒါ နိုင်ငံတွင် စိုက်ဧရိယာ တိုးတက်လာမည့် အလားအလာကို တွေ့မြင်နေရသည်။ အမေရိကန် ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဌာန၏ ခန့်မှန်းချက်အရ ယခင်နှစ်က စိုက်ဧရိယာ ဧက ၉၃၃၀၀၀ ရှိရာမှ ၂၀၁၇ ခုနှစ်တွင် ဧက ၁၀၅၅၀၀၀ အထိမြင့်တက်လာသည့်အတွက် ၁၃ ဒသမ ၀၅ ရာ ခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း သိရသည်။ သို လျှောင်လက်ကျန်မြင့်မားမှုနှင့် အိန္ဒိယနိုင်ငံမှ ဝယ်လိုအား မြင့်မားမှုကြောင့် ကနေဒါပဲနီလေးဈေးများ ကျဆင်းခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ ကုလားပဲစိုက်ဧရိယာမှာ ယခင်နှစ်က ဟက်တာ ၁၀ ဒသမ ၆၉ သိန်းစိုက်ပျိုးခဲ့ရာမှ ၂ ဒသမ ၉၉ ရာခိုင်နှုန်း ပိုမိုမြင့်တက်ပြီး ယခုနှစ်တွင် ၁၁ သိန်း ရှိမည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း ရာသီဥတု ဆိုးရွားမှုကြောင့် အထွက်နှုန်းမှာ ယခင်နှစ်က တန်ချိန် ၁၄ ဒသမ ၁၆ သိန်းရှိခဲ့သည်။ ယခင်နှစ်ကမူ တစ်နှစ်ပတ်လုံး ရာသီဥတု ကောင်းမွန်မှုကြောင့် ဩစတြေးလျ၏ ကုလားပဲ ထွက်နှုန်းကောင်းမွန်ခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ ပဲနီလေး စိုက်ဧရိယာမှာ ၂၀၁၇-၁၈ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်း မြင့်တက်ပြီး ဟက်တာ ၃ ဒသမ ၈၅ သိန်း ရှိခဲ့သည်။ သို့သော်လည်း ယခင်နှစ်က ပဲနီလေး ထွက်ရှိမှုမှာ တန်ချိန် ၈၃၀ ရှိခဲ့ရာမှ ယခုနှစ်တွင် ၅ ဒသမ ၃၀ သိန်း ကျဆင်းမည်ဟု ခန့်မှန်းထားသည်။ ယခုနှစ်တွင် ရာသီဥတုအခြေအနေမှာ ဆိုးရွားနေဆဲဖြစ်ရာ ထပ်မံကျဆင်းမည့် အလားအလာကို တွေ့မြင်နေရသည်။

# ဝယ်လိုအား မြင့်တက်သဖြင့် အိန္ဒိယနိုင်ငံတွင် နနွင်းဈေးနှုန်းများမြင့်တက်

၂၀၁၆-၁၇ ခုနှစ်အတွင်း နနွင်းထွက်ရှိမှုမြင့်မားပြီး ယခင်နှစ် သိုလှောင်လက်ကျန်လည်း များပြားသည့်အတွက် နနွင်းဈေးနှုန်းများက ကျရိပ်သန်းလျက်ရှိခဲ့သည်။ သို့သော်လည်း ယခုအခါ အိန္ဒိယနိုင်ငံတွင် ပြည်တွင်းသုံး ဝယ်လိုအားနှင့် ပို့ကုန်ဝယ်လိုအားပါ မြင့်တက်လာသည့်အတွက် ဈေးနှုန်းများ ပြန်လည်မြင့်တက်လာတော့မည့် လက္ခဏာများကို ပြသလျက်ရှိသည်။



အိန္ဒိယနိုင်ငံသည် နနွင်း အများဆုံး ထုတ်လုပ်သော နိုင်ငံဖြစ်ပြီး ကမ္ဘာ့ထုတ်လုပ်မှု၏ ၇၅ ရာ ခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်လျက်ရှိသည်။ ယခုနှစ် မေအတွင်းတွင် ဈေးနှုန်းများမှာ အနိမ့်ဆုံးအထိ ကျဆင်းခဲ့သည်။ လွန်ခဲ့သော ရက်သတ္တပတ်များတွင်မူ ပြည်ပသို့ တင်ပို့မှု မြင့်တက်လာခြင်းနှင့် ယခင်နှစ်က အကျိုးအမြတ် နည်းသဖြင့် စိုက်ပျိုးမှု ကျဆင်းခြင်းတို့ကြောင့် ဈေးနှုန်းများက တဖြည်းဖြည်း မြင့်တက်လာသည်ကို တွေ့ရသည်။

ကမ္ဘာ့ဝယ်လိုအား မြင့်တက်မှုအထူးသဖြင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍမှ ဝယ်လိုအားမြင့်တက်မှုကြောင့် ၂၀၁၆-၁၇ ခုနှစ်အတွင်း ပြည်ပသို့ တင်ပို့မှုက တန်ချိန် သုည ဒသမ ၁၁၆ သန်းရှိခဲ့ပြီး ဝင်ငွေအားဖြင့် ရူပီး ၁၂၄၁ ကုဋေရှိခဲ့သည်။

ယခင် စိုက်ပျိုးရာသီကာလအတွင်းက အိန္ဒိယနိုင်ငံတွင် သိုလှောင်လက်ကျန်များပြား လာခြင်း၊ အိန္ဒိယနိုင်ငံတစ်ဝန်းရှိ တောင်သူများအတွက် အကျိုးအမြတ် နည်းပါးခြင်းတို့ကြောင့် ယခုနှစ်တွင် နနွင်းစိုက်ဧရိယာ ကျဆင်းခဲ့သည်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စုက လာမည့် ရက်သတ္တပတ်တွင် ထုတ်ပြန်မည့် စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများမထုတ်ပြန်မီ ကုန်သည်များက လေ့လာစောင့်ကြည့်နေဆဲဖြစ်သဖြင့် ထွန်းသစ်စငွေကြေးအများစု၏ တန်ဖိုးများမှာ ဇွန် ၂၃ ရက်က အတက်အကျ အနည်းငယ်သာရှိခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံသုံးယွမ်ငွေ၏တန်ဖိုးမှာမူ မတ်လနောက်ပိုင်း အနိမ့်ဆုံးနှုန်းသို့ ကျဆင်းမည့်အလားအလာကို တွေ့မြင်နေရသည်။

လာမည့်ရက်သတ္တပတ်တွင် ထုတ်ပြန်မည့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများတွင် ဇွန်အတွက်စားသုံးသူ ယုံကြည်မှု အညွှန်းကိန်း၊ အိမ်ရာရောင်းချမှုအခြေအနေ၊ ရေနံစိမ်းလက်ကျန် အခြေအနေနှင့် ပြုပြင်ပြီး ပထမသုံးလပတ် ဂျီဒီပီ ခန့်မှန်းချက်စသည်တို့ ပါဝင်သည်။

## တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ယွမ်တန်ဖိုးချ၍ ဖလှယ်နှုန်းကိုသတ်မှတ်မှုနှင့် ကုမ္ပဏီများ၏ အမေရိကန်ဒေါ်လာဝယ်လိုအားမြင့်တက်မှုတို့ကြောင့် ဇွန် ၂၃ ရက်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ယွမ်တန်ဖိုးကျဆင်းခဲ့ရာ သုံးလကျော်ကာလအတွင်း အနိမ့်ဆုံးအခြေအနေသို့ရောက်ရှိခဲ့သည်။

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ်ဖလှယ်နှုန်းအဖြစ် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၂၃၈ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ မေ ၃၁ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့သည်။ ငွေလက်ငင်းဈေးကွက်အဖွင့်တွင် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၃၅၁ ယွမ်နှုန်း ရှိခဲ့ပြီး နေ့လယ်ဘက်တွင် ၆ ဒသမ ၈၄၂၂ ယွမ်နှုန်းအထိ ဒေါ်လာတန်ဖိုး တက်ကာ ယွမ်တန်ဖိုးကျခဲ့သည်။

ဟောင်ကောင်ဈေးကွက်ရှိ Offshore ယွမ်၏ ဖလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၄၄၄ ယွမ်နှုန်းရှိခဲ့သဖြင့် ရှန်ဟဲလက်ငင်းဈေးကွက်ရှိ Onshore ယွမ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၀၃ ရာခိုင်နှုန်း တန်ဖိုး ကျဆင်းခဲ့သည်။

## အိန္ဒိယရူပီး

အိန္ဒိယဘဏ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ပိုမိုရောင်းချလာသည့်အတွက် ရူပီးငွေကြေးတန်ဖိုးမှာ အမေရိကန်တစ်ဒေါ်လာကို ၆၄ ဒသမ ၅၀ ရူပီးနှုန်းရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားများက ပြောသည်။

ဘဏ်အချင်းချင်း ရောင်းဝယ်သောနိုင်ငံခြားငွေဈေးကွက်တွင် ဇွန် ၂၃ ရက်က ရူပီးငွေကြေးတန်ဖိုးသည် သုည ဒသမ ၀၃ ရူပီးမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၄ ဒသမ ၅၆ ရူပီးနှုန်း ရှိခဲ့သည်။

## ဂျပန်ယန်း

ဇွန် ၂၃ ရက်က တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့်ယန်းငွေကြေးဖလှယ်နှုန်းမှာ ၁၁၁ ဒသမ ၅ ယန်းအောက်တွင်သာ ရှိခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ယန်းငွေကြေးဖလှယ်နှုန်းမှာ ဇွန် ၂၂ ရက်ညနေ ၅ နာရီက နယူးယောက်ဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၁ ဒသမ ၂၇ ယန်းနှုန်းနှင့် တိုကျိုဈေးကွက်တွင် ၁၁၁ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ဈေးဖွင့်ချိန်တွင် တိုကျိုဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာကို ၁၁၁ ဒသမ ၃၁ ယန်းနှုန်းရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာ ဇွန် ၂၂ ရက်ညနေက နယူးယောက်ဈေးကွက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၄၇ ဒေါ်လာနှင့် ၁၂၄ ဒသမ ၀၉ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၆၂ နှင့် ၁၂၃ ဒသမ ၉၀ ယန်းနှုန်းဖြင့် လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၅၀ နှင့် ၁၂၄ ဒသမ ၁၁ ယန်းနှုန်းရှိခဲ့သည်။

## မလေးရှားရင်းဂစ်

ရေနံစိမ်းဈေးနှုန်းများကျဆင်းမှုကြောင့် ဇွန် ၂၃ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးသည် ကျဆင်းခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။ အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ငွေကြေးဖလှယ်နှုန်းမှာ ဇွန် ၂၂ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၈၅၅ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ဇွန် ၂၃ ရက် နံနက် ၉ နာရီတွင် အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၂၈၇၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ ဘရင့်ရေနံစိမ်း ဈေးနှုန်းသည် နိုဝင်ဘာနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန် ဒေါ်လာ ၄၅ ဒေါ်လာနှုန်းအောက်ကျဆင်းခဲ့ပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံသူတို့က ဆက်လက်ကျဆင်းမည်ကို စိုးရိမ်လာကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောသည်။ ရေနံဈေးနှုန်းကျဆင်းမှုသည် ဘဏ္ဍာရေးဈေး ကွက်ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း သူကပြောသည်။

သို့သော်လည်း အခြားအဓိကငွေကြေးများနှင့်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့သည်။

## တောင်ကိုရီးယားဝမ်

ငွေကြေးအဖွဲ့အစည်းများက တောင်ကိုရီးယားစတော့ရှယ်ယာများကို အသားတင်ဝယ်ယူသူများဖြစ်သည့်အတွက် ဇွန် ၂၃ ရက်တွင် တောင်ကိုရီးယားစတော့ရှယ်ယာများ၏ စတော့ရှယ်ယာများ မြင့်တက်ခဲ့သည်။ အလားတူပင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ဝမ်ငွေကြေးတန်ဖိုးသည် ယခင်နေ့က ဖလှယ်နှုန်းနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၁၀ ဝမ်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၃၈ ဒသမ ၈၀ ဝမ်နှုန်းရှိခဲ့သည်။

## ထိုင်းဘတ်

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ဇွန် ၂၂ ရက်က အမေရိကန်တစ်ဒေါ်လာကို ၃၃ ဒသမ ၉၇ ဘတ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် အမေရိကန်တစ်ဒေါ်လာကို ၃၃ ဒသမ ၉၈ ဘတ်နှုန်းရှိခဲ့သည့်အတွက် ဘတ်ငွေတန်ဖိုး သုည ဒသမ ၀၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

## အမေရိကန်ဗဟိုဘဏ်ကအတိုးနှုန်းမြှင့်တင်ထားသော်လည်း အာရှဗဟိုဘဏ်များက အတိုးနှုန်းကို ဆက်လက်ထိန်းသိမ်း

အမေရိကန်ဗဟိုဘဏ်က အဓိကအတိုးနှုန်းကို လွန်ခဲ့သောခြောက်လအတွင်း တတိယအကြိမ်အဖြစ် ယခင်ရက်သတ္တပတ်က တိုးမြှင့်ပေးလိုက်သော်လည်း အာရှဗဟိုဘဏ်များကမူ တုံ့ပြန်ခြင်းမရှိခဲ့သည်ကို တွေ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

နယူးဇီလန်၊ တရုတ်(တိုင်ပေ)နှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် အတိုးနှုန်းများကို ဆက်လက်ထိန်းသိမ်းထားမည့်အခြေအနေကို ဇွန် ၂၁ ရက်က တွေ့ရသည်။ အင်ဒိုနီးရှားနှင့်ဂျပန်နိုင်ငံတို့က ယခင်ရက်သတ္တပတ်အတွင်းက ဗဟိုဘဏ်အတိုးနှုန်းကို ဆက်လက်ထိန်းထားသကဲ့သို့ ဩစတြေးလျနှင့်အိန္ဒိယဗဟိုဘဏ်တို့ကမူ ဇွန်လဆန်းပိုင်းကတည်းက ယခင်အတိုင်း ဆက်လက်ထိန်းထားခဲ့ကြသည်။

အမေရိကန်ဗဟိုဘဏ်၏အတိုးနှုန်းကို မတ်လအတွင်းက မြှင့်တင်ခဲ့ချိန်တွင် အမေရိကန်ဗဟိုဘဏ်နည်းတူ မြှင့်တင်ပေးခဲ့သော တရုတ်ဗဟိုဘဏ်ကမူ ယခုတစ်ကြိမ်တွင်မူ အတိုးနှုန်းကိုပြောင်းလဲခြင်းမပြုဘဲ ဆက်လက် ထိန်းသိမ်းခဲ့သည်။

အမေရိကန်ဗဟိုအတိုးနှုန်းကို အမှီပြု၍ပြောင်းလဲလေ့ရှိသော အာရှဗဟိုဘဏ်တို့သည် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ထက် တရုတ်ဗဟိုဘဏ်အပေါ် ပိုမိုအမှီပြုလာသည်ကို တွေ့ရသည်။

၂၀၁၆ ခုနှစ်တွင် အာရှရှိထိပ်တန်းကုန်သွယ်ဖက် ၁၀ နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်မှုသည် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းမဖြစ်မီကရှိ ကုန်သွယ်မှုထက် ၂၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံနှင့် အာရှထိပ်တန်းကိုးနိုင်ငံတို့နှင့် ကုန်သွယ်မှုမှာ အလားတူကာလအတွင်း ၆၀ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ထရီလီယံအထိရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည့် ကိန်းဂဏန်းများအရ သိရသည်။

## အမေရိကန်ဗဟိုဘဏ်၏ ကြံ့ခိုင်မှုစစ်ဆေးချက်ကို အမေရိကန်ပြည်ထောင်စုရှိ ဗဟိုဘဏ်ကြီးများ ရှင်းရှင်းလင်းလင်း အောင်မြင်စွာ ကျော်လွှား

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဘဏ်များ၏ကြံ့ခိုင်မှုကို နှစ်စဉ်စစ်ဆေးလျက်ရှိရာ ယခုနှစ်တွင် အမေရိကန်ပြည်ထောင်စုရှိ အကြီးဆုံးဘဏ် ၃၄ ဘဏ်သည် ပထမအဆင့်တွင် အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဤအချက်ကိုကြည့်ပါက ထိုဘဏ်ကြီးများသည် ပြင်းထန်သော စီးပွားရေးဆုတ်ကပ်ဖြစ်ပွားလာပါက ကြီးကြပ်ထိန်းသိမ်းရေးစည်းမျဉ်းဥပဒေများအရ လိုအပ်သော မတည်ရင်းနှီးငွေကို လုံလောက်စွာထိန်းထားနိုင်မည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဇွန် ၂၂ ရက်က ပြောသည်။

အမေရိကန်ဗဟိုဘဏ်၏ ခန့်မှန်းတွက်ချက်မှုအရ ဂျေပီမော်ဂန် ချေ့စ်အင် ကုမ္ပဏီနှင့် Bank of America Corporation အပါအဝင် ဘဏ်ကြီးများသည် စီးပွားရေး အကျပ်အတည်းနှင့် ကြုံတွေ့ပါက ချေးငွေဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၃၈၃ ဘီလီယံထိ ရောက်ရှိလာနိုင်သည်။ သို့သော်လည်း ဘဏ်များ၏ မတည်ရင်းနှီးငွေအဆင့်မှာ ကြီးကြပ်ရေးအဖွဲ့က ခန့်မှန်းသောလိုအပ်ချက်ထက်များစွာ ကျော်လွန်နေကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ယခင်နှစ်က အဆင့်ထက် သာလွန် ကောင်းမွန်နေသည်ကို တွေ့ရသည်။

"ယခုနှစ်မှာတွေ့ရှိရတဲ့ ရလဒ်အရဆိုပါက အလွန်ပြင်းထန်သော စီးပွားရေး ဆုတ်ကပ် (Recession) နဲ့ ကြုံရသည့်တိုင်အောင် ကျွန်တော်တို့ဘဏ်ကြီးတွေမှာ ငွေကြေးတောင့်တောင့်တင်းတင်းရှိနေမှာဖြစ်ပါတယ်" ဟု ဗဟိုဘဏ်အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုကို ဦးဆောင်သူ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဂျရုမ်းပိုဝဲလ်က ပြောသည်။



# AYAR MYAT PYAY

## Engineering & Construction Service Co., Ltd





## အောက်ဖော်ပြပါ လုပ်ငန်းများကို လူကြီးမင်းတို့ စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါသည်။

» စက်ရုံ၊ အထပ်မြင့်ဟိုတယ်၊ အထပ်မြင့်လူနေအိမ်၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းနှင့် ဌာနဆိုင်ရာ အဆောက်အဦများ၊ ဆိုင်ခန်းများ၊ တည်ဆောက်ခြင်း ( Steel Structure & RCC ) နှင့် General Renovation လုပ်ကိုင်ပေးခြင်း။

» အဆောက်အဦများအား Estimate, Archi-tech, Structure Design Drawing ( 2D, 3D & Sketchup ) ရေးဆွဲတွက်ချက်ပေးခြင်း။

» အဆောက်အဦမျိုးစုံအား P.A.E (ပုတ်ပြတ်စနစ်ဖြင့် ဆောက်လုပ်ပေးခြင်း)။

» Labour ကန်ထရိုက်/ ကြီးကြပ်ခတို့ဖြင့် ဆောက်လုပ်ပေးခြင်း။

» M & E လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။

» Survey လုပ်ငန်းများကို မြန်ဆန်တိကျစွာ ဆောင်ရွက်ပေးခြင်း။







































Contect Us: Bld No.Da-91, Dau Noe Kuu Quarter, Dau Noe Kuu Street, Loikaw Township, Kayah State.
Fax: 95-083-240040, Tel; 083240040, 09-8614179, 09-5108530, Email: amp8614179@gmail.com, Website: www.ampengg.com


ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
Tel: +959 730 971 36, +959 730 971 37

COMMERCE
INTERNATIONAL

## ထိုင်းနိုင်ငံ၏ နည်းပညာဆိုင်ရာအကူးအပြောင်းတွင် လေ့ကျင့်ရေး သင်တန်းများက အရေးပါ

အာဆီယံဒေသ၏ ဒစ်ဂျစ်တယ် ဗဟိုအချက်အချာဒေသအဖြစ် ရောက်ရှိအောင် ထိုင်းနိုင်ငံက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ Artificial Intelligence, Machine Learning၊ ရိုဘော့နည်းပညာနှင့် Internet of Things စသည်တို့ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသော အဆင့်မြင့်နည်းပညာကို အကောင်အထည်ဖော်ရာ တွင် အိုင်တီဘွဲ့ရများရရှိအောင် အစိုးရက ဆောင်ရွက်ပေးရန်လိုကြောင်း ဇွန် ၂၃ ရက်ကကျင်းပသည့် ပညာရှင်အဖွဲ့၏ ဆွေးနွေးခန်းတွင် ပြော ကြားချက်များကို ကိုးကား၍ နေးရှင်းသတင်းတွင် ဖော်ပြသည်။ ထိုင်းနိုင်ငံ၏ နည်းပညာမူဝါဒပြောင်းလဲရေးဖြစ်သော Thailand 4.0 Technology Policy မူဝါဒတွင် ထိုင်းနိုင်ငံ ဒစ်ဂျစ်တယ်ဥယျာဉ် (Digital Park Thailand) အစီအစဉ်ကို ထည့်သွင်းရေးဆွဲထားခြင်းမှာ အလားအလာကောင်းသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သော်လည်း ဤသို့ထည့်သွင်းဆောင်ရွက်ရုံဖြင့် လုံလောက်မှုမရှိသေးကြောင်း ပညာရှင်အဖွဲ့၏ ဆွေးနွေးပွဲတွင် ပါဝင်သူအချို့ကပြောသည်။

ယခုနှီးနှောဖလှယ်ပွဲ၏ ခေါင်းစဉ်မှာ " EEC: The driving Force for Thailand towards CLMV Leading Thailand to become a hub of Digital Asean" ဟူ၍ဖြစ်ပြီး နေရှင်းတီဗွီက တာဝန်ယူကျင်းပသော အခမ်းအနားဖြစ်သည်။ နှီးနှောဖလှယ်ပွဲ၏ရည်ရွယ်ချက်မှာ အဆိုပြုထားသော အရှေ့ဘက်စီးပွားရေးစကြံ (EEC) ၏စီးပွားရေးဆိုင်ရာအလားအလာများကို လေ့လာစူးစမ်းပြီး ဒေသခွဲအတွင်းပါဝင်သော နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) တို့၏ အခြေအနေကို တိုးမြှင့်နိုင်ရေးအတွက် ကုန်သွယ်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ တည်နေရာ အနေအထားအရ အာဆီယံမြောက်ပိုင်း ဒေသသို့မဟုတ် CLMV အုပ်စု၏ ဗဟိုအချက်အချာဒေသဖြစ်နိုင်ရန် ကောင်းမွန်သော အနေအထားရှိကြောင်း ဆွေးနွေးပွဲတွင် ပါဝင်သူတို့က ပြောကြားခဲ့ပြီး အာဆီယံဒေသတစ်ခုလုံး၏ ဗဟိုအချက်အချာဒေသအဖြစ် ရောက်ရှိရန်အတွက် ထိုင်းနိုင်ငံတွင် ဆောင်ရွက်စရာ အများအပြားရှိကြောင်း ဆွေးနွေးပွဲတွင် ပါဝင်သူအချို့က တင်ပြကြသည်။ လုပ်သားကျွမ်းကျင်မှု၊ အခြေခံအဆောက်အအုံနှင့် ဥပဒေနှင့် နည်းဥပဒေနယ်ပယ်များမှာ အရေးယူဆောင်ရွက်ရန် လိုအပ်သောနယ်ပယ်များဖြစ်ကြောင်းလည်း ပညာရှင်တို့က ဝေဖန်ထောက်ပြကြသည်။

အစိုးရသည်မှန်ကန်သော နည်းပညာများကို ရွေးချယ်ပြီး ထိုနည်းပညာများကို အလေးပေးဆောင်ရွက်သင့်ကြောင်း အထူးသဖြင့် ထိုနယ်ပယ်များတွင် လိုအပ်နေသူတို့၏ ကျွမ်းကျင်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်း IMC Institute ၏ ညွှန်ကြားရေးမှူး သာနာချတ်နွမ်နွမ်ဒိုကပြောသည်။

Thailand 4.0 မူဝါဒသည် ထိုင်း နိုင်ငံ၏ စက်မှုအခြေခံကိုမြှင့်တင်ပေးမည့် စီမံကိန်းဖြစ်သည့်အတွက် လုပ် သင့်လုပ်ထိုက်သော စီမံကိန်းဖြစ်ကြောင်း၊ သို့သော်လည်း အစိုးရသည် လူသားအရင်းအမြစ်၊ ဥပဒေနှင့် နည်းပညာဥပဒေများကို အလေးပေးဆောင်ရွက်သင့်ကြောင်း သူကပြောသည်။

# စင်ကာပူနိုင်ငံတွင် လစာအမြင့်ဆုံးနေရာများ၌ ငွေကြေးဆိုင်ရာ ရာထူးများက လွှမ်းမိုးလျက်ရှိ



ဗြိတိသျှနိုင်ငံမှ စစ်တမ်းကောက်ယူရေး အဖွဲ့တစ်ဖွဲ့ဖြစ်သည့် အီကောနော်မစ်က နိုင်ငံပေါင်း ၁၃ဝ ကျော်ကို ကောက်ယူထားသော စစ်တမ်းအရ စင်ကာပူနိုင်ငံသည် နေထိုင်စရိတ်အကြီးမားဆုံးနိုင်ငံများတွင် ထိပ်ဆုံးက ပါဝင်နေဆဲဖြစ်ကြောင်း အက်စ်ဘီအာအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ထိုကဲ့သို့ နေထိုင်စရိတ်ကြီးမားသော နိုင်ငံ တစ်နိုင်ငံအဖြစ် တည်ရှိနေသော်လည်း ကုန်စည်များအတွက် သုံးစွဲရာတွင် မြင့်တက်လျက်ရှိနေသော ကုန်ကျစရိတ်ကို ရရှိနိုင်ရေးအတွက် အလုပ်အကိုင် ရှာဖွေသူများသည် စင်ကာပူတွင် လစာကောင်းကောင်းရသော အလုပ်အကိုင်ကိုရရှိနိုင်စေရန် အသည်းအသန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံတွင် လစာအမြင့်ဆုံးရရှိသော အလုပ်အကိုင်များမှာ ငွေကြေးကဏ္ဍတွင်ရှိ သည်။ ဥပမာအားဖြင့် ငွေစာရင်းထိန်းသိမ်းကွပ်ကဲမှုလုပ်ငန်းကို ဆောင်ရွက်သူ Finance Controller ရာထူးများနှင့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေမူဝါဒများကို ဆောင်ရွက်ရသော Compliance Manager ရာထူးများသည် လစာကောင်းသော ရာထူးများဖြစ်ကြသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် A သုံးလုံး အဆင့်တွင် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး ထိုသို့တည်ရှိနေသော အခြေအနေက ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေသူတို့၏ လစာ မြင့်တက်ရေးအတွက် အထောက်အကူပေးသော အကြောင်းတရားတစ်ခုဖြစ်ကြောင်း Cash Mart Singapore ၏ ချေးငွေ စိစစ်ရေးအရာရှိ ဝီလျံလီက ပြောသည်။

"စင်ကာပူနိုင်ငံ အတွင်းမှာ ဘဏ် ၂ဝဝ ကျော်က ဌာနချုပ်ရုံးတွေ ဖွင့်လှစ်ထားပါတယ်။ သူတို့ရဲ့ စုစုပေါင်း အက်ဆက်ခန့်မှန်းခြေက အမေရိကန်ဒေါ်လာ အနည်းဆုံး နှစ်ထရီလီယံရှိပါတယ်။ ဒီအခြေအနေမျိုးကြောင့် စင်ကာပူနိုင်ငံကို ဘဏ္ဍာရေး ဗဟိုအချက်အချာအဖြစ်ကို ရောက်ရှိစေပြီး ကမ္ဘာ့ဘဏ္ဍာရေးစင်တာများ အညွှန်းကိန်းမှာ တတိယနေရာကို ရောက်ရှိစေခဲ့ပါတယ်"ဟု သူကပြောသည်။

ထို့ပြင် အာရှပစိဖိတ်ဒေသမှာ စင်ကာပူနိုင်ငံကို ဘဏ္ဍာရေးနည်းပညာ ဗဟိုအချက်အချာ ဒေသတစ်ခုဖြစ်လာအောင် စင်ကာပူအစိုးရက အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိရာ စင်ကာပူဗဟိုဘဏ်က ဘဏ္ဍာရေးနည်းပညာ (Fintech) လုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂ဝဝ ကျော်ကို ခွဲဝေလျာထားပေးထားသည်။ Fintech Developer အဖြစ် ဆောင်ရွက်နေသူများမှာလည်း လစာကောင်းကောင်း ရရှိသူများ ဖြစ်ကြသည်။

ဘဏ္ဍာရေး ပညာရှင်များအတွက် ဖြည့်ဆည်းရန် လိုအပ်ချက်များမှာ အများအပြား ရှိနေဦးမည်ဖြစ်သော်လည်း လျှောက်ထားသူဦးရေ နည်းပါးသဖြင့် ဤလုပ်ငန်းရာထူးများကို ဖြည့်ဆည်းပေးရန်အတွက် စိန်ခေါ်မှုများ ရှိနေဦးမည်ဖြစ်ကြောင်း လီက ပြောသည်။

## တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းနည်းပညာတက္ကသိုလ်က အပြည်ပြည်ဆိုင်ရာမှ ထူးချွန်ကျောင်းသားများကိုဆွဲဆောင်

တောင်ကိုရီးယားနိုင်ငံရှိ ထိပ်တန်းအင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်များတွင် ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သော ကိုရီးယားခေတ်မီသိပ္ပံပညာနှင့် နည်းပညာတက္ကသိုလ် (Korea Advanced Institute of Science and Technology - KAIST) သည် အပြည်ပြည်ဆိုင်ရာရှိ တက္ကသိုလ်ဆရာများနှင့် ထူးချွန်ကျောင်းသားများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်လျက် အခမ်းအနားတစ်ခုကို ဆိုးလ်မြို့တွင် ဇွန် ၂၃ ရက်က ကျင်းပခဲ့ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ဆိုးလ်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် ဦးဦးဖျားဖျား ကျင်းပသော နိုင်ငံခြားသံတမန်တို့နှင့် တွေ့ဆုံပွဲတွင် တက္ကသိုလ်က ဆောင်ရွက်ထားသော ခေတ်မီနည်းပညာများနှင့် ကျောင်းသားများအား သင်ကြားပေးမည့် ထိပ်တန်းနည်းပညာရပ်များကို ပြသထားသည်။ " KAIST တက္ကသိုလ်၏ သံရုံးများနေ့" (KAIST Embassy Day) အခမ်းအနားသို့ တောင်ကိုရီးယားနိုင်ငံအတွင်းရှိ နိုင်ငံပေါင်း ၆၅ နိုင်ငံ၏သံရုံးများမှ သံတမန် ၉ဝ ကျော် တက်ရောက်ခဲ့ရာ သံအမတ်နှင့် လုပ်ငန်းစည်းရုံးဆောင်ရွက်သူ ၃၁ ဦးပါဝင်သည်။

"KAIST က တောင်ကိုရီးယားနိုင်ငံမှာ ပထမဆုံးသိပ္ပံပညာနှင့်နည်းပညာဆိုင်ရာ တက္ကသိုလ်တစ်ခုဖြစ်ပြီး ထိပ်တန်းတက္ကသိုလ်တစ်ခုလည်း ဖြစ်ပါတယ်။ ယနေ့အချိန်မှာတော့ ကမ္ဘာ့အဆင့်မီ တက္ကသိုလ် တစ်ခုအဖြစ် စည်းရုံးဆောင်ရွက်နေပါပြီ။ သံတမန်ခေါင်းဆောင်တွေ ဒီလိုရောက်ရှိလာတာကို ကြည့်ခြင်းအားဖြင့် KAIST ရဲ့ ဂုဏ်သတင်း ဘယ်လောက် ပျံ့နှံ့နေတယ်ဆိုတာကို ရောင်ပြန်ဟပ်ပြသနေပါတယ်"ဟု KAIST ၏ဥက္ကဋ္ဌလီဆန်ချူးကပြောသည်။

ယခုတွေ့ဆုံပွဲ အခမ်းအနား၏ ရည်ရွယ်ချက်မှာ အရည်အသွေးပြည့်ဝသော ကျောင်းသားများရရှိအောင် ဆောင်ရွက်ပြီး ကမ္ဘာ့ပညာရေးတွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ထပ်မံမြှင့်တင်ပေးရန်ဖြစ်ကြောင်း KAIST က ပြောသည်။

"အခုလက်ရှိအချိန်မှာ နိုင်ငံပေါင်း ၈၆ နိုင်ငံမှ နိုင်ငံခြားကျောင်းသားပေါင်း ၇၁ဝ ဦးက KAIST မှာ ပညာသင်ယူလျက်ရှိနေပါတယ်။ ဒီအရေအတွက်က စုစုပေါင်း ကျောင်းသားဦးရေရဲ့ ရှစ်ရာခိုင်နှုန်းရှိပါတယ်။ ကမ္ဘာ့တက္ကသိုလ်အဆင့်ကို မှန်ကန်စွာတက်လှမ်းနိုင်ဖို့အတွက် လာမယ့်နှစ်တွေမှာ နိုင်ငံခြားပါမောက္ခတွေနဲ့ ကျောင်းသားသစ်တွေ ထပ်မံခေါ်ယူနိုင်ဖို့ ကျွန်တော်တို့ ထိထိရောက်ရောက် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု လီကပြောသည်။

တက္ကသိုလ်၏ ရည်ရွယ်ချက်မှာ နိုင်ငံခြားကျောင်းသားဦးရေ အချိုးအစားကို လက်ရှိ ရှစ်ရာခိုင်နှုန်းမှ ၂ဝ၂ဝ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းအထိ တိုး မြှင့်ပြီး အပြည်ပြည်ဆိုင်ရာမှ တက္ကသိုလ်ဆရာဦးရေကို ၁၂ ရာခိုင်နှုန်းအထိ မြှင့်တင်သွားမည်ဖြစ်ကြောင်း KAIST က ပြောသည်။

၎င်းတက္ကသိုလ်ကို ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစပြီး တောင်ကိုရီးယားနိုင်ငံတွင် ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် အဆင့်အတန်းမြင့်စွာရပ်တည်ခဲ့သည်။ ၂ဝ၁၆ ခုနှစ်တွင် KAIST သည် ကမ္ဘာ့တီထွင်ဆန်းသစ်မှုအရှိဆုံး တက္ကသိုလ် ၁ဝဝ စာရင်းတွင် နံပါတ် (၆) နေရာသို့ရောက်ရှိပြီး အာရှတိုက်ရှိတီထွင်ဆန်းသစ်မှု အရှိဆုံးတက္ကသိုလ်စာရင်းတွင် ထိပ်ဆုံးမှပါဝင်ခဲ့သည်။

ယခုအခမ်းအနားသည် KAIST မှ အရာရှိများက တက္ကသိုလ်၏ ပညာရေးစနစ်၊ ပညာရေးဆိုင်ရာ စွမ်းဆောင်မှုများနှင့် ပညာသင်ဆုအစီအစဉ်များနှင့် ကမ္ဘာ့တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းချက်များကို မိတ်ဆက်တင်ပြခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်